# ဒီမိုကရက်တစ်မြန်မာ့အသံ
# နိုင်ငံရေးအကျဉ်းသားများသတင်း
## စက်တင်ဘာ – ၂၀၀၇


ကပ ၈၈–အလုပ်သမားခေါင်းဆောင် ဦးဇော်ညွန့်ပျောက်ဆုံးနေ ၁ ၊ စက်တင်ဘာ ၊ ၂၀၀၇

စကုမြို့တွင် အဖမ်းခံရသူ အဖွဲ့ချုပ် လူငယ် (၁၅) ဦးလုံး ပြန်လည်လွတ်မြောက် ၁ ၊ စက်တင်ဘာ ၊ ၂၀၀၇

ဒီမိုကရေစီ လှုပ်ရှားသူများ၏ နေအိမ်များကို ညအချိန်မတော် ရှာဖွေမှုများ ဆက်လုပ် ၁ ၊ စက်တဘာ ၊ ၂၀၀၇

ရှမ်းပြည်နယ် ရပ်စောက်တွင် အဖမ်းခံရသည့် ညောင်တုန်း ကိုထွန်းထွန်း ပျောက်ဆုံး ၂ ၊ စက်တင်ဘာ ၊ ၂၀၀၇

(၄) လအရွယ် သမီးငယ်ကိုခွဲခွာပြီး တိမ်းရှောင်နေရသည့် မနီလာသိန်းနှင့် ဆက်သွယ်မေးမြန်းချက် ၂ ၊ စက်တင်ဘာ ၊ ၂၀၀၇

ဘူးသီးတောင်တွင် တကိုယ်တော်ဆန္ဒပြမှု ဖြစ်ပွား ၂ ၊ စက်တင်ဘာ ၊ ၂၀၀၇

ပခုက္ကူတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦး ဦးဆောင်သည့် ဆန္ဒပြပွဲဖြစ်ပွား ၃ ၊ စက်တင်ဘာ ၊ ၂၀၀၇

လပွတ္တာတွင် ပြည်သူတထောင်ခန့် ပါဝင်သည့် ငြိမ်းချမ်းစွာဆန္ဒပြပွဲ ဖြစ်ပွား ၃ ၊ စက်တင်ဘာ ၊ ၂၀၀၇

လပွတ္တာ၌ ဖမ်းခံနေရသူ (၅) ဦးရှိ ၀၄ ၊ စက်တင်ဘာ ၊ ၂၀၀၇

ဘုရားပေါ် ဝတ်ပြုဆုတောင်းသူတဦးကို ဘုရားလုံခြုံရေး ရဲတွေက ဖမ်းဆီး ၄ ၊ စက်တင်ဘာ ၊ ၂၀၀၇

ပခုက္ကူ သံဃာတော်များဆန္ဒပြပွဲကို စစ်တပ်က ပစ်ခတ်နှိမ်နင်း ၅ ၊ စက်တင်ဘာ ၊ ၂၀၀၇

ပခုက္ကူမြို့၌ ရိုက်နှက် ဖမ်းဆီး လူဝတ်လဲ ခံခဲ့ရသူ သံဃာတော်နဲ့ မေးမြန်းချက် ၀၆ ၊ စက်တင်ဘာ ၊ ၂၀၀၇

ဘိုလေးဆန္ဒပြဟောပြောပွဲကြောင့် (၂) ဦးထပ်အဖမ်းခံရ၊ အဖမ်းခံရသူ (၄) ဦးရှိပြီ ၆၊ အောက်တိုဘာ၊ ၂၀၀၇

ဝတ်ပြုဆုတောင်းနေစဉ် အဖမ်းခံသွားရသူ ဒေါ်မြမြစန်း ပြန်လွတ်မြောက် အာက်တိုဘာ၊ ၂၀၀၇

လောင်စာဆီဈေးနှုန်းကျဆင်းရေးအတွက်ဆန္ဒပြသူ ကိုအိုးဝေပြန်လွတ်မြောက် ၇၊ အောက်တိုဘာ၊ ၂၀၀၇

ဆန္ဒပြပွဲခေါင်းဆောင်မယ်လို့ ယူဆခံရသူတွေကို ဖမ်းဆီး ၇၊ အောက်တိုဘာ၊ ၂၀၀၇

မေဒေးနေ့အမှု တသက်တကျွန်းပြစ်ဒဏ်ချမှတ် ၇၊ အောက်တိုဘာ၊ ၂၀၀၇

ပခုက္ကူမြို့နဲ့ ရောဝတီတိုင်းရှိ မြို့များမှာ အဖွဲ့ချုပ်ဝင်များကို တိုးမြှင့်ဖမ်းဆီးနေ ၁၀၊ အောက်တိုဘာလ ၂၀၀၇

ဒေါပုံမြို့နယ် အဖွဲ့ချုပ်ဝင်များ ယနေ့ လမ်းလျှောက် ဆန္ဒပြပွဲ ပြုလုပ် ၈ ၊ စက်တင်ဘာ ၊ ၂၀၀၇

ဝါးခယ်မ အဖွဲ့ချုပ်ဝင်တွေ ဖမ်းဆီးခံရ၊ အဖမ်းအဆီးများ ဆက်တိုက်ဖြစ်နေ ၉၊ အောက်တိုဘာလ ၂၀၀၇

ထိန်းသိမ်းခံနေရသူများ စားဝတ်နေရေး အခက်တွေ ၁၁၊ စက်တင်ဘာ ၊ ၂၀၀၇

ဦးသန်းလွင်၏သားသမီးများနှင့် မတ္တရာအဖွဲ့ဝင်များအား စွဲချက်တင် ၁၁ ၊ စက်တင်ဘာ ၊ ၂၀၀၇

တကိုယ်တော် ဆန္ဒပြသမားကို ချက်ချင်း ထောင်ဒဏ်ပေး ၁၂ ၊ စက်တင်ဘာ ၊ ၂၀၀၇

သံလက်သီးအမတွေ့ နေ့စဉ် စစ်ဆေးမည် ၁၃ ၊ စက်တင်ဘာ ၊ ၂၀၀၇

ဝါးခယ်မမြို့မှာ သံဃာတော်နဲ့ ဒကာဒကာမများကို နှောက်ယှက်ခြိမ်းခြောက် ၁၄၊ စက်တင်ဘာ၊ ၂၀၀၇

မကွေးတိုင်း ချောက်မြို့မှာ သံဃာ့ ဆန္ဒပြပွဲ ဖြစ်ပွား ၁၆ ၊ စက်တင်ဘာ ၊ ၂၀၀၇

မကွေးတိုင်း ချောက်မြို့မှာ သံဃာ့ ဆန္ဒပြပွဲ ဖြစ်ပွား ၁၆ ၊ စက်တင်ဘာ ၊ ၂၀၀၇

ကျောက်ပန်းတောင်းမှာ သံဃာ (၇၀၀) ကြွချီဆန္ဒပြ၊ ထောင်နဲ့ချီတဲ့ ပြည်သူများ ဝတ်ပြုထောက်ခံ ၁၇၊ စက်တင်ဘာ ၊ ၂၀၀၇

တောင်ကြီးမြို့က လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူတဦး ဖမ်းဆီးခံရ ၁၇၊ စက်တင်ဘာလ၊ ၂၀၀၇

စစ်တွေ သံဃာတော်များဆန္ဒပြပွဲ လုံထိန်းရဲက မျက်ရည်ယိုဗုံးပစ်၊ သေနတ်ဖောက်ဖြိုခွင်း ၁၈ ၊ စက်တင်ဘာ၊ ၂၀၀၇

စော်ကားထားတာကို မတောင်းပန်ရုံမက သံဃာတော်ကို ထပ်မံရိုက်နှက်မှုဖြစ်ပွား ၂၀ ၊ စက်တင်ဘာ၊ ၂၀၀၇

လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် (၁၀) ဦးကို စစ်အစိုးရက ဖမ်းဆီး ၂၈၊စက်တင်ဘာ၊ ၂၀၀၇

မန္တလေး သံဃာတွေကို ဖမ်းဆီး မောင်တူး၊ ၂၈ စက်တင်ဘာ ၂၀၀၇

ဖမ်းဆီးထားသည့် သံဃာတော်များကို သိက္ခာချလူဝတ်လဲဖို့ အဓမ္မစီစဉ် ၂၉ စက်တင်ဘာ ၂၀၀၇

## ကပ ၈၈–အလုပ်သမားခေါင်းဆောင် ဦးဇော်ညွန့်ပျောက်ဆုံးနေ

*၁ ၊ စက်တင်ဘာ ၊ ၂၀၀၇*

ကိုထင်ကျော်နှင့်အတူ သိမ်ကြီးဈေး ဆန္ဒပြပွဲတွင်အဖမ်းခံရသည့် ဦးဇော်ညွန့် ခေါ် အာကာဟိန်း ဘယ်ရောက်နေမှန်းမသိရ၍ မိသားစုဝင်များ စိတ်ပူနေကြပါသည်။ ယခု လတ်တလော ဖမ်းဆီးခံထားရသည့် ဦးဇော်ညွန့်သည်ရှစ်လေးလုံး လူထုအရေးတော်ပုံကြီးတွင် ရှေ့တန်းမှ ပါဝင်ခဲ့သည့်တဦးဖြစ်ပြီး အလုပ်သမား သွေးစည်းညီညွတ်ရေး အဖွဲ့အား ဦးစီးတည်ထောင်ခဲ့သူလည်း ဖြစ်ပါသည်။ ကိုထင်ကျော်ကို အာဏာပိုင်များနှင့် စွမ်းအားရှင်အဖွဲ့မှ မတရားအကြမ်းဖက် ဖမ်းဆီးခြင်းကို လက်ပိုက်မကြည့်ခဲ့ပဲ ဝင်ရောက်တားဆီးခဲ့သည့်အတွက် အာဏာပိုင်တွေ၏ ထိုးကြိတ်ဖမ်းဆီးသွားတခြင်းကို ခံခဲ့ရသူ ဖြစ်ပါတယ်။ ဦးဇော်ညွန့်၏ မိသားစုများမှ မနေ့က ကျိုက္ကဆံ စစ်ကြောရေးစခန်းကို သွားရောက်မေးမြန်းသော်လည်း

"ဦးဇော်ညွန့်နာမည်နဲ့ လူလဲမရှိဘူး။ သိလဲမသိဘူး"

ဆိုပြီး အာဏာပိုင်များမှ ပြန်ဖြေခဲ့ပါသည်။ ယခုလိုအခြေအနေတွင် ဦးဇော်ညွန့်၏အသက်အန္တရာယ်အတွက် စိုးရိမ်စရာဖြစ်နေပြီဟု မိသားစုများနှင့်နီးစပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များမှ ပြောပြသည်။

"သူဟာ သာမန် အလုပ်သမားရဲဘော်တဦး မဟုတ်ဘူး။ စစ်တပ်ဖက်ကနေပြီးတော့ ဝင်ရောက်တဲ့သူ ဖြစ်တဲ့အတွက်ကြောင့် ကျနော်သူကို အထူးပဲ ပိုပြီးတော့ စိုးရိမ်မိတယ်ပေါ့ဗျာ။ ဘာကြောင့်လဲ ဆိုတော့ အဖြိုးနဲ့ လုပ်တယ်ဆိုတော့ ကျနော်တို့ မော်လမြိုင်ထောင်မှာ နေခဲ့ကြတုန်းက မော်လမြိုင်မှာ ဗိုလ်ကြီးဝင်းဗိုလ် ဆိုတာရှိတယ်။ ဗိုလ်ကြီးဝင်းဗိုလ်ကလဲ အဲဒီလိုပဲ ထောင်ထဲမှာ တင်ပဲ သူ့ကို အဖြိုးနဲ့ ရိုတ်သတ် ပစ်လိုက်တယ်ပေါ့ဗျာ။ ကျနော်တို့မှာ အဲဒါမျိုးတွေ ကျနော်က စိုးရိမ်တယ်ပေါ့ ဗျာ။ အဲဒီအတွက် ကျနော်တို့က နံပတ် (၁) အထူး ကျနော်တို့က သူနဲ့ပတ်သက်ပြီးတော့ စိုးရိမ်တယ်။ "

ဦးဇော်ညွန့်၏ မိတ်ဆွေများ ပြောပြခဲ့ခြင်း ဖြစ်ပါသည်။ (၈၈) အရေးတော်ပုံကာလ နောက်ပိုင်းတွင်လည်း အာဏာပိုင်ဖက်မှ ဦးဇော်ညွန့်ကို မကြာခဏဆိုသလို ခေါ်ယူစစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ ပြီးခဲ့သည့် (၂၀၀၅) ခုနှစ် ဇွန်လ တုန်းကလဲ ဦးဇော်ညွန့်၏ အလုပ်သမား သွေးစည်းညီညွတ်ရေးအဖွဲ့ ခေါင်းဆောင် (၄) ဦးကို နအဖ ထောက်လှမ်းရေးမှ ဖမ်းဆီးခဲ့ပြီး ရန်ကုန်မြို့ ဗုံးပေါက်ခွဲမှုများနှင့် ပတ်သက်ပြီး အကြမ်းဖက်သမားများအဖြစ် စွပ်စွဲရန် ကြိုးစားခဲ့ပါသေးသည်။ သို့သော် သက်သေတစုံတရာ မတွေ့ရသည့်အဆုံး (၂၈) ရက်အကြာမှာတွင် ဦးဇော်ညွန့်တို့ကို ပြန်လွှတ်ပေးခဲ့ပါသည်။ ဦးဇော်ညွန့်တို့ အဖွဲ့ ပြန်လွှတ်ပေးခဲ့ ရခြင်းဖြစ်ပါသည်။ ယခုနောက်ဆုံး ပြီးခဲ့သည့်လ (၂၈) ရက်နေ့က ကိုထင်ကျော်နှင့်အတူ ဦးဇော်ညွန့် ဖမ်းဆီးခံခဲ့ရသည့် ဖြစ်ရပ်အသေးစိပ်ကို သူ၏မိသားစုနှင့် ရင်းနှီးသူများ နှင့် လုပ်ဖော်ကိုင်ဖက် များမှ ယခုလို ပြန်ပြောပြပါသည်။

"အခု ဒီပွဲမှာကြတော့ အန်တယ်ထင်တာတော့လေ။ ဘေးကနေပြီးတော့ ရပ်ကြည့်သွားပြီးတော့ ဒီပွဲကို ကြုံသွားတာနဲ့ တူတယ်။ ကြုံသွားပြီးတော့ မခံမရပ်နိုင် သိပ်ပြီးတော့ ကြမ်းကြမ်းတမ်းတမ်း အရပ်ဆိုးဆိုး သူလိုက်လို့ မင်းမဲ့စရိုက်ဆန်ဆန် ဟိုဘက်က ဆက်ဆံတာကို တွေ့လို့ သူဝင်ပြီးတော့ သတ်ပစ်လိုက်တာလို့ အန်ကယ်က ယူဆတယ်။ "

"ဦးဇော်ညွန့်ဟာ အခု ပါဝင်တဲ့ ကိစ္စမှာသူဘယ်လိုပဲ ပါဝင် ပါဝင်ပေ့ါခင်ဗျာ နော်။ ဘာပဲ ပြောပြော ဓါတ်ဆီဈေး လောင်စာ ဈေးကြီးသည့် အပေါ်တွင် သူသည် ကိုထင်ကျော်တို့ လုပ်တဲ့ အပေါ်မှာ ထောက်ခံနေမယ်။ နောက် ဒီကိစ္စနဲ့ ပတ်သက်လာရင် သူဟာ အလုပ်သမားတွေကလဲ ဒီဈေးကြီးမှုဒဏ်ကို ခံရသလို သူက အရင်တုန်းက အလုပ်သမားခေါင်းဆောင် တဦးဖြစ်တဲ့ အတွက်ကို တတ်နိုင်တဲ့ နေရာက သူဟာ ပါဝင်ပြီးတော့ ဆောင်ရွက်သွားတာ ဖြစ်တယ်ပေ့ါခင်ဗျာ။ သူက ကိုထင်ကျော်ကို ဝင်ဖမ်းတဲ့ ထောက်လှမ်းရေး အကြီးအကဲ တယောက်ကို လက်နဲ့ ကာဆီးကာဆီးလုပ်ပေးတယ်ပေ့ါနော်။ အဲဒီ အတွက် ကိုထင်ကျော်ဟာ နောက်ထပ် နှစ်မိနစ်လောက် ဆန္ဒပြခွင့် ရသွားတယ်။ နော် အဲဒီမှာ သူကို ကြမ်းကြမ်းတမ်းတမ်း ကိုထင်ကျော်ထက်ကို ကြမ်ကြမ်းတမ်းတမ်း သူကို အာဏာပိုင်တွေက နှိပ်ကွက်ပြီးတော့ ကားပေါ်ကို ဆွဲတင်သွားတယ်ပေ့ါဗျာ။ "

"အဲဒါ အခု ဘယ်ရောက်လို့ ရောက်မှန်းမသိဘူးကွဲ့ ။ ဟို သူတို့က သတင်းလဲ မထုတ်ပြန်ဘူး။ အန်ကယ် အခု စုံစမ်းနေတာ ဘယ်မှာ ဟိုဒင်း မဖြစ်ဘူး။ သူဇနီးတွေလဲ သိပုံမရပါဘူး။ အဲ စုံစမ်းလို့ မရတဲ့ အခါကျတော့ သူကို ပြင်းပြင်းထန်ထန်နဲ့ နှိပ်စက်ပြီးတော့ ဟိုဒင်း လုပ်ထားသလား မသိဘူး။ အခုကြားတာ နှစ်ယောက်က မင်္ဂလာတုံစစ်ဆေးရေး စခန်းမှာလို့ ကြားတော့ အဲဒါ မောင်ထင်ကျော်နဲ့ ဦးဇော်ညွန့်များ ဖြစ်နေမလားလို့ ဟို အန်ကယ်တို့ စိတ်ပူနေတာပေ့ါလေ။ အဲဒီကတော့ ထောက်လှမ်းရေး ဟိုတုန်းက နာမည်ကြီး ရေကြည်အိုင်ပေ့ါလေ။ ရေကြည်အိုင် အဲဒီမှာ သိပ်ပြီးတော့ တော်ချာတွေ ဘာတွေပေးပြီးတော့များ စစ်ဆေးနေမလားလို့ "

တပ်မတော် ဗိုလ်ကြီးဟောင်းတဦးလဲဖြစ် (၈၈) အလုပ်သမား အဖွဲ့ခေါင်းဆောင်လဲဖြစ်သည့် ဦးဇော်ညွန့် ဖမ်းဆီးခံထားရပြီး ပျောက်ဆုံးသည့်အပေါ် စိုးရိမ်စရာကောင်းနေကြောင်း လုပ်ဖော်ကိုင်ဖက်များမှ ပြောပြခဲ့ခြင်းဖြစ်ပါသည်။

## စကုမြို့တွင် အဖမ်းခံရသူ အဖွဲ့ချုပ် လူငယ် (၁၅) ဦးလုံး ပြန်လည်လွတ်မြောက်

၁ ၊ စက်တင်ဘာ ၊ ၂၀၀၇

မကွေးတိုင်း စကုမြို့နယ်တွင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် လူငယ် (၁၅) ဦးကို အာဏာပိုင်များမှ ဖမ်းဆီးပြီး ငါးဦးကို ခွဲထုတ် ပြန်လွှတ်ရာ ကျန်ရှိနေသေးသည့် (၁၀) ဦးကိုလဲ အာဏာပိုင်များမှ ပြန်လွှတ်ပေးလိုက်ပြီဟု သိရပါသည်။ စကုမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် လူငယ် ကိုနေမျိုးကျော်၏ နေအိမ်မှာအိပ်ပြီး အဖမ်းဆီးခံရသူများ အထဲက (၁၀) ဦးကို ပွင့်ဖြူမြို့နယ်သို့ ခေါ်ဆောင်လာပြီး မယက ပိုင် လမ်းမတွင်နှစ်ရက် အကျယ်ချုပ် သဘောမျိုး ထိန်းသိမ်းစေပေးခဲ့ပါသည်။ ယခုလ (၂၈) ရက်နေ့မှာတွင် သူတို့အားလုံးကို ပြန်လည်လွှတ်ပေးလိုက်သည်ဟု ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အောင်မိုးညိုမှ ပြောပါသည်။

“သူတို့ကို ကားနဲ့ အဲဒီ ရိုက်ဖို့ နက်ဖို့ လုပ်ဖို့ကြတော့ ရိုက်မယ့် နှက်မယ့် ကောင်တွေက ထွက်လာတာပေါ့ဗျာ။ အဲဒီမှာ ကိုနေမျိုးကျော် အိမ်ကို ဝိုင်းတော့တာ။ အဲဒီတော့ကာ လူတွေကလဲပဲ ပွင့်ဖြူမြို့နယ်က ကောင်လေး ချာတိတ်တယောက် ကလဲ မင်းတို့ဘယ်ကကောင်တွေလဲ မေးတော့ ပွင့်ဖြူကပြောတော့ ဒီမှာ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကိုအောင်ဝင်းက ပွင့်ဖြူ အဖွဲ့တွေ ဒီဖက်လာခဲ့ ဆိုပြီးတော့ အဲဒီ (၁၀) ယောက်ကို ကားနဲ့ တင်ပြီး (၂၆) ရက်နေ့ ညက (၂) နာရီလောက်က ပွင့်ဖြူကို ခေါ်လာခဲ့တာ။ (၂၈) ရက်နေ့ ညကို ပြန်လွှတ်လိုက်တယ်။ (၂၇) ရက် တရက် နဲ့ (၂၈) တရက်လုံးနေရတယ်။ ညကျမှ ပြန်လွှတ်လိုက်တာ ။ လပြည့်နေ့လေ။ မရက ရေးစာမှာ ခေါ်ထားစဉ်ကတော့သူတို့ ကို ဘာကြောင့် လိုက်တာလဲ ။ အဖွဲ့ဝင် ဟုတ်သလား မဟုတ်ဘူးလား။ ဘာတွေ လုပ်မှာလဲ ။ အဲဒါတွေတော့ မြို့နယ်တရားရေးနဲ့ ဥပဒေရေးက မေးတယ်ပြောတယ်ခင်ဗျ။ မြို့နယ် ကော်မရှင်က ။အဲ အဲဒီ (၁၀) ယောက်က ရွာပြန်ရောက်သွားပြီ ခင်ဗျ။ ”

၄င်းတို့သည်ညောင်ပင်စောင့် ကျေးရွာမှ ကိုဒွေးမြင့် ကနီကျေးရွာမှ ကိုသန်းထွန်း ပဒဲရွာမှ ကိုကြည်ဒွေးမောင် ၊ ကိုနေဝင်း ၊ ကိုတင်မောင်ဝင်း ၊ ကိုဇော်မင်းထွန်း ၊ ကိုထွန်းလှိုင် ၊ ကိုဒွေးမြင့် ၊ ကိုတူးနှင့် ကိုသိန်းထွဋ်အောင်တို့ပင် ဖြစ်ပါသည်။ ၄င်းညတွင် အဖမ်းအဆီးခံခဲ့ရသည့် ၄င်းတို့ (၁၅) ဦးသည် ပုံမှန် အဖွဲ့ချုပ် လူငယ်များဆွေးနွေးပွဲတက်ရောက် ရန် စကုမြို့နယ် လူငယ်အဖွဲ့ချုပ် ကိုနေမျိုးကျော်၏ နေအိမ်တွင် (၂၆) နေ့ညက တည်းခိုစဉ် အဖမ်းဆီး ခံခဲ့ကြရခြင်း ဖြစ်ပါသည်။ ၄င်းညမှ ညှော်စာရင်းတိုင်ပေသော်လည်း ရယက မှ ညှော်စာရင်း မပေးခြင်းကြောင့် အိပ်နေကြတုန်း ဝါးရင်းတုတ်ကိုင် လူ (၂၀၀) ခန့်ကို ဒုရဲအုပ် သန်းနိုင်လင်းနှင့် ကြံ့ဖွံ့တပ်များမှ ဦးဆောင်ပြီး (၂၇) ရက် မနက် (၂) နာရီတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ ၄င်းထဲမှ ငါးဦးကို ကားတစီးပေါ် သီးခြား ခွဲထုတ်ပြီး ဝါးရင်းတုတ်ကိုင် လူတစုနှင့် ရဲသားနှစ်ဦး အခြံအရံနှင့် စလင်းမြို့နယ်၏ နယ်မြေအဆုံး ဆူးလေကုန်း ရွာအနီးမှ ဆူးလေချောင်းနားတွင် ချထားပြီး ပြန်လည် လွှတ်ပေးခဲ့ပါသည်။ ပွင့်ဖြူမြို့နယ်တွင် နှစ်ရက်တာ အကျယ်ချုပ်သဘော အထိန်းသိမ်းခံ (၁၀) ဦးထဲမှ တဦး ရေးသားပြီးပေးခဲ့သည့် စာကို ဒေါက်တာ အောင်မိုးညိုမှ ယခုလို ဖတ်ပြပါသည်။

“အဲဒီမှာ ကျနော်ကို ပေးတဲ့ စာလေးက ဘာလဲဆိုတော့။ မိုးသီဟ ခန်းမထဲမှာ ဖမ်းထားတဲ့ (၁၀) ယောက်ကိုတဲ့ စကုမှာ ဖမ်းဆီးတုန်းက တကယ်ကိုမင်းမဲ့ စရိုက်ဖြစ်တယ်တဲ့။ လူ (၂၀၀) လောက်က ဒုတ်တွေ ကိုယ်စီကိုင်ထားပြီး ဝိုင်းထားတယ်။ ဘာလဲ ညာလဲ နဲ့ ရိုက်ဖို့ ဟန်ပြင်နေတယ်တဲ့ ။ နောက် ကားပေါ်ကို စွတ်အတင်း တက်ခိုင်းတယ်။ ပွင့်ဖြူရောက်တော့လဲ သက်ဆိုင်ရာ အိမ်များနဲ့ ဆက်သွယ်မှုမပေးဘူးတဲ့။ မိဘဆွေမျိုးများ ဘယ်ရောက်နေမှန်းလဲ မသိဘဲနဲ့နေကြရတယ်တဲ့။ တကယ်ကို ကလေ ကချေ လုပ်တာဖြစ်တယ်တဲ့။ အဲဒါတွေဟာ လုပ်ကြံပြောနေတာ မဟုတ်ဘူးတဲ့။ ကိုယ်တိုင် ကြုံခဲ့ရတာတွေပါတဲ့။ ဒါဟာ တိုင်းပြည်မှာလူ့အခွင့်အရေး မရှိရုံတင် မကတော့ဘူး။ မင်းမဲ့စရိုက် မင်းမဲ့ ဝါဒကို အုပ်ချုပ်နေသူတိုင်က ကျင့်သုံးတဲ့ပုံ ပေါက်နေပါတယ်တဲ့။ ဒါကို ပြည်သူလူထုသိအောင် မီဒီယာကတဆင့် ပြေပြပေးပါတဲ့။ အဲလို ရေးထားတယ်ခင်ဗျ။ ”

ထိုညတွင် ဝါးရင်းဒုတ် လောက်လေးခွများ ကိုင်ဆောင်ကြရန်နှင့် အမိန့်ရရင် ရိုက်နက်ပစ်ခတ်ရန် လူစုသူများသည် ရယက ကြံ့ဖွံ့ အဖွဲ့ဝင်များ ဖြစ်သည့် အကြောင်းနှင့် တယောက်ကို (၁၀၀၀) နှုန်းပေးကြောင်း အမိန့်ပေးသည် ရိုက်နက်ပစ်ခတ်မှုများ စတင်ရန် မှာထားကြောင်းများကို ဝါးရင်းဒုတ်ကိုင်ပြီးနေစားလိုက်သူများမှ ရပ်ကွက်တွေ ကျေးရွာတွေ အတွင်း ပြောပြနေကြပါသည်။ ၄င်းတို့နှင့် အခြေအနေ တခုအရ မလိုက်ရင် မဖြစ်လို့ လိုက်ရသော်လည်းအဖွဲ့ချုပ်ဝင်ပဲဖြစ်ဖြစ် ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေး တောင်းဆိုသူများပင် ဖြစ်ဖြစ် လောင်စာဆီဈေးကျဆင်းရေး တောင်းဆိုသူများပင် ဖြစ်ဖြစ်

၄င်းတို့၏ တောင်းဆိုချက်များသည် တိုင်းပြည်တွင် တကယ် လိုအပ်နေသည့် တောင်းဆိုချက်များ ဖြစ်သည့် အကြောင်းနှင့် ၄င်းညတွင် အကယ် အမိန့်ပေးလို့ရှိရင်တော့ အမိန့်ပေးသူများကိုသာ ပြန်ရိုက်မည် ဖြစ်သည်ဟု ပွင့်ဖြူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များကို လာရောက် ပြောဆိုပြီး တောင်းပန်ကြသည်ဟုလည်း စုံစမ်းသိရှိရပါသည်။

**အစသို့**

---

## ဒီမိုကရေစီ လှုပ်ရှားသူများ၏ နေအိမ်များကို ညအချိန်မတော် ရှာဖွေမှုများ ဆက်လုပ်

*၁ ၊ စက်တင်ဘာ ၊ ၂၀၀၇*

ဒီမိုကရေစီအရေး လှုပ်ရှားနေသူများ၏အိမ်ကို ည အချိန်မတော် ဝင်ရောက် ရှာဖွေမှုများအား အာဏာပိုင်များမှပိုမိုပြုလုပ်လာနေသည်ဟု သိရပါသည်။ မနေ့ညကပင် သဃ်န်းကျွန်းမြို့မှ အဖွဲ့ချုပ်ဝင် မခင်ထားရီ၏ နေအိမ်ကို အစ်မ ဖြစ်သူ မခင်ထားဦး တဦးတယောက်ထဲရှိနေတုံး အင်အားသုံး ဝင်ရောက် စစ်ဆေးခဲ့သည်ဟု ကာယကံရှင် မခင်ထားဦးမှ ပြောပါသည်။ ၄င်းအခြေအနေကို ပိုမိုသိနိုင်ရန် မခင်ထားဦးကို ဒီဗွီဘီမှ ယခုလို မေးမြန်း ထားပါသည်။

ဒီဗွီဘီ ။ ။ မခင်ထားဦး အိမ်ကိုလေ ညအချိန်မတော် အတင်းဝင်စစ်တဲ့အကြောင်း ပြောပြပါအုံးခင်ဗျာ။

"(၂၅) ရက်နေ့တုန်းကလဲ တခါစစ်ပြီးပြီလေ။ အခုလဲည (၂) နာရီက လာပြီးတော့ သူက ဘယ်လိုစစ်လဲဆိုတော့ ကျမအိမ်မှာ ကျမက တယောက်ထဲ ရှိတယ်လေ။ မောင်နှမတွေကလဲ နယ်တွေမှာ သွားပြီးတော့အလုပ်လုပ် နေကြတော့ ည (၂) နာရီဆိုတော့ မေးကနဲ အိပ်ပျော်သွားတာရှင့် အဲဒါ အစ်မကြီး အစ်မကြီးဆိုတော့လေ မိသားစုဝင်တွေ ခေါ်တဲ့ပုံစံမျိုးသိလား။ အစ်မကြီး အစ်မကြီးဆိုတော့ ခေါ်တော့ ထ ထ တဲ့ ခဏလေး ခဏလေးဆိုတော့ ဩော် ကိုယ့်မောင်လေး ပြန်ရောက်လာပြီပေ့ါ။ အလုပ်ကနေ ဆိုပြီးတော့ လာပြီလာပြီဆိုပြီး တံခါးသွားဖွင့်လိုက်တော့ သူတို့တွေဖြစ်နေတယ်။ ယူနီဖောင်းတွေနဲ့လေ။"

"ယူနီဖောင်းတွေက ဘာယူနီဖောင်းတွေလဲဗျ။ "

"ယူနီဖောင်းတွေ စစ်ယူနီဖောင်းတွေ စစ်သားလဲပါတယ်။ ရဲယူနီဖောင်းလဲပါတယ်။ အရပ်ဝတ်နဲ့ကတော့ သုံးယောက်ပဲရှိတယ်။ (၁၅) ယောက်လောက်က ဧည့်စာရင်း စစ်မလို့တဲ့ ဆိုတော့ ခါးတွေမှာလဲ ပစ္စတိုတွေနဲ့ ယူနီဖောင်းတွေနဲ့ပေ့ါ။ ပစ္စတိုမပါတဲ့လူကကျတော့လဲ နံပါတ်တုတ်တွေလိုမျိုးလေ။ အဲလိုမျိုးတွေ ကိုင်ထားတယ်ရှင်။ ရှာစရာရှိတယ်။ စစ်စရာရှိတယ်ဆိုပြီးတော့ ဝင်ပြီးတော့ ရှာပြီးတော့ ထွက်သွားကြတာ။ ဘယ်လို ပြောရမလဲဆိုတော့ နေရထိုင်ရတာလဲ မိန်းမတယောက်ထဲရှိတော့လေ။ ကိုယ့်ကိုယ်ကိုလဲ မလုံခြုံဘူးလိုမျိုးဖြစ်နေတယ်။ မကာလဲ မကာကွယ်နိုင်ဘူးလို ဖြစ်နေတာပေ့ါရှင့်။ အဲဒါလေ ကျမမှာ သူတို့ထွက်သွားတော့ အသေအချာလေး ဒီအတိုင်းထိုင်နေတုန်း ရှိသေးတယ်။ လမ်းထိပ်က မီးကင်းလေးပေါ်မှာရယ်။ မြက်ခင်းတွေပေါ်မှာရယ်၊ ဝပ်နေတယ်သိလား ကင်းပုန်းဝပ်သလို ရန်သူကို စစ်ဆင်ရေး ရှေ့တန်းမှာ တိုက်သလိုလေ။ အဲဒါ မနက် (၅) နာရီခွဲလောက်မှာ ပြန်သွားကြတာရှင်။"

"မခင်ထားဦးရဲ့ အိမ်ကိုလေ ဘာကြောင့်မို့လို့ ကင်းပုန်းဝပ်ပြီးတော့ စောင့်ကြည့်နေတယ်လို့ ထင်ပါသလဲ ခင်ဗျ။"

"သူတို့ကလေ ဘယ်သူတွေ ဘာလာလဲ ဒီအိမ်က အဝင်အထွက်ကို သူတို့က သိချင်တယ်နဲ့တူတယ်။ တနေ့လုံး ပုန်းပြီးတော့ ဝပ်ပြီးတော့ကို ရန်သူရှာ သလိုကို ရှာတာရှင့်။ ရှေ့တန်းထွက်သလိုမျိုးလေ။ ကျမတို့ ရုပ်ရှင်ကားတွေမှာ ကြည့်ဖူးတယ်မို့လား။ သေနတ်တွေ ခါးကြားထိုးပြီးတော့ နံပါတ်တုတ်ကြီးတွေ ကိုင်ပြီးတော့ လက်နက်နဲ့ ဝင်ပြီးတော့ ဒီလိုမျိုး အနိုင်အထက် လုပ်တယ်လို့ ထင်တာပဲ ကျမတို့ကို မတားခြိမ်းခြောက်ပြီးတော့ အဲလိုမျိုး လုံခြုံမှုမရှိအောင် ခြိမ်းခြောက်တယ်လို့ ကျမကတော့ ထင်တာပဲ။ အိမ်မှာလဲ အိမ်မှာမို့၊ အပြင်သွားရင်လဲ အပြင်သွားလို့ နောက်ကနေ တကောက်ကောက် အဲလိုမျိုးလိုက်နေတော့လေ။ ဘယ်လိုမှလဲ မလုံခြုံဘူးပေ့ါနော်။ အဲလိုမျိုး လူငယ်တွေကလဲ အများကြီးပဲ အဲသလိုမျိုး ထင်ရတယ်ရှင့်။"

"ဟုတ်ကဲ့ မခင်ထားရီကျတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဝင်ပေ့ါနော်။"

"ဟုတ်ကဲ့ရှင့်"

"မခင်ထားရီက အခု ဘယ်မှာလို့ သိရပြီလဲ။"

"အခုသူက ခရီးရက်ရှည်ထွက်နေတော့ ပြန်မရောက်သေးဘူးရှင့်။"

"ဒါဆိုရင် မခင်ထားရီ ပြန်လာပြီဆိုပြီးတော့ ရှာတာရော မဖြစ်နိုင်ဘူးလား။"

"ဟုတ်တယ်၊ ဟုတ်တယ်ရှင့် ဟုတ်တယ်။ ကျမတို့ (၈၈) ကျောင်းသားတွေကလဲ ပြည်သူလူထုအတွက် အများကြီးထောက်ခံပေးတယ်မို့လား။ ပြည်သူလူထု အကျိုးအတွက်လုပ်တော့ သူတို့အတွက်လဲ ကျမတို့က အားပေးထောက်ခံတယ်လေ။ အဲဒါတွေကိုလဲ သိနေလားမသိဘူးရှင့်။ အဲဒါတွေကို သိနေတော့ ဒီလိုမျိုးလူတွေဆို သူတို့ကတော့ ကြည့်လို့မရဘူး။ နှိမ်နင်းမယ်။ သူတို့ရဲ့

ခေတ်အခါဆိုတော့ သူတို့လုပ်ချင်တိုင်းလုပ်တယ်။ လူတယောက်ကို သတ်ချင်လဲ သတ်လို့ ရတာပဲ။ ကျမအိမ်ကိုလဲ အဲသလိုမျိုး ဟိုတုန်းကလာလို့ရှိရင် ဧည့်စရင်းစစ်မယ်လို့ ပြောပြီးဝင်တော့ ဒီတခေါက်ကျတော့ ဧည့်စာရင်းလို့လဲ သူကမအော်ဘူးလေ။ ဧည့်စာရင်းလို့မအော်တော့ အစ်မကြီး အစ်မကြီးဆိုတော့ မောင်လေးတွေကများ နယ်ကနေ ပြန်လာပြီးတော့ အလုပ်ကနေ ပြန်လာပြီးတော့ ကျမကို ခေါ်တာ။ အစ်မကြီး ခဏခဏဆိုတော့ ထင်ယောင်ထင်မှားပုံစံ ကလိန်ကကျစ်လိုမျိုးလုပ်ပြီးတော့လဲ အဲလိုမျိုးခေါ်သလိုလဲ ခံစားရတယ်ရှင့်။”

“ အခု လာရှာတဲ့လူတွေကလဲ သူတို့နာမည်တွေ သိရလား။ ဥပမာပေါ့ ရှာဖွေပုံစံတို့ ရဝတတို့ အဲလိုမျိုးတွေ ပါလား။ ”

“ရာအိမ်မှူးတို့ ဆယ်အိမ်မှူးတို့ ဖြစ်မယ်ရှင့် အဲဒါကတော့ ပါလာတယ်။ သူတို့လမ်းပြတာဖြစ်လိမ့်မယ်ရှင် အဲဒါပါလာတယ်။ နယ်ထိန်းတွေရယ်။ မြို့နယ် ရယကရယ်။ စစ်ယူနီဖောင်း ဝတ်ထားတာလဲ ပါတယ်ရှင့်။”

“အမျိုးသမီးတယောက်တည်း ရှိတဲ့အိမ်ကို ဒီလိုမျိုး လူတွေ အုပ်လိုက်နဲ့လာရှာတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ရော မြန်မာနိုင်ငံထဲမှာလဲ အမျိုးသမီးအဖွဲ့တွေ ရှိပါတယ်။ အမျိုးသမီးရေးရာတို့ ဘာတို့ညာတို့ အဲဒီလူတွေပေ့ါ။ ပြည်ပမှာလဲ အမျိုးသမီးအဖွဲ့တွေရှိတယ်။ ကမ္ဘာ မျိုးသမီးအဖွဲ့တွေ ရှိတယ်။ သူတို့သိအောင် မခင်ထားဦးအနေနဲ့ ဘာပြောချင်လဲဗျာ။”

“တကယ်လို့ ဥပဒေစိုးမိုးနေတဲ့ နိုင်ငံဆိုရင်တော့ ဒီလိုမျိုးဖြစ်မှာ မဟုတ်ဘူးပေ့ါနော်။ ဘယ်သူမဆို မိန်းကလေးပဲဖြစ်ဖြစ် ယောကျ်ားလေးပဲဖြစ်ဖြစ် ကိုယ့်ဟာကိုယ် ကာကွယ်ပိုင်ခွင့်လဲရှိတယ် ပြောဆိုပိုင်ခွင့်လဲရှိတယ်ပေ့ါ။ အခု ကျမတို့ကျတော့ ဘာမှ ပြောလို့လဲ မရဘူး။ ပြောလို့ရှိရင်လဲ သူတို့ကြိုက်သလို ဥပဒေနဲ့ အရေးယူနိုင်တယ်ရှင်၊ အဲဒီလိုမျိုးဖြစ်နေတော့ ကျမတို့အနေနဲ့ မလုံခြုံဘူးဖြစ်နေရပါတယ်။ မြန်မာနိုင်ငံမှာနေရတာ။”

ဒီမိုကရေစီ အရေး လှုပ်ရှားသူများ၏နေအိမ်များကို အာဏာပိုင်များမှ ညအချိန် မတော် ဝင်ရောက် ရှာဖွေနေခြင်းသည် ပတ်သက်ပြီး ဆက်သွယ်မေးမြန်းချက် ဖြစ်ပါသည်။

**အစသို့**

---

## ရှမ်းပြည်နယ် ရပ်စောက်တွင် အဖမ်းခံရသည့် ညောင်တုန်း ကိုထွန်းထွန်း ပျောက်ဆုံး

*၂ ၊ စက်တင်ဘာ ၊ ၂၀၀၇*

ပြီးခဲ့တဲ့လ (၂၆) ရက်နေ့မှ ရှမ်းပြည်နယ် ရပ်စောက်တွင် အဖမ်းခံရသည့် ညောင်တုန်းမြို့မှ ကိုထွန်းထွန်း ပျောက်ဆုံးနေကြောင်း သိရပါသည်။ ကိုထွန်းထွန်း၏ အခြေအနေကို သိနိုင်ရန် ရပ်စောက်ရဲစခန်းကို မေးမြန်းခဲ့စဉ် ယခုလို သိရခြင်းဖြစ်ပါသည်။ ရှမ်းပြည်နယ် ရပ်စောက်မြို့တွင် သင်္ကန်းဝတ်နှင့် အဖမ်းခံနေရသည့် ညောင်တုန်းမြို့မှ ကိုထွန်းထွန်းကို ယနေ့ မနက်မှာတွင် လွှတ်ပေးလိုက်သည်ဟု ရပ်စောက်ရဲစခန်း တာဝန်ကျ အရာရှိမှ ပြောပါသည်။

“ညောင်တုန်းမြို့ကလေ အင်န်အယ်လ်ဒီ ပါတီဝင် ကိုထွန်းထွန်း၊ ရပ်စောက်ရဲစခန်းမှာ အဖမ်းခံနေရတာနဲ့ ပတ်သက်ပြီး မေးချင်လို့ပါရှင်။”

“မရှိပါဘူးခင်ဗျာ။ ပြန်သွားပါပြီ မနက်က”

“သူဘယ်ကို ပြန်သွားတာလဲရှင့်။”

“အဝေးပြေးကားဂိတ် ရန်ကုန်ကို ပြန်သွားပြီ။ အေးသာယာကနေ တရားစွဲထားတာတွေ ဘာတွေရော ရှိသေးလားရှင့်။ မရှိပါဘူး။ ဘယ်သူမှ သူ့ကို အမှုဖွင့်လဲမဖွင့်ဘူး။ ဘုန်းကြီးကျောင်းမှာပဲ နေပြီးမှ ပြန်သွားတာပါခင်ဗျ။”

“သူက ကိုရင်ဝတ်နဲ့လား။ ”

“ကိုရင်ဝတ်ကြီးနဲ့ပါ။ ပြန်သွားပြီဗျ မနက်ကလေ။”

တာဝန်ကျအရာရှိတဦး ဖြေကြားသွားခြင်းပါ။ တောင်ကြီးမြို့အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်ခင်မိုးမိုးမှ ကိုရင်ကြီးထွန်းထွန်းသည် အသိမိတ်ဆွေဆိုလို့ သူမတယောက်သာ ရှိသည့်အတွက် တကယ်လို့သာ လွှတ်ရင် သူမဆီကို ရောက်လာမည်ဖြစ်ကြောင်းနှင့် မရောက်လာသည့်အတွက် သက်ဆိုင်ရာမှ ရန်ကုန်ကို ပြန်ပို့လိုက်တာဖြစ်နိုင်သည်ဟု ပြောပါသည်။

“သတင်းတပ်ဖွဲ့ အက်စ်ဘီတူးက ပြောတာက ရပ်စောက်က ရွှေရန်ပြေဘုန်းကြီးကျောင်းမှာ သင်္ကန်းဝတ်နဲ့ပဲ ကောင်းကောင်းမွန်မွန်ထားပါတယ်တဲ့။ ရဲစခန်းက ခဏလေးပဲ ခေါ်ထားပြီးတော့ သူ့ကို စစ်လိုက်တယ်။ စစ်ပြီးတော့ သူလဲ သင်္ကန်းဝတ်နဲ့ဆိုတော့ အဲဒီ ရွှေရန်ပြေကျောင်းကို ပို့ပေးလိုက်တယ်။” ကျမ အခုန ရဲစခန်းကို ဖုန်းဆက်တော့လေ အန်တီ၊ သူ ဒီမနက်ပဲရန်ကုန် ပြန်သွားပြီတဲ့။ “

“ဟုတ်လား။ အဲဒါဆိုလို့ရှိရင် ဒီနေ့ တောင်ကြီးမှာ အန်တီ့ဆီလာနေတဲ့ အဲဒီ နယ်ထိန်းတွေက ပြောတာ ဖြစ်တော့ ဖြစ်နိုင်တယ် သမီးရဲ့။ အဲဒီ နယ်ထိန်းအဖွဲ့က ဒီနေ့ပေါ့။ အဲဒီကိုထွန်းထွန်းတောင်ကြီးကို တက်လာမယ်ဆိုပြီးတော့ အန်တီ့ကို လာမေးတာ။ လာမေးတော့ အန်တီကတော့ ကိုထွန်းထွန်းတက်လာမယ်ဆိုတာ မကြားဘူးပေါ့။ သူတို့ ပြောတာကပေါ့နော်။ ရပ်စောက်ကနေ အန်တီတို့ အင်န်အယ်လ်ဒီ အဖွဲ့ဝင်တယောက်က ခေါ်လာတယ်ပေါ့။ ခေါ်လာပြီးတော့သူ့ကို သင်ပစ်က ဘုန်းကြီးကျောင်းကို ပို့တယ်ဆိုပြီး လာမေးတာ အန်တီ့ကို သွားပြီး စုံစမ်းလိုက်တော့ ဘယ်သူကမှ မခေါ်လာဘူးလေ။ ကိုထွန်းထွန်းနဲ့ ရှမ်းပြည်မှာ တောင်ကြီးမှာ သိတာဆိုလို့ အန်တီတယောက်ပဲရှိတယ်။ ကျန်တဲ့လူတွေက လုံးဝကိုထွန်းထွန်းကို မသိဘူး၊ မတွေ့ဘူးကြဖူးဘူး။ အဲလိုဆိုတော့ လုံးဝမဖြစ်နိုင်ဘူးပေါ့နော်။”

“ မဖြစ်နိုင်ဘူးဆိုတာ ဘာကိုမဖြစ်နိုင်တာလဲ အန်တီရေ။ ”

“မဖြစ်နိုင်ဘူးဆိုတာ အန်တီတို့ အင်န်အယ်လ်ဒီက သွားခေါ်လာတယ်ဆိုတာ လုံးဝမဟုတ်ဘူးပြောတာ။ ကိုထွန်းထွန်းရော အဲလိုဆိုရင် အန်တီ့ဆီကို မရောက်လာသေးဘူးပေါ့။ မရောက်လာဘူး အခုသမီးကြားသလိုဆိုရင် အာဏာပိုင်ကပဲ ရန်ကုန်ကို ခေါ်သွားတာထင်တယ်။”

“ အန်တီရေ ရပ်စောက်ကနေ တောင်ကြီးကိုလာမယ်ဆိုရင် ဘယ်လောက်လောက် ကြာလဲ အန်တီ။ ”

“ရပ်စောက်ကနေ တောင်ကြီးကိုလာမယ်ဆိုရင် (၄၈) မိုင်ဆိုတော့ ဟိုက မနက်ကို (၆) နာရီ ထွက်လာတယ်ဆိုလို့ရှိရင် တောင်ကြီးကို (၉) နာရီလောက်မှာ ရောက်မယ်။ ဆိုတော့ ဒါဆိုလို့ရှိရင် တောင်ကြီးကိုဆိုတာ မနက်ကတုန်းက ကားကွင်းကို ပို့ပြီးတော့ ရန်ကုန်ကို ပြန်ပို့တာဖြစ်နိုင်တယ်။”

ကိုထွန်းထွန်းသည် ညောင်ရွှေမြို့ ရွှေရန်ပြေ ဘုန်းကြီးကျောင်းတွင် ရာသက်ပန် သင်္ကန်းဝတ်မယ်ဆိုသည့် ဆုံးဖြတ်ချက်နှင့် သင်္ကန်းဝတ်ပြီး အခုလ (၂၆) ရက်နေ့က နယ်မြေမကျူးကျော်မှုကြောင့် ရပ်စောက်မြို့နယ် ရဲစခန်းတွင် အဖမ်းခံခဲ့ရခြင်းဖြစ်ပါသည်။ ယခု သတင်းရယူချိန်အထိ ကိုထွန်းထွန်းဘယ်မှာ ရှိတယ်ဆိုတာကို တိတိကျကျ စုံစမ်းလ၍ မရသေးပါ။ ကိုထွန်းထွန်းသည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် အပတ်စဉ် အင်္ဂါနေ့တိုင်း ရွှေတိဂုံဘုရားတက် ဝတ်ပြုဆုတောင်းခဲ့သူတဦးဖြစ်ပြီး အကြိမ်ကြိမ် အဖမ်းခံခဲ့ရသူဖြစ်ပါသည်။ ပြန်လွတ်လာသည့်အခါတိုင်းတွင် ၎င်းသည် လူကောင်းတယောက်ဖြစ်သော်လည်း အာဏာပိုင်များမှ ၎င်းစိတ်အား ချိုးနှိမ်လိုသာ ရည်ရွယ်ချက်နှင့် စိတ္တဇဆေးရုံကို အကြိမ်ကြိမ်ပို့ဆောင်ခဲ့ကြောင်း ကိုထွန်းထွန်းမှ ဒီဗွီဘီကို ပြောပြခဲ့ဖူးပါသည်။

**အစသို့**

---

## (၄) လအရွယ် သမီးငယ်ကိုခွဲခွာပြီး တိမ်းရှောင်နေရသည့် မနီလာသိန်းနှင့် ဆက်သွယ်မေးမြန်းချက်

*၂၊ စက်တင်ဘာ၊ ၂၀၀၇*

ခင်ပွန်းသည်ကလည်း အဖမ်းအဆီးခံရ။ (၄) လ အရွယ် သမီးငယ်နှင့်လည်း ခွဲခွာပြီး တိမ်း ရှောင် နေရသည့် (၈၈) မျိုးဆက် ကျောင်းသားများအဖွဲ့မှ မနီလာသိန်းနှင့် ဆက်သွယ် မေးမြန်းထားတာ ဖြစ်ပါသည်။

ဒီဗွီဘီ ။ ။ သမီးလေးက ဒီ လေးလသားပဲ ရှိသေးတယ်ပေါ့နော်။

“ဟုတ်ကဲ့ “

အဲဒါ အခု ခွဲခွာနေရတယ်ပေါ့နော်။ မနီလာအနေနဲ့ ပေါ့လေ။

“ဟုတ်ပါတယ်။”

အဲဒီ အခြေအနေလေးကို အမ ရင်ထဲမှာ ဘယ်လို ရှိလဲ ခင်ဗျ။

“ဟုတ်ကဲ့ ဟို ကိုဂျင်မီ အဖမ်းခံထိပြီး ကျမတို့ (၂၂) ရက်နေ့ မနက်မှာပေါ့နော်။ ဒီ လောင်စာဆီ ဈေးကြီးတဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ နော် ။ ငြိမ်းချမ်းစွာ ကျမတို့ ဆန္ဒ ထုတ်ဖော်ကြတယ်ပေါ့နော်။ အဲဒီနေ့ ပြီးတဲ့ အခါမှာ အခြေအနတွေက ဆိုးဝါးလာတယ်ပေါ့နော်။ အဲဒီဖြစ်ပေါ်လာပြီး ညနေပိုင်းမှာပဲပေါ့နော်။ ကျမသမီးလေးကို ကျမခေါ်ပြီးတော့ ရှောင်တိမ်းနေတယ်။ တောက်ရှောင်တိမ်းတဲ့ နေရာမှာ သမီးလေးက အရမ်း လိမ္မာပါတယ်။ သြော် သမီးရေ အမေနေတဲ့ နေရာကတော့ အသံတောင် ထွက်လို့ မရဘူးပေါ့နော်။ နော် သမီးလေး အသံမထွက်နဲ့ လိမ်လိမ်မာမာနေလို့ အဲလိုပြောတာ။ ကျမအဲလို ကျမသမီးက အရမ်းလိမ္မာတယ်။ အသံတောင် မထွက်ရှာဘူး။ ဒါပေမဲ့ ဒုက္ခဆင်းရဲ အရမ်းရောက်တယ်။ ကျမက ဒုက္ခဆင်းရဲဒဏ်ကို ခံနိုင်ပေမဲ့ ကလေးရဲ့ ကျန်းမာရေး အနေအထားကပေါ့ ကျမ ကျမသမီးလေးကို ကြည့်ပြီး ကျမ (၂၇) ရက်နေ့မှာ ပြန်ပို့လိုက်တယ်ပေါ့နော်။ အခုဆိုလို့ရှိရင် ကျမက အရင် အမျိုးသားကိုဂျင်မီကလဲ အဖမ်းခံထိနေတယ်ပေါ့နော်။ သမီးလေးကလဲ ခွဲခွာနေရတယ်ပေါ့နော်။ ကျမတခု ပြောချင်တာကတော့ ကျမတို့

ပြည်သူလူထုကိုပေါ့နော်။ ကျမတို့ ကျောင်းသားတွေဟာ ကိုယ့်ရဲ့ အသက်တွေရော ကိုယ့်ရဲ့ ဘဝတွေရော ကိုယ့်ရဲ့ နှလုံးသားတွေရော စတေးပြီးတော့ ပြည်သူတွေရဲ့ အခက်အခဲ အကြပ်အတည်းကို ဖြေရှင်းပေးဖို့အတွက် ပြည်သူတွေရှေ့မှာ မားမားမတ်မတ် ရောက်ရှိနေတယ်။ အဲဒီအတွက် ပြည်သူတွေအားလုံးကို ကျမတို့ ကျောင်းသားတွေနဲ့ လက်ကိုင်ဖို့ ကျမဒီနေရာကနေ ပြောချင်ပါတယ်ရှင့်။ ”

ဟုတ်ကဲ့ ခင်ဗျ။ မနီလာရေ။ မနီလာအနေနဲ့ပေါ့လေ သမီးလေးက ဘယ်အရွယ်လောက်ရှိတယ် ဆိုတာကို ပရိသတ်သိအောင် ပြောပြပေးပါလားခင်ဗျာ။

“ဟုတ်ကဲ့ ရှင့် ။ ကျမသမီးလေးက လေးလကျော်ပဲ ရှိပါသေးတယ်။ အခုဆိုလို့ရှိရင် ဘယ်လောက်ထိအောင် စာနာမှု ကင်းမဲ့နေကြလဲ ဆိုတော့ ကျမသမီးလေးကိုပေ့ါနော်။ ကျန်းမာရေး အနေအထား ကောင်းမွန်တဲ့ အချိန်ကျ ကျမပြန်ခေါ်ဖို့ ပထမ အစီအစဉ်ရှိတယ်ပေ့ါနော်။ ဒါပေမဲ့ သူတို့ တည်ကြက်သဘောထားပြီးတော့ အိမ်မှာ အင်နဲ့ အားနဲ့ကို ညအိပ်ပြီးတော့ကို အိမ်ရဲ့ ဝန်းကျင်မှာ စောင့်နေကြတယ်ပေ့ါနော်။ အဖွဲ့ထဲက လူတွေဆိုရင် တချို့ဆိုရင် မခံနိုင်ဘဲနဲ့ မျက်ရည်ပက်လက်နဲ့ လာပြီးတော့ ပြောပြတဲ့သူတွေ ရှိတယ်။ မနီလာကိုဖမ်းတော့မယ်ပေ့ါ။ ဒီကလေးကိုလာခေါ်တာနဲ့ ဖမ်းတော့မယ်ဆိုပြီးတော့ လာပြီးတော့ အသိပေးတဲ့ သူတွေ ရှိတယ်။ ကျမတို့ ရပ်ကွက်ကလူတွေဆို တော်တော် စိတ်မကောင်းဖြစ်ကြတယ်။ ဟို ကျမ ညကြီး သန်းခေါင် လာခေါ်မယ် ဆိုပြီးတော့ ကို သူတို့က ညအိပ်ပြီးတော့ကို စောင့်တဲ့ အနေအထားအထိ ဖြစ်နေတယ်ပေ့ါနော်။ ကျမပြောချင်တာက ဘာဖြစ်လို့လဲ ဆိုတော့ နို့ဆာလောင်နေတဲ့ ကလေး လေးကိုတောင် နို့တိုက်ခွင့် မရလောက်အောင် သူတို့မှာ အုံနဲ့ ကျင်းနဲ့ အင်အားသုံးပြီးတော့ အဲဒီလို လုပ်ဆောင်နေတာဟာ တကယ်ကို မလုပ်သင့်တဲ့ ကိစ္စတခုပါ။ လူလူချင်း စာနာမှု ကင်းမဲ့နေကြတဲ့ ကျမတို့ နိုင်ငံမှာ အဲလောထိ စာနာမှု ကင်းမဲ့နေတဲ့အနေအထားတွေ တရားမဲ့နေတဲ့ အနေအထားတွေ တကယ်ကို ကြုံတွေ့နေရပါတယ်။ ”

ဟုတ်ကဲ့ မနီလာ ခင်ဗျာ။ အခု သမီးလေးကိစ္စကို ပြန်ကောက်ရမယ်ဆိုလို့ရှိရင် လူတော်တော်များများကလဲ စိတ်ဝင်စားတာ။ ဒီဖက်ကပေ့ါ ဒီအတိုက်အခံဖက်က အမျိုးသမီးအဖွဲ့တွေ အချို့ကလဲ ပြောတယ်။ ဒီမိန်းကလေး သမီးငယ် နီတာရဲ ပုံစံမျိုးလေးကို ပြစ်ခွာပြီးတော့ ဒီ ခင်ပွန်းသည်က ထောင်ထဲမှာ ထောင်ထဲမှာဆိုတာထက် ဖမ်းသွားတယ်ပေ့ါနော်။ ဒီ နီနီကလဲ ရှောင်တိမ်းနေရတယ်။ အဲဒီ သမီးလေးရဲ့ အနေအထားက အခု ဘယ်သူနဲ့ နေတာလဲ ခင်ဗျ။ “

အခုဆိုလို့ရှိရင် သမီးလေးက ကိုဂျင်မီရဲ့ အဖေအမေ မိသားစုလက်ထဲမှာ နွေးနွေးထွေးထွေးတော့ ရှိနေတယ်။ ဒါပေမယ့်ပေ့ါနော် ကလေးဟာ မိဘနဲ့ ရင်အုတ်မကွာ ရှိခြင်းဟာ အကောင်းဆုံးပဲပေ့ါနော်။ အခြေအနေ အမျိုးမျိုးကြောင့် ကျမ ခွဲခွာနေရတယ်ပေ့ါနော်။ အခု ကျမက အတော် စိတ်မကောင်း ဖြစ်ပါတယ်။ ဟို ကျမသမီးလေး အပေါ်မှာပေ့ါနော် ကျမ မိခင်ကောင်း မပီသနိုင်တဲ့ ပုံစံမျိုး ဖြစ်နေတာပေ့ါနော်။ ဒါပေမဲ့ ကျမတခု ကျမဟာ ကျမ အားပြုတယ်။ ကျမသမီးလေးရဲ့ ငိုကြွေးသံဟာပေ့ါနော် ပြည်သူတွေရဲ့ လက်ခုတ်သံ အဖြစ် ကျမ ကြားချင်တယ်။

(၈၈) မျိုးဆက် ကျောင်းသားများအဖွဲ့မှ မနီလာသိန်းနှင့် မေးမြန်းချက် ဖြစ်ပါသည်။ ယခုလို ခင်ပွန်းသည်လဲ အဖမ်းခံရ နို့စို့အရွယ်သမီးငယ်နှင့်လည်း တွေ့ခွင့်မရဖြစ်နေတဲ့ မနီလာသိန်းနှင့် ပတ်သက်လို့ မနီလာသိန်းရဲ့ သူငယ်ချင်းတဦးကိုလဲ ကိုအေးနိုင်ကပင် ဆက်သွယ်မေးမြန်း ထားပါသေးသည်။ မနီလာသိန်း၏ မိတ်ဆွေ တယောက်အနေနှင့် သက်ဆိုင်ရာ၏ လုပ်ရပ်အပေါ်တွင် ဘာပြောချင်ပါသလဲ ခင်ဗျ။

“သက်ဆိုင်ရာ၏ လုပ်ရပ်ကို ဘယ်ပြောချင်လဲ ဆိုတော့ တော်တော်ကို ရွံ့စရာ ကောင်းပြီး တော်တော်ကို မသထီတဲ့ လုပ်ရပ် အလုပ်တွေကို လုပ်နေတယ်လို့ပဲ ကျမအနေနဲ့ ပြောချင်ပါတယ်ရှင့်။ ဘာမှ လက်နက်မရှိဘဲနဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြနေတဲ့ မိန်းမတယောက်ကို ဒီလိုမျိုး ခုနက ယောက်ျားရင့်မာကြီးတွေ တန့်မဲ့နဲ့ ဘယ်လိုဖြစ်လို့ ဒီလောက်တောင် ဟို ဒုစရိုက်မှုကို လုပ်နေတဲ့ မိန်းမ၊ အပြစ်ရှိတဲ့ မိန်းမ၊ သူဟာ ပြစ်မှု တခုကျူးလွန်ထားတဲ့ မိန်းမ ၊ လူသတ်မှု တခုခုကို ကျူးလွန်ထားတဲ့ မိန်းမ ကို စောင့်ဖမ်းနေသလိုမျိုး ကျင်းဖောဝပ်ပြီးတော့ စောင့်တာတို့ ဘာတို့ဆိုတာ အင်မတန်ကို ကျမအနေနဲ့ကတော့ အောက်တန်းကျတဲ့ လုပ်ရပ်လို့ မြင်ပါတယ်ရှင့်။ ”

အခု ဖြေကြားတဲ့ အမမှာလဲ သားသမီး ကျောထောက်နောက်ခံ ရှိတယ်။ မနီလာသိန်းဆိုလို့ရှိရင်လဲ လသားအရွယ် လေးလသားလို့ပြောပါတယ်။ အတူတူရှိတယ်ပေ့ါ။ အဲဒီလို့ ခွဲခွာနေရတဲ့ မိခင်တယောက်ကိုယ်စား မိခင်တယောက်ဆိုရင်ကော ဘယ်လိုမျိုး သက်ဆိုင်ရာ လုပ်တဲ့အပေါ် ဘယ်လိုမျိုး ပြောချင်လဲ ခင်ဗျ။

“ဘယ်လိုမျိုး ပြောချင်လဲ ဆိုလို့ရှိရင် သူတို့တွေလဲ ဒီဗုဒ ထွန်းကားတဲ့နေရာမှာ နေတယ်။ သူတို့လဲ ဗမာလူမျိုးတွေပဲပေ့ါနော်။ အဲဒီ အုပ်ချုပ်နေတဲ့လူလဲ ဗမာလူမျိုးတွေပေ့ါနော်။ လူမျိုးချင်းလဲ တူတယ်။ နောက်တခါ မိဘဆိုတဲ့ နေရာမှာ သူတို့ ဝင်ပြီး ခံစားကြည့်ကြပါ။ သူတို့လဲ မိဘနေရာမှာရောက်ဖူးပါတယ်။ သူတို့သားသမီး ဒီလို နေရာမျိုးမှာ ကိုယ်ချင်းစာစိတ်ဆိုတာ အင်မတန် အရေးကြီးပါတယ်။ အဲဒီတော့ ကျမတို့ အနေနဲ့သူတို့ဟာ ဒီလို မိဘဆိုတဲ့ နေရာမျိုးကို သူတို့ ဝင်ကြည့်လိုက်တဲ့ အခါမှာ ဘယ်လိုခံစားရမလဲ။ သူတို့ ကိုယ်ချင်းစာကြည့်ပါ။ ကိုယ်ချင်းစာစိတ် မရှိလို့ကတော့ ဘယ်လို့မှ သူတို့ကို ပြောပြလဲ လက်ခံနိုင်မှာမဟုတ်ပါဘူး။ အဲ ကျမကတော့မိဘ

တယောက်အနေနဲ့ ပြောရမယ်ဆိုရင် ခုနက ကျမသာ သူ့နေရာမှာဆိုလို့ရှိရင် ကျမလဲ တော်တော် ခံစားရမှာပါ။ ကလေးသည် လက်လွှတ်လို့ ရတဲ့ အရွယ်လဲ မဟုတ်သေးဘူး။ တကယ့်ကို လူမမယ်လေး။ အခုမှ လူမှန်းသူမှန်း သိတတ်ခါစ အရွယ်လေးပဲ ရှိနေတဲ့ အတွက်ကြောင့်မလို့ အခုနက ပြောသလို အချိန်တန်ရင် ဒီ အရွယ်လေးဟာ အချိန်တန်ရင် သူနို့ဆာရင် သူ့အမေကို ရှာမယ်။ သူတို့ဟာ ဘာမှ မပြောတတ်တဲ့ အရွယ်မလို့ သူတို့ရဲ့ ခံစားမှုဟာ သူ့မိဘတွေ ပျောက်နေတယ်။ သူ့အဖေ ပျောက်နေတယ်။ သူ့အမေ ပျောက်နေတယ်။ ဒါမျိုးကို သူရှာမယ် ။ ခုနက ပြောသလိုပေ့ါနော်။ ကျန်တဲ့ သူတွေက ဘယ်လောက်ပဲ နွေးထွေးမှုပေးနိုင်သည်ပါ ကလေးသည်လဲ မိဘကိုပဲ တမ်းတ ပါမယ်။ မိဘသည်လဲ ကလေးကို တမ်းတပါမယ်။ အဲဒီတော့ ဒီလို အခြေအနေကြီးမှာ ဒီလို အခြေအနေ အရပ်ရပ်ကြောင့်ပေ့ါနော် ။ နော် အခု ဒီလိုမျိုး အာဏာပိုင်တွေကို သူတို့ကို ဖမ်းဆီးပြီးတော့ ဖမ်းဆီးချင်တဲ့ အတွက်ကြောင့် ဒီလိုမျိုး ရှောင်ပုန်းနေရတယ် ဆိုတာမျိုးကပေ့ါနော်။ သားသမီးနဲ့ မိဘကြားမှာ ကျမတော့ ဘယ်လို ပြောရမှန်းတောင် မသိပါဘူးရှင့်။ ကျမအနေနဲ့ ခွဲခြမ်းစိတ်ဖြာရမယ်ဆိုရင်တော့ ဒီမိုကရေစီနဲ့ သူတို့ လုပ်နေတဲ့ လမ်းကြောင်းက တခြားဆီပါပဲရှင့်။ တခြားဆီပဲ ဖြစ်နေတဲ့ အတွက် ဒီမိုကရေစီ လမ်းကြောင်းကို ဦးတည်နေတယ်ဆိုတာဟာ လုပ်ရပ်တွေက ပြနေပါတယ်။ ဒါကြောင့်မလို့ ကျမက လုံးဝ လက်ခံနိုင်စွမ်း မရှိပါဘူးရှင့်။ ”

လေးလအရွယ် ကလေးငယ်နှင့် ခွဲခွာပြီး ရှောင်တိမ်းနေရသည့် (၈၈) မျိုးဆက် ကျောင်းသူများအဖွဲ့မှ မနီလာသိန်း၏ သူငယ်ချင်းတဦးကို ကိုအေးနိုင်ကပင် ဆက်သွယ်မေးမြန်းခဲ့ခြင်း ဖြစ်ပါသည်။

**အစသို့**

## ဘူးသီးတောင်တွင် တကိုယ်တော်ဆန္ဒပြမှု ဖြစ်ပွား

*၂ ၊ စက်တင်ဘာ ၊၂၀၀၇*

ယနေ့ မနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ် ဘူးသီးတောင် သဘော်ာဆိပ်အနီးတွင် ကုန်ဈေးနှုန်းကျဆင်းရေးအတွက် တကိုယ်တော် ဆန္ဒပြမှုတခု ဖြစ်ပွားခဲ့ပါသည်။ ဆန္ဒပြ သူမှာ အမှတ်(၄)ရပ်ကွက်နေ ဦးညီပုရှည်၏သား အသက် (၃၀) ကျော်ရှိ ကိုရဲသိန်းခေါ် ကိုဘူမောင်ဆိုသူ ဖြစ်ပြီး၊ ကုန်ဈေးနှုန်းကျအောင် လုပ်ပေးပါ ဆိုသည့် အလျှား (၂) ပေခွဲ၊ အနံ (၁) ပေခွဲရှိ ကပ်ထူ စက္ကူဆိုင်းဘုတ်ကို ကိုင်မြောက်ထားသည်ဟု သိရပါသည်။ ထို့အပြင် ၄င်း၏အင်္ကျီ ကျောကုန်းတွင်လည်း မင်နီနှင့် ဖရီးဒေါ်အောင်ဆန်းစုကြည်ဟု ရေးသားထားသည့် မျက်မြင်များမှ ပြောပါသည်။ ၄င်းအခြေအနေနှင့် ပတ်သက်ပြီး ဘင်္ဂလားဒေ့ရှ် နယ်စပ်မှ ဦးစံဘိုသိန်းက ယခုလို ပြောပြပါသည်။

“ဒီနေ့ နံနက် (၁၀) နာရီက ဘူးသီးတောင် သဘော်ာဆိပ်မှာ ဘူမောင်ဆိုတဲ့ ရခိုင်အမျိုးသားခင်ဗျ။ ကုန်ဈေးနှုန်းကျအောင် လုပ်ပေးပါဆိုတဲ့ ပိုစတာနဲ့ တကိုယ်တော် ဆန္ဒပြတာပါ။ အဲဒီလို သူ ဆန္ဒပြတော့ အနီးအနားက လူတွေ တဖြည်းဖြည်း များလာတာ အင်အား (၂၀၀)၊ (၃၀၀) ကျော်လောက် ရောက်လာတယ် ခင်ဗျ။ အဲဒီအချိန်မှာ ဘူးသီးတောင် ရဲက ရဲအင်အား (၂၀) လောက်နဲ့သူ့ကို သွားပြီးတော့ ဖမ်းတယ်။ အဲဒီ ပိုစတာကိုလဲပဲ ဆုပ်ဖြဲပြီးတော့ သူတို့ ခြေနဲ့ကန်ပြီးတော့ ဖျက်ဆီးပစ်လိုက်တယ်လို့ သိရပါတယ်ခင်ဗျ။ လက်ခုပ်သြဘာပေးပြီးတော့ ထောက်ခံကြတဲ့ လူတွေ အရပ်သား (၂၀၀) ကျော်၊ (၃၀၀) နီးပါးလောက်ကိုတော့ သူတို့ ဘာမှ လုပ်မသွားဘူးလို့သိရပါတယ်ခင်ဗျ။ သူ့ကိုပဲ ဆွဲသွားတာပါ။”

ကိုဘူမောင်၏တကိုယ်တော်ဆန္ဒပြပွဲကို ပရိသတ်(၃၀၀)ကျော်က လက်ဝါး လက်ခုတ်သီးပြီး အားပေးကြတယ်လို့လည်း သိရပါသည်။ ဘူးသီးတောင်မှတွင် ယခုလို ဆန္ဒပြမှု ဖြစ်ခဲ့သည့်သတင်း ကြားကြားခြင်းမှာတွင် မောင်းတောမှ တပ်အင်အား (၅၀) လောက် ဘူးသီးတောင်ကို ချက်ခြင်း ရောက်လာခဲ့သည်ဟုသိရှိရပါသည်။

ထို့အပြင် ဘူးသီး တောင်မြို့နယ်အတွင်းရှိ လမ်းများတွင်လည်း နစက၊ လုံထိန်းရဲစသည့် အင်အား (၂၀၀) ကျော်ရှိ လုံခြုံရေးတပ်ဖွဲ့မှ နေရာအပြည့် စောင့်ကြပ်ထားလိုက်သည်ဟု ဆိုပါသည်။ သို့သော် ဆန္ဒပြသူ ကိုဘူမောင်ကိုမူ ရဲများမှ ဘယ်မှာ ဖမ်းဆီးထားတယ်ဆိုသည်ကို ယခုထိ မသိရသေးဘူးကြောင်းသိရှိရပါသည်။

**အစသို့**

## ပခုက္ကူတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦး ဦးဆောင်သည့် ဆန္ဒပြပွဲဖြစ်ပွား

*၃ ၊ စက်တင်ဘာ ၊ ၂၀၀၇*

မကွေးတိုင်း၊ ပခုက္ကူမြို့တွင်လည်း ပခုက္ကူမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လဲဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ဥက္ကဋ္ဌလည်းဖြစ်သည့် ဦးလှိုင်အေး ဦးဆောင်သည့် စည်းကော်မတီဝင် (၁၀) ဦးခန့်သည် လောင်စာဆီဈေးနှုန်းကျဆင်းရေးအတွက်

ချီတက် လမ်းလျှောက် ဆန္ဒပြပွဲတခုကို ယနေ့ နေ့လည် တနာရီလောက်တွင် အောင်အောင်မြင်မြင်နှင့် ပြုလုပ်နိုင်ခဲ့ကြပါသည်။ ၄င်းအကြောင်းအသေးစိတ်ကို သိရှိနိုင်ရန်အတွက် ဆန္ဒပြပွဲကို ကိုယ်တိုင်မြင်တွေ့ခဲ့သူတဦးအား ဒီဗွီဘီသတင်းထောက်ကိုအေးနိုင်မှ ဆက်သွယ်မေးမြန်းထားပါသည်။ ယခုမေးမြန်းချက်ကို ဆက်လက်နားဆင်ပါရှင်။

"မဝတ ရုံးဖက်ကို လျှောက်တာဗျ။ ဒီက ပခုက္ကူမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ပါတီဥက္ကဋ္ဌဦးလှိုင်အေးပေါ့ဗျာ။ သူ့အိမ်ကနေပြီးတော့ စပြီး ထွက်လိုက်တာဗျ။ အဲဒီကနေ စပြီးထွက်လိုက်တာ ကျနော်တို့ ပခုက္ကူတောင်ဖက်ခြမ်းပေါ့ဗျာ။ ဒီ ဗိုလ်ချုပ်လမ်းခေါ်တာပေါ့။ ဗိုလ်ချုပ်လမ်းကနေပြီး သူက အရှေ့ကိုထောင်တက်လာလိုက်တာ၊ ထောင်တက်လာလဲပြီးရော အရှေ့ကို တမိုင်လောက်နီးပါးရှိတဲ့ ဒီဟိုဟာလောက် မြို့မဈေးကြီးရောက်တော့ အရှေ့ဖက်အတိုင်းပေါ့ဗျာ။ အဲဒီ ဈေးကြီးအရှေ့ဖက်ကနေပြီးတော့ ကျနော်တို့ ဒီဖက် လမ်းမကြီးလို့ခေါ်တဲ့ ပေါက်လမ်းမပေါ့ဗျာ။ အဲဒီပေါက်လမ်းမကနေမှ အရှေ့ဖက်ကို ဆက်ပြီး သွားလိုက်တော့ တမိုင်ခွဲလောက်ရှိတဲ့နေရာမှ မဝတရုံးရှိတာကိုးဗျ။ မြို့အရှေ့ဖက်ထိပ်မှာ ဒီ တံတား အရှေ့ဖက်မှာလေ။ အဲဒီ မဝတရုံးမှာ သူတို့ကသွားပြီးတော့ သူတို့ ပါတီကတောင်းဆိုတဲ့စာ သွားပို့ကြတာဗျ။"

" အဲဒီမှာ ဦးရေ ပြည်သူတွေရဲ့ အနေအထားကရော ဘယ်လိုရှိလဲဗျ။"

"ပြည်သူတွေရဲ့အနေအထားကတော့ တော်တော်လေး ဝိုင်းပြီးတော့ ရေသန့်ဗူးပေးတာတို့ အချိုရေဗူးပေးတာတို့ ကွမ်းယာထုပ်တို့ မုန့်ထုပ်တို့ပေ့ါဗျာ။ ပြည်သူက လမ်းတလျှောက် အကုန်လုံးပြည့်နေတာပဲဗျ။ အဲဒီပေါက်လမ်းမကြီးတခုလုံးပေ့ါဗျာ။ အပြန်မှာ မဝတ ရုံးကနေပြီး တမိုင်သာသာရှိတဲ့ဟာကို ပြန်လာတာကိုတော့ လမ်းမှာ မပြတ်တမ်းပဲပေ့ါဗျာ။ တခါတည်း သူတို့လဲတန်းပြီး လမ်းလျှောက်တာဆိုတော့လေ ဆိုင်ကယ်တွေ စက်ဘီးတွေ ခြေလျင်တွေရောပေ့ါဗျာ။ ဝိုင်းပြီးတော့ သူတို့တတွေကို ရံပြီးတော့ ပုံစံမျိုးပေ့ါဗျာ။ ရှေ့ကနေ လမ်းဘေးဝဲယာပေ့ါဗျာ။ စီးပြီးကြည့်တဲ့လူတွေရောနဲ့ဆိုတော့ ဘုရားပွဲလှည့်လာသလိုပေ့ါဗျာ။ ဟို အများကြီးဖြစ်နေတာပေ့ါ။ ပခုက္ကူမြို့နယ်ကြီးမှာလေ။ တမိုင်လောက် အရှည်ကြီးမှာ။ အဲဒီကနေ ပြီးတော့မှ သူတို့က ပခုက္ကူမြို့အလယ် ကိုပိုက်ကို စည်းကော်မတီအိမ်မှာ အဆုံးသတ်လိုက်တာပေ့ါဗျာ။ အဲဒီအနေအထား။ သူတို့ပါတီက ထိပ်ပိုင်းက ပါတီကော်မတီက လူတွေကလဲပဲ သူတို့က တည်တည်ငြိမ်ငြိမ်နဲ့ အေးအေးချမ်းချမ်းနဲ့ ဆိုတော့ လူထုကလဲ ယုံကြည်မှုရပြီးတော့ လူထုကတော့ အများကြီး ရဲရဲတင်းတင်းပေ့ါဗျာ။ အားပေးကူညီကြတဲ့အနေအထားမျိုးတွေ့ရတယ်ဗျ။"

"ဟုတ်ကဲ့ခင်ဗျ။ ဟုတ်။ ဆယ်ဦးထဲလျှောက်ကြတော့ စနစ်တကျရှိတော့ကျတော့ ဒီ ပြည်သူတွေက အားထားလာပြီးတော့ခါ ပြည်သူက ရဲရင့်လာပြီးတော့ခါ ပူးပေါင်းမှုရှိတာပေ့ါဗျာ။ သူတို့ကလဲ သပ်သပ်ရပ်ရပ်လေး တော်တော်လေးရှိတယ်ဗျ။ တည်တည်ငြိမ်ငြိမ်ပဲသွားကြတာ။ ကြွေးကြော်သံလဲ မပါဘူးဗျာ။ သူတို့က မဝတဆီပို့ဖို့စာလေးပဲပါတယ်ဆိုတော့ ရုန်းရင်းဆန်ခတ်လဲ မနိုင်ဘူးပေ့ါဗျာ။ မနိုင်တော့ကျတော့ ပြည်သူက ပိုပြီးတော့ သူတို့ အေးချမ်းတဲ့အနေအထားလေးကို ပိုပြီးတော့ ဂရုနာသက်ပြီး ပိုပါကြတာပေ့ါဗျာ။"

"မျက်စိထဲမှာ မြင်ရတာ သူတို့ရဲ့ လှုပ်ရှားမှုက အောင်မြင်တယ်လို့ ခေါ်နိုင်မလားခင်ဗျ။"

"အောင်မြင်တယ်ဗျ။ အောင်မြင်တယ်။ ပြည်သူက ဒီ ဘယ်လိုပြောမလဲ ကျနော်တို့ (၈၈) ကအတိုင်းပဲဗျ။ အားလုံးက ပြည်သူတွေက ဝိုင်းပြီးတော့ လက်ခုပ်တီးပေးတာတို့ အစားအသောက်တွေ ပေးတာတို့နဲ့ ပြည်သူတွေက သူတို့နဲ့ လက်ပွန်းတတီး တခါထဲဝင်ပြီးတော့ပါဝင်ကြတာဆိုတော့ အောင်မြင်တာပေ့ါဗျာ။ အဲဒီစာကို သူတို့သွားပို့ သွားပို့ပြီးတော့ကျမှ ဒီ မဝတ ရုံးကနေပြီး သူတို့တခါ ပြန်ပြီးတော့ ထွက်လာခဲ့တာပေ့ါ။ ထွက်တော့လဲပဲ ဒီအတိုင်းပဲ ပြန်ပြီးလမ်းလျှောက်လိုက်တာပေ့ါဗျာ။ လမ်းလျှောက်လိုက်တဲ့အခါ သူတို့ကလဲ ဒီ ဆိုင်ကယ်တွေ စက်ဘီးတွေနဲ့ ခြေလျင်တွေရော ဘေးကရော ရှေ့ကရောပေ့ါဗျာ။ ဘေးနှစ်ဖက်ကရော၊ တခါတည်း တမိုင်လောက်ရှိတဲ့ လမ်းမကြီးမှာ ဘုရားပွဲလှည့်လာသလိုပေ့ါဗျာ။ လူအုပ်ကြီးကလေ။"

"ဟုတ်ကဲ့ခင်ဗျာ။ ကျနော်မေးခွန်းလေး တခုလောက် မေးပါရစေ။ အဲဒီမှာ ရန်ကုန်နဲ့ ကျန်တဲ့ တိုင်းနဲ့ ပြည်နယ်တချို့မှာဖြစ်ပွားခဲ့တဲ့ ဆန္ဒပြပွဲတွေမှာ ကြံ့ခိုင်ရေးအမည်ခံပေ့ါနော် ပြည်သူအမည်ခံတွေက တားဆီးနှောင့်ယှက်တာရှိတယ်။ ပခုက္ကူရော။"

"ပခုက္ကူမှာက အဲဒီအနေအထားသူတို့ ဒီဖက်မှာမရှိဘူးဗျ။ ဟိုဟာလေးတခုပေ့ါဗျာ။ တွေ့ရတာ အမှတ် (၁) ရဝတက တခုပေ့ါ။ ဒါလဲပဲ သူတို့ရဲ့ ပြင်ဆင်မှုပါ လောက်လေးဂွတွေ ဘာတွေနဲ့လေ ကြံ့ဖွံ့တွေနဲ့ ပြင်ဆင်တာတွေ့လိုက်ရတယ်။ ဒါပေမဲ့လို သူတို့တတွေလဲပဲ အဲဒီဖက်ကို လမ်းမဖက်ကို ရောက်မလာပါဘူးဗျာ။"

"ဒီမြင်ကွင်းနဲ့ ပတ်သက်ပြီးတော့ရော ဦးရဲ့ တယောက်ထဲရဲ့ ရင်ထဲမှာရော ဘယ်လိုဖြစ်ရလဲ။ "

"ကျနော့်ခံစားချက်ကတော့ ဒီလိုဗျ။ သူတို့ အင်န်အယ်လ်ဒီ ပါတီကနေ ဦးဆောင်တဲ့အတွက် ကျနော်တို့အနေနဲ့တော့ အင်မတန်ဝမ်းသာတာပေ့ါဗျာ။"

## လပွတ္တာတွင် ပြည်သူတထောင်ခန့် ပါဝင်သည့် ငြိမ်းချမ်းစွာဆန္ဒပြပွဲ ဖြစ်ပွား

*၃ ၊ စက်တင်ဘာ ၊ ၂၀၀၇*

ယနေ့မနက် (၈) နာရီခန့်ကစပြီး ဧရာဝတီတိုင်း လပွတ္တာမြို့မှာ လောင်စာဆီဈေးချရေး ဆန္ဒဖော်ထုတ် တောင်းဆိုရာတွင် ပြည်သူထောင်နဲ့ချီ ပါဝင်ခဲ့ပါသည်။

"ကုန်ဈေးနှုန်းကျဆင်းရေး အတွက် ငြိမ်းချမ်းစွာဆန္ဒပြနေသည်" ဆိုသည့် ပိုစတာဆိုင်းဘုတ်ကို ကိုင်ဆောင်ပြီး လပွတ္တာမြို့သား သုံးဦးမှ မြို့နယ်ရဲစခန်းအနီး သပိတ်ကြိုစေတီနားတွင် စတင်ဆန္ဒပြ တောင်းဆိုကြခြင်းဖြစ်ပါသည်။ ၄င်းကိစ္စနှင့် ပတ်သက်ပြီး ဆန္ဒပြနေသူများအား ကိုယ်တိုင်မြင်တွေ့ခဲ့သည့် လပွတ္တာမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လဲဖြစ် ၊ လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဒု ဥက္ကဌလဲဖြစ်သည့် ဒေါက်တာအေးကြူမှ ယခုလို ပြောပါသည်။

"ဒီနေ့ (၈) နာရီကျော်ကျော်လောက်က စလုပ်တာ အဲလို သပိတ်ကြိုဆိုတာ အောင်မိုးဝင်းရယ်၊ ဌေးဝင်းရယ်၊ နောက်တခါကျတော့ ကြည်သန်းရယ်။ ခေါင်းဆောင်အောင်မိုးဝင်း၊ အောင်မိုးဝင်းကနေပြီးတော့ (၈) နာရီလောက်က စထွက်တာ သူတို့နောက်မှာ သူတို့နဲ့မိတ်ဆွေတွေပေါ့၊ သူတို့နဲ့လုပ်ဖော်ကိုင်ဖက်တွေပေါ့။ ဝိုင်းရံတာ နောက်ကနေပြီးတော့ ပြည်သူတွေပါလာတယ်။ နောက် အဲဒီ သပိတ်ကြိုမှာ သူတရားတခါဟောတယ်။ နော် သပိတ်ကြိုရှေ့မှာ တရားဟောတယ်။ ဟောပြီးတဲ့အခါကျ အဲဒီ မြို့လယ်ခေါင် ဘုရားလမ်းအတိုင်း တက်လာတယ်။ တက်လာလိုက်တာ လူ (၃၀၀) လောက်ရှိမယ်။ (၃၀၀) ကျော်၊ (၄၀၀) လောက်ရှိမယ်။ ဘုရားလမ်းအလယ်လောက် ဆုံးခါနီးလဲကျရော၊ အဲဒီအောင်မင်္ဂလာ သြဘာလမ်းရှိတယ်။ ဒုတိယ မိန့်ခွန်းတခါပြောတယ်။ ကိုအောင်မိုးဝင်းပဲပြောတယ်။ အဲဒီမှာ ကုန်ဈေးနှုန်းကျဆင်းရေးတို့ ကျောင်းသားတွေ ကလေးတွေအလုပ်လက်မဲ့ဖြစ်နေတာ ကုန်ဈေးနှုန်းတက်လို့ ပြဿနာတွေ ဖြစ်တာ၊ လူတွေ ငတ်နေပြတ်နေတာတို့ စီးပွားရေး အခြေအနေမကောင်းတာပဲ အဲဒီအကြောင်းတွေ ပြောတယ်။ ပြောပြီးတော့ တော်တော်လေး ပြောပြီးတဲ့အခါကျမှ အဲဒီအချိန်မှာ လူ (၈၀၀)၊ (၉၀၀) လောက်ရှိနေပြီ။ နည်းတာမဟုတ်ဘူး။ (၈၀၀)၊ (၉၀၀) လောက်ရှိတယ်။ အဲဒီအထဲကနေ သြဘာလမ်းအတိုင်းတက်သွားတယ်။ သြဘာလမ်း အဲဒီကနေ စတက်တဲ့အခါကျတော့ ဒုတိယ ရိုးမမိုး လက်ဖက်ရည်ဆိုင်နား အောင်မင်္ဂလာလမ်းနဲ့ အဲဒီ သြဘာလမ်းနဲ့ထောင့်မှာ ရိုးမမိုး လက်ဖက်ရည်ဆိုင်နားမှာ တခါဟောတယ်။ ဟောတဲ့အခါကျတော့ အဲဒီနားက ဈေးရှိတာကိုး။ ဈေးလေးရှိတော့လူတွေအများကြီးပဲ၊ အဲဒီကျတော့ ထောင်ဂဏန်းရှိသွားပြီ။ ထောင်ဂဏန်းရှိသွားပြီးတော့ တခါတည်း အဲဒီမှာ တရားဟော ဟောပြီးတာနဲ့ ဆက်သွားတယ်။ သြဘာလမ်း ဆုံးလဲဆုံးရော မြို့စွန်ရောက်သွားတယ်။ တားတဲ့နေရာပေါ့ မြို့၊ မြို့အစွန်တားတဲ့နေရာပေါ့ အဲဒီကျမှ မဝတနဲ့ အာဏာပိုင်အဖွဲ့တွေကနေပြီးတော့ ရဲတွေက ယူနီဖောင်း မဝတ်ပဲနဲ့ သူတို့ ခေါ်ပြီးတော့ ဆွေးနွေးစရာရှိလို့ပါတဲ့။ ပြည်သူကို မဝတ ဥက္ကဌက တောင်းပန်တာ။ ဘာမှမဖြစ်စေရပါဘူး။ အားလုံးငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြည်းဖြည်းဆေးဆေးဆွေးနွေးမှာပါတဲ့ ဆွေးနွေးပြီးရင် အခြေအနေကောင်းပြီးတော့ ပြန်ပြီးတော့ ပြည်သူကို မဝတက ပြောတယ်။ ပြောပြီးတဲ့အခါကျ ကိုအောင်မိုးဝင်းတို့ကို ကိုအောင်မိုးဝင်းတို့ကလဲ ကိစ္စမရှိပါဘူး။ ကျနော်တို့လုပ်ထားတဲ့ကိစ္စ ကျနော်တို့ဘာသာရှင်းပဲ့မယ်။ ဘာမယ်ပြောပြီးတော့ စစ်ကားနဲ့ မြောင်းမြဖက်ကို သွားတယ်။ မြောင်းမြကို ခေါ်သွားပြီနဲ့ တူတယ်။"

"သူတို့ကို မယကရုံးကို ခေါ်သွားတာမဟုတ်ဘူးလား။ "

"မဟုတ်ဘူး။ ဟိုဒင်းခေါ်သွားတယ်တဲ့ ဂျစ်ကားနဲ့ မြောင်းမြဖက်ကို မောင်းထွက်သွားတယ်။ အဲဒီအထွက်က မြောင်းမြကို သွားတာပေါ့။ မြောက်မြဖက်ကို ဂျစ်ကားနဲ့ မောင်းထွက်သွားတယ်တဲ့။"

ဟုတ်ကဲ့။

"ကျနော်ထင်တာ မြောင်းမြကို ခေါ်သွားနိုင်တယ်။"

"ဟုတ်ကဲ့ အဲဒီမှာ ပြည်သူတွေရဲ့ အခြေအနေကရော ဘယ်လိုမြင်ရသလဲ ခင်ဗျ။"

"ပြည်သူတွေကတော့ အများကြီးပဲဗျာ။ ဒီတခါ အံ့သြလောက်အောင်များတယ်ဗျာ။ တဖြည်းဖြည်းနဲ့ ပြည်သူရဲ့ ဆန္ဒကို ဖော်ထုတ်တဲ့နေရာမှာ ဒီတခါတော့ တော်တော်အောင်မြင်တယ်။ ကိုအောင်မိုးဝင်းတို့ ကိုကြည်သန်းတို့ လုပ်ရပ်ကို ကျနော်ချီးကျူးပါတယ်။ ကိုအောင်မိုးဝင်းကလဲ တချိန်က ကျနော်တို့ အင်န်အယ်လ်ဒီရဲ့ မြို့နယ်စည်းပါပဲ။ နောက်ပိုင်း မြို့နယ်စည်းက

ထွက်သွားတာ။ နောက်ကိုဌေးဝင်းဆိုတာကတော့ မြို့နယ် ရပ်ကျေးဥက္ကဋ္ဌပါ။ ကိုကြည်သန်းဆိုတာလဲ (၉) လေးလုံးက ကျနော်နဲ့အတူအဖမ်းခံရတဲ့သူပါ။ ကိုကြည်သန်းက”

ဆန္ဒပြပွဲကို ကိုယ်တိုင်မြင်တွေ့ခဲ့သည့် လပွတ္တာမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးကြူ ပြောပြသွားခြင်းပါ။ သူတို့သုံးဦးကို လပွတ္တာမြို့နယ် မယက ဥက္ကဋ္ဌအပါအဝင် အာဏာပိုင်များမှ ဆွေးနွေးစရာရှိတယ်ဆိုပြီး မြောင်းမြဖက်ကို ဂျစ်ကားတစီးနှင့် ခေါ်ဆောင်သွားခြင်း မြင်လိုက်ရသည်ဟု မျက်မြင်များမှ ပြောပါသည်။ ယခုချိန်ထိ သူတို့ ဘယ်မှာ ရောက်နေတယ်ဆိုတာ မသိရသေးပါ။ လပွတ္တာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အနေနှင့် အခြေအနေကို စောင့်ကြည့်နေဆဲဖြစ်ပြီး ပါတီဝင်များအား သူတို့သဘောဆန္ဒအရ ဆန္ဒဖော်ထုတ်ပွဲများ လုပ်ဆောင်ပါဝင်သည့် ကိစ္စနဲ့ပတ်သက်၍ အရေးမယူကြောင်း အဖွဲ့ချုပ်မ ကြေညာထားပြီး ဖြစ်ပါသည်။

**အစသို့**

---

## လပွတ္တာ၌ ဖမ်းခံနေရသူ (၅) ဦးရှိ

*၀၄ ၊ စက်တင်ဘာ ၊ ၂၀၀၇*

ရောဝတီတိုင်း လပွတ္တာမြို့တွင် လူအင်အား ထောင်ချီအားပေးခဲ့သည့် ကုန်ဈေးနှုန်း ကျဆင်းရေး ဆန္ဒပြပွဲကို ဦးဆောင်မှုနှင့် ဖမ်းဆီးခံရသူဦးသည် အနည်းဆုံး (၅) ဦးရှိသွားပြီ ဖြစ်ကြောင်း မြို့ခံများမှ ပြောပါသည်။ ၄င်းတို့မှာ ကိုအောင်မိုးဝင်း ၊ ကိုကြည်သန်း၊ ကိုဌေးသန်းနှင့် နောက်ထပ် ဖမ်းခံရသူ ကိုမောင်ကျော်နှင့် ကိုပေါက်စ တို့ဖြစ်ပါသည်။ အဖမ်းခံရသည့် ကိုအောင်မိုးဝင်းတို့ (၃) ဦးကို မြောင်းမြမြို့သို့ ခေါ်မသွားဘဲ လမ်းတွင်ရှိသည့် ကျောက်မှော်ကျေးရွာ ရယက ရုံးကိုခေါ်ပြီး စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်းမြို့ခံများမှ ပြောပါသည်။ ကျောက်မှော်ရွာ ရယကရုံးတွင် နှစ်နာရီနီးပါးကြာ စစ်ဆေးမေးမြန်းပြီး လပွတ္တာမြို့မှ ဧည့်ရိပ်သာကို ပြန်ခေါ်ဆောင်လာပြီး လူခွဲစစ်ဆေးမေးမြန်း နေပါသည်။ ဧည့်ရိပ်သာတွင် သူတို့ (၅) ဦးစလုံးကို ခရိုင်ရဲမှူးကိုယ်တိုင် စစ်ဆေးနေတကြောင်း ဒေသခံများမှ ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။

**အစသို့**

---

## ဘုရားပေါ် ဝတ်ပြုဆုတောင်းသူတဦးကို ဘုရားလုံခြုံရေး ရဲတွေက ဖမ်းဆီး

*၄ ၊ စက်တင်ဘာ ၊ ၂၀၀၇*

ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသား အားလုံး လွတ်မြောက်ရေးအတွက် ယနေ့ အင်္ဂါနေ့တွင် ရွှေတိဂုံဘုရား တက် ဝတ်ပြုဆုတောင်း ခဲ့သူတဦးကို ဘုရားလုံခြုံရေး ရဲများမှ ဖမ်းဆီးပြီး ကျိုက္ကဆံ စစ်ကြောရေးစခန်းကို ပို့လိုက်သည်ဟု သိရပါသည်။ ၄င်းအကြောင်း အပါအဝင် ရန်ကုန်၊ ပဲခူး၊ မန္တလေးနှင့် တနိုင်ငံလုံးမှ အင်္ဂါဘုရားဖူးအဖွဲ့များမှ အခြေအနေများအား စုစည်းတင်ပြထားပါသည်။ ယနေ့ ရွှေတိဂုံဘုရားတွင် အဖမ်းအဆီးခံရသူ ဒေါ်မြမြစန်းသည် အင်းစိန်မြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဝင်တဦးဖြစ်ပါသည်။ ဒေါ်မြမြစန်း အဖမ်းအဆီးခံခဲ့ရသည့် ကိစ္စကို အင်္ဂါ ဘုရားဖူးအဖွဲ့ ခေါင်းဆောင် နော်အုန်းလှ မှ ယခုလို ပြောဆိုပါသည်။

“သူက (၁) နာရီလောက်မှာ ဘုရားရဲတွေက လာခေါ်သွားတာ၊ တနာရီခွဲ ဘုရားရှစ်ခိုးပြီးတဲ့ အခါကျတော့ ဘုရားလုံခြုံရေးသမားဆီသွားတဲ့အခါကျတော့ ကျမတို့ မမြစန်းကို ခေါ်တယ်ဆိုတာ ဘာဖြစ်လို့လဲလို့ အဲဒီအခါကျတော့ သူတို့ မခေါ်ထားပါဘူးတဲ့။ မခေါ်ထားဘူးဆိုရင်လို့ ဒီအစ်ကိုတွေ သူတို့မြင်တာပဲလို့ ဆိုတဲ့အခါကျတော့၊ အစ်ကိုဟုတ်လား၊ ဟုတ်တယ် သူခေါ်သွားတာဆိုတော့ ဌာနစုမှူးပေ့ါနော်၊ အဲဒီလူက ပြောင်ငြင်းတာပေ့ါ။ သူကလဲ ဒီဖက်ကငြင်းတဲ့အခါကျတော့ ကျမက အဲဒါဆိုရင် အဲဒါဆို ကျမတို့ လူပျောက်တိုင်မယ်လို့ ဘုရားပေါ်မှာ လူပျောက်တိုင်မယ်ဆိုတဲ့အခါကျတော့မှ ခေါ်ထားတယ်တဲ့ အခု ကျိုက္ကဆံကို ပို့လိုက်ပြီတဲ့။”

နော်အုန်းလှ ပြောဆိုသွားခြင်းပါ။ အလားတူပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့ကလည်း သံဃာတော် အပါး (၂၅၀) ကို ဆွမ်းလောင်းခဲ့ပြီး ရွှေတိဂုံဘုရားတက်ခဲ့ပါသည်။ သို့ပေမဲ့အာဏာပိုင်များမှ တက်ခွင့်မပေးပဲ တားဆီးခံခဲ့ရသည့်အကြောင်းကို ဗဟို အမျိုးသမီးအဖွဲ့ ခေါင်းဆောင် ဒေါ်အေးအေးမာမှ ယခုလို ပြောဆိုပါသည်။

“ဘုရားပေါ်တော့ အတက်မခံပါဘူး။ ကျမတို့ကို နိုင်ငံရေးရုပ်ပုံပါတဲ့လူတွေ ဘုရားပေါ် တက်ပြီး မဖူးရဘူးဆိုတဲ့စာတွေကို သူတို့က လှေခါးနားမှာ အများကြီးပဲ ကပ်ထားပါတယ်ရှင့်။ အဲဒါကြောင့်မို့ ကျမတို့က မြောက်ဖက်မုခ်ကနေပြီးတော့ ဘုရားပေါ်ကို မတက်ပဲနဲ့ အဲဒီ လမ်းလေးရှိတယ်။ အဲဒီ လမ်းကြားထဲက ဘုရားကို သွားတော့ ကျမတို့လာတာလဲ တွေ့လဲတွေ့ရော

ငါးဆူဘုရားဆိုတဲ့ ဘုရားက တံခါးကနေပြီးတော့ ပိတ်လိုက်တယ်ရှင့်။ ပိတ်လိုက်ပြီးတာနဲ့ ကျမတို့လဲ အဲဒီဘုရားကိုလဲ မသွားပဲနဲ့ အဲဒီမှာ ညောင်ပင်ကြီးမှာရှိတဲ့ ဘုရားမှာပဲ ကျမတို့ ဆုတောင်းပြီးတော့ ဘုရားရှိခိုးခဲ့ကြပါတယ်။ ကျမတို့ဘုရားရှိခိုးတဲ့ အချိန်မှာ မိုးရွာနေပေမဲ့လဲ ကျမတို့က ကိုယ့်အရဆကသအဒေါ်စု ဘုရားနှစ်ခုကို အောင်မြင်အောင်လို့ ရှစ်ခိုးပြီးတော့မှ ကျမတို့ ရုံးကို ပြန်လာခဲ့ကြပါတယ်ရှင့်။”

အလားတူပင် ပဲခူးတိုင်း ပဲခူးမြို့ ရွှေမော်ဓောဘုရားကို ဝတ်ပြုဖို့သွားသူသူများကိုလည်း အာဏာပိုင်များမှ တားဆီးပါသည်။ ၄င်းအကြောင်းကို ပဲခူး အင်္ဂါဘုရားဖူးအဖွဲ့ဝင် ဒေါ်ခင်ညွန့်မူမှ

“ဘုရားကို ကျမတို့အဖွဲ့တွေကို မပေးဝင်ပါဘူး။ ဘာဖြစ်လို့ ကျမတို့ကို မပေးဝင် တာလဲဆိုတော့ အများပြည်သူလဲ ဝင်နေကြတာပဲ ကျမတို့က လေးငါးယောက်ထဲ ဝတ်ပြု ဆုတောင်းကြတာဖြစ်တယ်ဆိုတော့ ဟုတ်တယ်တဲ့။ အဲဒီ လေးငါးယောက်ကိုပဲ အထက်က နေပြီးတော့ မပေးဝင်ဖို့ ခိုင်းထားလို့ပါတဲ့။ ဘုရားရဲ့ အပြင်ဖက်ပေါ့နော် ခြသေ့်နားမှာပဲ ဆုတောင်းကြတယ်ပေါ့။ ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ၊ နိုင်ငံရေးအကျဉ်းသားများ အားလုံး အမြန်ဆုံး လွတ်မြောက်ပါစေ”

ဒေါ်ခင်ညွန့်မူ ပြောဆိုသွားခြင်းပါ။ မန္တလေးတိုင်း၊ မိတ္ထီလာတွင်လည်း ယနေ့ ဆွမ်းကပ်အမျှဝေ ဆုတောင်းပွဲ ပြုလုပ်ခဲ့သည်ဟု မြို့နယ်အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးမှ ယခုလို ပြောပြပါသည်။

“ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး အင်္ဂါနေ့တိုင်း ဆုတောင်း ဆွမ်းလောင်း လှူပွဲဆိုတဲ့ ဒီ နဖူးစည်းစာတန်းကို ချိတ်ဆွဲပြီးတော့ အဲဒီ စာတန်းအောက်မှာပဲ ကြွလာတဲ့ သံဃာတွေကို ဆွမ်းလောင်းခဲ့ပါတယ်။ သံဃာ (၁၅၀) လောက် ကြွရောက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားများ အားလုံး လွတ်မြောက်ရေး ဆုတောင်းဖို့အတွက် သံဃာတပါးကို ပင့်ပြီးတော့ ရေစက်ချ ဆုတောင်းမှုကို ပြုလုပ်ခဲ့ပါတယ်။ သံဃာကတော့ ဦးဇင်း ဦးဝန္နိသရကနေပြီးတော့ မေတ္တာပို့ ရေစက်ချ အမျှပေးဝေပေးမှုကို ပြုလုပ်ခဲ့ပါတယ်။”

“အရှင်ဘုရား ဥာဏ်ကောင်းမှု အလားတူ ဝမ်းတွင်းမြို့ မြဘုန်းရှင် ဘုရားမှာလဲ အဖွဲ့ချုပ်ဝင် တွေက ဆုတောင်းပွဲ ပြုလုပ်ခဲ့သလို မလိုင်မြို့နယ် ရွှေမော်ရေဆကသအဒေါ်ဘုရားမှာလဲ ပင်နီအင်္ကျီတွေ ကိုယ်စီ ဝတ်ပြီး ဆုတောင်းပွဲ ပြုလုပ်ခဲ့ကြကြောင်း သိရပါတယ်။ အလားတူပဲ မန္တလေးမြို့မှာလဲ ပြုလုပ်ခဲပါတယ်။ ဦးဆောင် ပြုလုပ်ခဲ့ပသူ ကိုဝဏ္ဏအောင်က အခုလို ပြောပြပြန်ပါတယ်။ ”

“ငွေတောင်တိုက် သာသနာကျောင်းမှာ ကျနော်တို့ မနက် (၁၀) နာရီလောက်က ကျနော်တို့သွားပြီးတော့ ဒီ ဆရာတော်ကြီးတွေကို ဆွမ်းချိုင့်ပို့ပြီးတော့ ဒီဆွမ်း အနုမော တနာတရား နာခဲ့တယ်။ နောက် ဆွမ်းချိုင့်ပို့ရခြင်းရဲ့ ရည်ရွယ်ချက်က ကျနော်တို့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေး အကျဉ်းသားတွေ အမြန်ဆုံး ပြန်လွတ်ဖို့ရယ်။ အခုဖမ်းဆီး ထိန်းသိမ်းထားတဲ့ (၈၈) မျိုးဆက်ကျောင်းသားတွေ အမြန်ဆုံးပြန်လွတ်ဖို့ရန်အတွက် ဒါ ကျနော်တို့ ဆွမ်းချိုင့်ပို့တဲ့ဟာ၊ နောက် အခု ကျနော်တို့ လမ်းလျှောက်ဆန္ဒပြတဲ့ ဒီပြည်သူ အယောက် (၁၀၀) ကျော် ဒီဖမ်းဆီးထားတဲ့ ဟာတွေလဲ အမြန်ဆုံးပြန်လည် လွတ်မြောက်ဖို့ ရန်အတွက် ကျနော်တို့က ဒါ ဆွမ်းချိုင့်ပို့တာပါ။ ”

ယနေ့ အင်္ဂါဘုရားဖူး တဦးကို ဖမ်းဆီးဖမ်းဆီးခြင်းကို ပဲခူး ရွှေမောဓောဘုရား၊ ရွှေတိဂုံ ဘုရားတွေအပေါ် တက်ရောက်ဝတ်ပြုခွင့်ကို အာဏာပိုင်များ တားဆီးခြင်းနှင့် ပတ်သက်ပြီး ပဲခူး အဖွဲ့ချုပ် အမျိုးသမီး ဒေါ်ခင်ညွန့်မူ၊ ဗဟို အမျိုးသမီးခေါင်းဆောင် ဒေါ်အေးအေးမာတို့မှ ယခုလို အဖွဲ့ဝင်များအား ဝေဖန်သွားကြောင်းပါ။

“အဖွဲ့ချုပ်ဝင်တွေကိုမှ ရွေးပြီးတော့ခွင့်မပြုတာတွေက ဆိုရင် ဒါ ကျမတို့က အများ ရရှိတဲ့ အခွင့်အရေးကိုတောင် မရရှိပဲနဲ့ လူ့အခွင့်အရေး ချိုးဖောက်ခံနေရတာဖြစ်တယ်။” “ဒီ ကျမတို့ မြန်မာနိုင်ငံ ယဉ်ကျေးမှုလဲ ထွန်းကားတယ်။ ဗုဒ အများဆုံး နေထိုင်တဲ့ တိုင်းပြည်မှာ ဒီလို အမျိုးသမီးတွေက ကိုယ်ဘာကိုယ် ဘာသာတရားကို ရိုသေ ကိုင်းရှိုင်းတဲ့အားဖြင့် ဆုတောင်းမယ် မေတ္တာပို့မယ်။ အဲဒီ ကိစ္စ လုပ်တဲ့ဟာကို အာဏာပိုင် တွေကနေ တားတယ်။ ဆီးတယ်ဆိုတာ အင်မတန်မှကို ရှက်စရာကောင်းတယ်ရှင့် မြန်မာနိုင်ငံ အဖို့။ ကြားရတဲ့သူ အဖို့ကတော့ တော်တော် အံ့ဩတယ်။ ဒီလို ယဉ်ကျေးမှုထွန်းကားတဲ့ နိုင်ငံမှာ ဒီလို ပိတ်ဆို့ တားမြစ်မှုတွေက ကမ္ဘာမှာလဲ ရှက်စရာကောင်းတယ်။ မြန်မာလူမျိုး အချင်းချင်းလဲ ရှက်စရာကောင်းတယ်။ ဒီလိုလုပ်ရပ်မျိုးတွေကို ကျမတို့က ကန့်လဲ ကန့်ကွက် တယ်။ ရှုံ့လဲ ရှုံ့ချပါတယ်ရှင့်။ ”

**အစသို့**

ပခုက္ကူမြို့တွင် ဖြစ်ပွားခဲ့သည့် သံဃာတော်များ ဆန္ဒပြပွဲကို စစ်တပ်က ပစ်ခတ်ဖမ်းဆီး နှိမ်နင်းခဲ့သည့်အကြောင်း အသေးစိတ်သတင်းကို ထုတ်လွှင့်ပေးမှာ ဖြစ်ပါသည်။ မြို့လယ် လမ်းမတလျှောက် ငြိမ်းချမ်းစွာဝတ်ပြု ဆုတောင်းနေသည့် သံဃာတော်များအား ပထမပိုင်းတွင် ရဲတပ်ဖွဲ့ဝင်များမှ တားဆီးခဲ့ပြီး၊ သံဃာများမှ ကျော်ဖြတ်သွားခဲ့သည်ဟု ကိုယ်တိုင်ပါဝင်ခဲ့သည့် သံဃာတော်တပါးမှ ပြောပါသည်။။ နောက်ပိုင်းတွင် စစ်တပ်ကားများ ရောက်လာပြီး သေနတ်များနှင့် ၄င်းတို့ချိန်ထားကြောင်း၊၄င်း နောက် သံဃာမဟာနာယကမှ သံဃာအရာရှိများ ရောက်လာပြီး အဲဒီသံဃာများကိုယ်တိုင်မှ သူတို့ကိုဝင်ဖမ်းကြောင်း၊ ၄င်းနောက် နောက်ရုန်းရင်း ဆန်ခတ်ဖြစ်ပြီး၊ စစ်တပ်မှ သေနတ်များနှင့် ၄င်းတို့အဖွဲ့ထံ ပစ်ခတ်ကြောင်း၊ လူစုကွဲသွားသည့် သံဃာတော်များကို ကြိုးကွင်းပစ်ဖမ်းဆီးပြီး အနည်းဆုံး သံဃာ (၁၀) ပါးခန့် ဖမ်းဆီးခံလိုက်ရသည်ဟု ၄င်း သံဃာ်တော်ကပင် မိန့်ကြားပါသည်။ ထို့အပြင် ဖမ်းမိသည့် သံဃာငယ်များအား လမ်းဘေးရှိ ဓါတ်မီးတိုင်တွင် ကြိုးနှင့်တုတ်ပြီး စစ်သားများမှ ရိုက်နှက်ခဲ့သည်ဟု ၄င်းသံဃာတော်မှပင် ဆက်လက်မိန့်ကြားသွားပါသည်။ ယခု ဆန္ဒပြပွဲတွင်ကိုယ်တိုင်ပါဝင်ခဲ့သူ သံဃာတော်နှင့် မေးမြန်းချက်ကို နားဆင်နိုင်ပါပြီ။

"တင်ပ့ါဘုရား၊ ဒီကနေ့ ပခုက္ကူမှာ သံဃာတော်တွေ လမ်းလျှောက်ပြီးတော့ ချီတက် ဆန္ဒပြတယ်လို့ တပည့်တော် သိရပါတယ်ဘုရား။ အဲဒါ ဦးဇင်းဘုရား ပါဝင်ပါသက်ခဲ့လား ဘုရား။"

"အဲ ဟုတ်ကဲ့ ဒကာကြီး ဦးဇင်းတို့အနေနဲ့ကတော့ ရဟန်းသံဃာဆိုတာ ပြည်သူ လူထုကိုပဲ အမှီပြုပြီးတော့ ပဋိယတ်၊ ပဋိပတ်ကို လုပ်ရတယ်လေ။ ဒကာကြီး အဲဒါကြောင့် ဒကာ ဒကာမတွေရဲ့ အခက်အခဲတွေ များများဖြစ်လာတဲ့အခါ ဦးဇင်းတို့အနေနဲ့ ခံစားချက် တွေက တဖြည်းဖြည်း ရှိရှိလာတယ် ဒကာကြီး။ အဲဒါနဲ့ သံဃာထုကနေ မခံနိုင်ပြီးတော့ ဦးဇင်းတို့ တောင်းဆိုချက် အကြောင်းတရား သုံးချက်ပါတဲ့ ဥစ္စာကို ဆိုင်းဘုတ်ထောင်တယ်။ မြို့ကို ပတ်ပြီးတော့ ဦးဇင်းတို့အနေနဲ့ မေတ္တာပို့တာ ဒကာကြီး။"

"တင်ပ့ါဘုရား၊ သံဃာတော်အပါး ဘယ်လောက်လောက် ပါဝင်ချီတက်ကြလဲ ဘုရား။"

"သံဃာတော်အပါး (၂၅၀) ကျော်၊ (၃၀၀) လောက်ရှိမယ်။ ပထမ ကြားသိရတာကတော့ (၄၀၀) ကျော်၊ (၅၀၀) ပေ့ါနော်။ "စုစုပေါင်းဆိုရင်တော့ နောက်ဆုံးပေါင်းလိုက်တဲ့အခါ အဲလောက်တော့ ရှိမယ် ဒကာကြီး၊ (၅၀၀) တပတ်လည်လောက်ကို ရှိမယ်။"

"တင်ပ့ါဘုရား။ တင်ပါ။ "

"စထွက်တဲ့ ဥစ္စတော့ အဲလောက်လောက်ရှိတယ်။" "ဦးဇင်းတို့ အဓိက တောင်းဆိုချက် သုံးရပ်က ဘာတွေပါလဲ ဘုရား။ ရှင်းပြပေးပါ။ "

"ဦးဇင်းတို့ တောင်းဆိုချက် သုံးရပ်ကတော့ ဒကာကြီးရယ်။ ကုန်ဈေးနှုန်းကျဆင်းရေး၊ လောင်စာဆီဈေးနှုန်းကျဆင်းရေး၊ ဆန္ဒပြလှုပ်ရှားသူများကို ဖမ်းဆီးထားတဲ့ ပုဂ္ဂိုလ်တွေကို အမြန်ဆုံး ပြန်လွှတ်ပေးရေး။"

"ဒီလိုမျိုး တောင်းဆိုတဲ့အခါမှာ ဦးဇင်းတို့ မြို့ကို ပတ်တဲ့အခါမှာ သက်ဆိုင်ရာက အရေးယူတာရှိလားဘုရား။ "

"ပထမတော့ ဦးဇင်းတို့အနေနဲ့ လူစုတဲ့နေရာကနေ တခေါ်လောက်ရှိတဲ့နေရာမှာ သံဃာတဖွဲ့နဲ့ တခါထပ်စုတယ်။ အဲဒီအချိန်မှာ ရဲလောက်ပဲ ရောက်တာ ဒကာကြီး။ အဲဒီ ရဲက တားတယ်။ တားတော့ ဦးဇင်းတို့အနေနဲ့ ဒကာကြီးတို့ ငြိမ်းငြိမ်းချမ်းချမ်းလေး ဖြစ်မှာပါ။ ပွဲက ဒကာကြီးတို့အနေနဲ့ လိုက်ပြီးတော့ ကြည့်ရုံပဲ ကြည့်ပါ။ ဦးဇင်းတို့အဖွဲ့ကို ဦးဇင်းတို့ တာဝန်ယူပါတယ်။ အခုလုပ်တာကလဲ မေတ္တာပို့မှာပါ။ ကြွေးကြော်သံတွေ ဆန္ဒပြတာတွေ မပါပါဘူး။ ဒကာကြီးတို့အနေနဲ့ ကြည့်ရုံပဲ ကြည့်ပါ။ ဦးဇင်းတို့ပွဲကို ဦးဇင်းတို့ တာဝန်ယူ သွားပါမယ်။ အဲလိုလုပ်တော့ ချီတက်ကြပြီးတော့ ဦးဇင်းတို့ အရှေ့တိုက်ထဲကို ဝင်သွား၊ ဝင်သွားပြီးတော့ အရှေ့တိုက်ထဲက သံဃာတော်တွေပါလာ။ ပါလာပြီးတော့ ဟိုဖက်ကို ပေါက် လမ်းမကြီးဖက်ကို မြို့မလမ်းမကြီးဖက်ကို ဦးဇင်းတို့ ထွက်လိုက်တဲ့အချိန်မှာ သံဃာတွေက (၅၀၀) တပတ်လည်လောက်ရှိသွားတယ်။ အဲဒီမှာ မေတ္တာပို့သံတွေနဲ့ပေ့ါဗျာ။ နှစ်နှစ်ကာကာ လှိုက်လှိုက်လှဲလှဲ ရှိကြတယ်ဗျ။ အဲ အဲဒီမှာ သူတို့အနေနဲ့ စစ်ကားတွေ ရောက်လာတယ်ဗျ။ စစ်ကားတွေရောက်လာပြီးတော့ ရှေ့ကနေပြီးတော့ လှမ်းမြင်သာလောက်တဲ့နေရာကနေ လှမ်းပြီးတော့ သေနတ်တွေနဲ့ ချိန်ထားတယ်။ အဲဒီတော့ဦးဇင်းတို့အဖွဲ့ကလဲ မေတ္တာရပ်တယ်။ ခုနတုန်းက မေတ္တာသံတွေကိုပဲ မေတ္တာပို့သံ တညီတညွတ်နဲ့ ဦးဇင်းတို့ ပြောကြတယ်။ အော်ကြတယ်ပေ့ါလေ။ အဲ အဲလို ပြောတဲ့အချိန်မှာ ဦးဇင်းတို့ သံဃာ့နာယက ကားကြီး ရောက်လာတယ် ဒကာကြီး။ သံဃာ့နာယက ကားကြီးရောက်လာတယ်။ အဲဒီမှာ ဦးတေဇော ပေ့ါလေ။ ပခုက္ကူမြို့နယ် သံဃာ့နာယကအဖွဲ့ အဲဒီမှာ စာချဘုန်းကြီးတပါးနဲ့ အဲဒီအချိန်မှာ သူကိုယ်တိုင်က ဝင်ဖမ်းတာ ဒကာကြီးရဲ့။ သူကိုယ်တိုင်က ဝင်ဖမ်းတာ။ ဝင်ဖမ်းပြီး ဝင်ချုပ် ပေးတာပေ့ါ ဒကာကြီးရယ်။ ဝင်ချုပ်နေတဲ့အချိန် နောက်ကနေ ပွိုင့်မီးတချက် ထွက်လာတဲ့

အချိန်မှာ သေနတ်တွေ ပစ်ကြတယ်။ ဦးဇင်းတို့ သံဃာထုကလဲ ထွက်ပြေးကြတယ်။ မပြေးကြနဲ့ ဒို့က မေတ္တာရပ်တာ ပြောရင်း ပြောရင်းကနေ သူတို့အဖွဲ့တွေက ဝင်ဖမ်းကြဆီးကြ။ ကိုယ်တော်တွေကို ကြိုးကွင်းနဲ့ ပစ်ပြီးတော့ပေါ့ဗျာ။ ဒကာကြီး ကြိုးကွင်းနဲ့ပစ်ဖမ်းတာ ခြောက်ပါး လောက်တော့ပါသွားတယ် ဒကာကြီး။"

"တင်ပဲ့ါဘုရား ပြည်သူတွေရော အလဲလဲ အပြိုပြို ဖြစ်သွားတာပေ့ါ။ အဲဒီလိုပေ့ါ။ "

"ပြည်သူတွေအားလုံး တမြို့လုံး သောင်းသောင်းဖြဖြ ရှိကြပါတယ်။ လက်ခုပ်တွေ တီးကြ၊ ရေသန့်ဗူးပေးကြ၊ ဦးဇင်းတို့ ဒါတွေကို ဟိုဟာမပြုပါဘူး။ အလှူမခံပါဘူး။ ရေသန့်ဗူးတွေ မုန့်တွေ ချိုချဉ်တွေ လာပြီးတော့ ကပ်ကြတယ်။ အလှူမခံဘူး ဦးဇင်းတို့ မေတ္တာပို့တဲ့အစီအစဉ်ကိုပဲ ပြီးအောင်လုပ်မယ်ဆိုပြီးတော့၊ ဦးဇင်းတို့က မြို့ကို ပတ်လိုက်မယ်ပေ့ါ။ အဲဒါပြီးတော့ သီဟိုဠ်ရှင်ဘုရားကြီးမှာ ပရိတ်တွေ ရွတ်ကြမယ်။ ပရိတ်တွေ ရွတ်ပြီးတဲ့ အခါကျတော့ ဒို့အဖွဲ့တွေ သံဃာအဖွဲ့တွေ ပွဲကလဲ ပြီးခါနီးလောက်ပြီ ဆိုတဲ့အချိန် မွန္တလေးတိုက်နားမှာ အဖွဲ့ခွဲမယ်လို့ ဦးဇင်းတို့က သတ်မှတ်ချက် ချထားတာ။ အဲဒီအချိန်မှာ မြို့နယ် သံဃာ့နာယကအဖွဲ့တွေကလဲ လာပြီးတော့ တားကြဆီးကြပေ့ါနော်။ တိုက်ပေါက် တွေကို တံခါးတွေပိတ်၊ တိုက်ထဲမှာရှိတဲ့ သံဃာတော်တွေကို စစ်၊ အဲဒီအချိန်မှာ ဒကာကြီးရဲ့ ရိုက်ကြပုတ်ကြနဲ့ နားအုံတွေ ပွင့်တဲ့ကိုယ်တော်တွေလဲ ပွင့်သွားတယ် ဒကာကြီး။"

" နားအုံရိုက်တယ်ဆိုတာ ဘယ်သူတွေက ရိုက်တာတုန်းဘုရား။ "စစ်သားတွေက ရိုက်တာပါ။ သံဃာ့နာယက ဥက္ကဋ္ဌ ဒီမြို့မှာ သံဃာ့နာယက ဥက္ကဋ္ဌဦးတေဇောက ဝင်ပြီးမှ သူသိတဲ့ကိုယ်တော်ကို မင်း မင်း မင်း ဆိုပြီးတော့ ဝင်ဖမ်းတယ်။ မေတ္တာရပ်ခံတဲ့ စာပိုဒ်တွေကို ရွတ်ကြတဲ့အခါမှာ ဦးတေဇောဝင်ဖမ်းတဲ့အချိန်မှာ အဲဒီနောက်မှာ စစ်တပ်က စစ်သားတွေက ဝင်ပြီးတော့မှ လုံးဖမ်းတယ်။ ကြိုးနဲ့ ချီကြတာပေ့ါ။ အဲဒီအချိန်မှာ သေနတ်ဆက်တိုက်ပေ့ါလေ။ ဆယ်ချက်မကလောက်ဘူးထင်တယ် ဒကာကြီး ပစ်ကြခတ်ကြ ပေ့ါနော်။"

"သံဃာထုကို အေးအေးချမ်းချမ်းနဲ့ မေတ္တာပို့တာကို ဒီ စစ်သားက ဘုန်းကြီးကိုပေ့ါနော်။ ဝင်ပြီးတော့ ဦးဇင်းပြောလို့ ဦးဇင်းလို ကိုယ်တိုင်ပါတဲ့ ဦးဇင်းပြောလို့ တပည့်တော်တို့ သိရတာ ပါဘုရား။ ကိုယ့်နားတောင် ကိုယ်မယုံဘူးဘုရား။ အဲဒီတော့ ဒီလိုမျိုး ကိုယ်ထိလက်ရောက် သံဃာထုကို စော်ကားခံရတဲ့အပေါ်မှာရော။ သံဃာတော်တပါးအနေနဲ့ ဘာပြောချင်လဲဘုရား။ "

"ဦးဇင်းအနေနဲ့ကတော့ဗျာ ဗုဒ္ဓ ထွန်းကားတဲ့ နိုင်ငံလဲဖြစ်တယ်။ ဗုဒ္ဓဝါဒ ထွန်းကားတဲ့ နိုင်ငံကို သူတို့တွေက အုပ်ချုပ်နေတယ်ဆိုရင် သူတို့ရဲ့ ရင်ထဲမှာကို ရဓမ္မတွေ ကိန်းနေရမယ် ဒကာကြီး။ ကာယဒုစရိုက်မှု၊ ဝစီဒုစရိုက်မှု၊ မနောဒုစရိုက်မှုတွေက သူတို့ သိနေရမယ်။ ဒကာကြီးရေ ဘာမှမဟုတ်တဲ့လေ တိရစ္ဆာန်တကောင်လေးကိုတောင် ကိုယ်ထိ လက်ရောက် ပစ်မှားတယ် ကျူးလွန်တယ်ဆိုလို့ရှိရင် ကာယကံ၊ ဝစီကံ၊ မနောကံ ပါသွားတာကိုး ဒကာကြီးရဲ့ နွားတို့ ကျွဲတို့ကို သတ်လိုက်တယ်ဆိုရင် သတ်လိုက်တဲ့ ပါဏာတိပါတ ကံချင်းကတော့ အတူတူပဲ သို့သော် အကျိုးပြုတဲ့ တန်ဖိုးရှိတဲ့အပေါ်မှာကိုက ပုရွက်ဆိတ်သတ်တဲ့ အမှုပါဏာတိပါတ ကံနဲ့ နွားကိုသတ်တဲ့ ပါဏာတိပါတကံနဲ့ မတူတော့ဘူး ဒကာကြီးရဲ့၊ သီလက္ခန် အဋ္ဌကထာမှာလဲ ဖွင့်ပြထားပါတယ်။ နွားကို သတ်တဲ့အမှုက ပိုပြီးတယ်။ သူ့အသက်ကို သတ်လိုက်တာချင်းတော့ အတူတူပဲလေ။ ဒါက ရဟန်းသံဃာတွေ အနေနဲ့ သူတို့လဲ လွန်သွားရင်လဲ ဒါ ပျံတော်မူရင်လဲ ပျံတော်မူမယ်ပေ့ါလေ။ ကာယကံ မြောက်လဲ ပြစ်မှားတယ်။ ဝစီကံမြောက်၊ မနောကံမြောက်လဲ ပြစ်မှားတယ်။ အခု ဥစ္စာက (၂၇၀) သွယ်သော သိက္ခာပုဒ်တွေ ထမ်းဆောင်ထားတဲ့ ရဟန်းသံဃာတော်တွေလေ ဒကာကြီးရဲ့ ကိုယ်ထိလက်ရောက် စော်ကားတယ်။ သွေးထွက် သံယိုလုပ်တယ်ဆိုလို့ရှိရင် ဒကာကြီး ကံတရားအနေနဲ့ကတော့ မနေပါဘူး။ ဦးဇင်းအနေနဲ့လဲ ရင်ထဲမှာစိတ်မကောင်း ဖြစ်ရပါတယ်။ ဘာလို့လဲဆိုတော့ တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ လူတွေက ငါတို့ရဲ့ ဘက်မှာ ရပ်တည်ရမယ်။ သံဃာ့ခေါင်းဆောင် သံဃာ့နာယက ဆရာတော်ကြီးတွေကလဲပဲ ကိုယ့်ရဲ တပည့်သားမြေးအရွယ်တွေ၊ ကိုယ့်ရဲ့ တူသားမြေးအရွယ်လေးတွေကို ဒီလို လုပ်နေတဲ့အချိန်မှာ တပ်မတော်ဟာ သူတို့ ဩဝါဒ ပေးတာ ခံယူနိုင်ရမယ်လေ ဒကာကြီးရဲ့။ ခံယူနိုင်ပင်နိုင်ငြား သော်လဲ သူတို့အနေနဲ့ ဩဝါဒ မပေးပဲနဲ့ သူတို့ကပါ အားပေးအားမြှောက်လုပ်၊ သူတို့ ကိုယ်တိုင်ဝင်ဖမ်းတယ်ဆိုတော့ ဦးဇင်းတို့ သောတုဇန စာသင်သား တွေအနေနဲ့တော့ ရင်ထဲမှာ ခံစားချက်တွေကတော့ ကမ္ဘာမကြေဘူးဆိုတဲ့ ပုံစံမျိုးဖြစ်သွားပြီ။"

" ဆန္ဒထုတ်ဖော်ပွဲပဲသုံးသုံး ဒီပွဲတွေမှာ ဒီကနေ့ဟာ ပထမဦးဆုံးအကြိမ် သေနတ်ဖောက် ပြီးတော့ စစ်တပ်ကနေပါလာတာပေ့ါဘုရား။ နော်။"

"ဟုတ်တယ် ဒကာကြီး။ ဆန္ဒပြပွဲတွေမှာ ပထဦးဆုံးပဲ ပခုက္ကူမှာ နအဖဖက်က သေနတ် ဖောက်ပြီး ခြိမ်းခြောက်တာ။ အစိုးရအပေါ်မှာတော့ ဒကာကြီးရယ်။ ဦးဇင်းတို့အနေနဲ့ကတော့ မေတ္တာပဲရပ်ခံချင်ပါတယ်။ ထေရဝါဒ နိုင်ငံမှာ အုပ်ချုပ်နေတဲ့

မြန်မာလူမျိုးလဲဖြစ်တယ်။ ဗုဒ္ဓ ဘာသာဝင်တွေလဲဖြစ်တယ်။ အဲဒီအတွက်ကြောင့် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး သူတို့လုပ်ရပ်တွေက အလွန်အင်မတန်မှ သိက္ခာတွေကျနေပြီ ခင်ဗျားတို့ ပြန်စဉ်းစားကြပါအုံးဆိုတာ ဦးဇင်းပြော ချင်တာပါ။"

"တင်ပဲ့ဘုရား ဒီကနေ့ နောက်ပိတ်ဆုံး ညနေ (၅) နာရီခွဲပေ့ါနော် ဘုရား။ အခုအချိန် အထိနောက်ဆုံး ကြားသလောက်ဆိုရင် သံဃာကိုရင် ဘယ်နှစ်ပါး အဖမ်းခံထိသလဲဘုရား။ "

"ဦးဇင်းတို့ ပထမကြားတာ (၆) ပါးကြားတယ်။ နောက် (၄) ပါးထပ်ပါသွားတယ်လို့ ပြောတယ်။ (၁၀) ပါးပေ့ါ။ ကြိုးနဲ့တုပ်ပြီးတော့ ခေါ်သွားတယ်။ ဓါတ်တိုင်တွေမှာ ကြိုးနဲ့ ချည်ထားတာသိလား။ သိပ်ပြီးတော့ ရက်စက်တဲ့လူတွေလို့ ဦးဇင်းကပြောချင်တယ်ဗျာနော်။ ထေရဝါဒနိုင်ငံပါ။ ငါတို့ ကိုးကွယ်နေတဲ့ နိုင်ငံပါလို့ ပြောပြီးတော့ သံဃာရတနာဖြစ်တဲ့ ရတနာကြီးတွေကို ရတနာတွေကိုလေ လမ်းဘေးမှာ ရဆကာသအားဘတ်တိုင်ကြီးတွေမှာ ချည်ပြီးတော့ သိလား နှိပ်စက်ကြ တယ်ဆိုတော့ ဦးဇင်းတို့ သောတုဇနစာသင်သားတွေ အနေနဲ့တော့ ရင်ထဲမှာ ခံစားချက်တွေကတော့ ကမ္ဘာမကြေဘူးဆိုတဲ့ ပုံစံမျိုးဖြစ်သွားပြီ။"

ပခုက္ကူမြို့မှ သံဃာ်တော်များ၏ ဆန္ဒပြပွဲကို စစ်တပ်မှ ပစ်ခတ်နှိမ်နင်းခဲ့ပုံအကြောင်း ကိုယ်တိုင်ပါဝင်ခဲ့သည့် သံဃာတော်တပါးနှင့် ညနေ (၅) နာရီခန့်မှ ဆက်သွယ်မေးမြန်းခဲ့ခြင်း ဖြစ်ပါသည်။ နောက်ထပ်ရရှိသည့် အတည်မပြုနိုင်သည့် သတင်းများအရ ယခုပစ်ခတ်မှုကြောင့် သံဃာတော်အချို့ ပျံလွန်တော်မူပြီး အချို့ ပြင်းပြင်းထန်ထန် သေနတ်ဒဏ်ရာများ ရသွားကြောင်း သိရသော်လည်း အတည်မပြုနိုင်သေးပါ။ ပခုက္ကူမြို့သို့ တယ်လီဖုန်း ထပ်ဆက်သွယ်၍ မရဘဲ ဖြစ်နေကြောင်းပါ။

**အစသို့**

---

## ပခုက္ကူ၌ ရိုက်နှက် ဖမ်းဆီး လူဝတ်လဲ ခံခဲ့ရသူ သံဃာတော်နဲ့ မေးမြန်းချက်

*၀၆ ၊ စက်တင်ဘာ ၊ ၂၀၀၇*

မနေ့က ပခုက္ကူ ဆန္ဒပြပွဲအတွင်း ဖမ်းဆီးခံရပြီး ပြန်လွတ်လာသူ သံဃာ်တော် ဦးပညာစက္ကနှင့် ဆက်သွယ် လျှောက်ထား မေးမြန်းခဲ့ခြင်း ဖြစ်ပါသည်။

"ဟုတ်ပါတယ် ဒကာကြီးရ။ ဦးပဇင်းက ဦးပညာစက္ကလို့ ခေါ်ပါတယ်။ ဦးဇင်း တို့ကိုလေ ဟို ဘာလဲ ဓါတိုင်မှာ ချည်ပြီးတော့ ဖမ်းထားတယ်။ ဖမ်းထားပြီးကျ ဟို လည်ပင်းမှာ ကြိုးတုပ်ထားတယ်။ " ကိုယ်တိုင် ပါဝင်ခဲ့တယ်။ ကိုယ်တိုင်လဲ အဖမ်းခံခဲ့ရတယ်။"

" နည်းနည်းလေး အကျဉ်းချုပ်ကို ပြောပြပါလားဘုရား။ "

"စစ်တပ်က ကိုင်တွယ်တာကတော့ တော်တော်လေး ကြမ်းပါတယ် ဒကာကြီးရာ။ ဦးဇင်းတို့ ဦးဇင်းက ကွမ်းစားတယ်လေ။ ဟို ကွမ်းစားတာတောင်မှ 'မင်းကွမ်းမစားနဲ့ကွတဲ့ လီးစားတဲ့' ပြောသေးတယ်။ သွားတယ်ပေ့ါနော်။ လမ်းလျှောက်သွားတယ်။ မေတ္တာပို့ သွားတယ်ပေ့ါနော်။ လမ်းလျှောက်သွားတော့ သူတို့ အပေါ်လမ်းကနေ စစ်တပ်က ရှေ့ကိုလေ တန်းထားတယ်။ အဲဒီ တန်းထားတော့ ဘုန်းကြီး ဦးတေဇောကနေပြီးတော့မှ ဟာ ဒီကိုယ်တော်ကွ ဒီကိုယ်တော်ကွ သူက ဟိုဟာ ဖြစ်တာပေ့ါနော်။ ကိုယ်တော်ကို သူလဲ မသိပဲနဲ့နော်။ ရမ်းရမ်းပြီးတော့ ဆွဲသွားတာပေ့ါနော်။ အဲဒါ အလယ်တိုက် ကျောင်း ကပေ့ါနော်။ အလယ်တိုက်ကျောင်းက ဘုန်းကြီးပေ့ါ။ အဲဒီမှာ ကျောင်းကြီးကျောင်းကလို့ ခေါ်တယ် ဒကာကြီးရ။ အဲဒီမှာ ကျောင်းကြီးကျောင်းကခေါ်တော့ သူကနေ အဲလိုပြောတော့ နောက်က အဲဒီ သူတို့ ရှေ့ကနေပြီးတော့ စစ်တပ်က သေနတ်တွေ ဖောက်လိုက်တယ်။ ဖောက်လိုက်တော့ ကိုယ်ရင်လေးတွေရော ပါတယ်ဆိုတော့ ပြုကွဲသွားတာပေ့ါ ဒကာကြီးရာ။"

" ပြီးလဲပြီးရော ဦးဇင်းကဘယ်လို အဖမ်းခံလိုက်ရလဲ ပြောပြပေးပါဘုရား။ "

"ဦးဇင်းတို့က အဲဒီနားလေးမှာ အိမ်တအိမ်မှာပေ့ါနော်။ ဟိုဟာ ဝင်ပုန်း နေလိုက်တယ်။ ဝင်ပုန်းနေတာနဲ့ အဲဒီ အိမ်သာထဲမှာပေ့ါ ဒကာကြီးရာ။ အိမ်သာထဲမှာ ပုန်းနေတယ်ဆိုတော့။ အဲဒီ အိမ်သာထဲမှာ နှစ်ပါးဗျ။ အဲဒီနှစ်ပါးထဲက ဦးဇင်းက ထွက်လိုက်တာ။ ထွက်ပြီး မြောက်ဖက်ပုန်းအောင်လို့ဟာ အဲဒီ သူတို့ ရဲတွေ မြင်တော့ ဟာ' ဟိုမှာ ဟိုမှာ ဟိုမှာ' 'လိုက်ဖမ်း လိုက်ဖမ်း' ဆိုပြီး သူတို့ ဖမ်းမိသွားတာပေ့ါ။ ဦးဇင်းတို့ နှစ်ပါးဖမ်းမိသွားတာပေ့ါ ဒကာကြီးရာ ။ "

"ဦးဇင်းတို့ကို ဖမ်းမိသွားတော့ ဘာလုပ်ကြလဲ။ ပြောပြပါအုံး ဦးဇင်း။"

"ဟုတ်တယ် ဒကာကြီး ကြိုးတုပ်တာပဲ ဒကာကြီးရ။ ဒီအခုဆိုရင် ဟိုဟာကို ရေကို မသောက်နိုင်သေးဘူး။ လည်ပင်းမှာတော်တော်လေးပေ့ါ။ တော်တော်လေး နာသွားတာပေ့ါ ဒကာကြီးရာ။ "

" ကြိုးတုပ်ပြီးတော့ ဦးဇင်း ခုနက ပြေသလို ဓါတ်တိုင်မှာ ချည်တယ်ဆို ဟုတ်လား ဘုရား။"

"ဟုတ်တယ် ဒကာကြီးရ ကြိုးတုပ်တာ။ ကြိုးတုပ်ပြီးတော့ ဓါတ်တိုင်မှာ ချည်တယ်။ အဲဒီ ကြိုးတုပ်တဲ့ အချိန်မှာ နည်းနည်းတော့ သတိလစ်သွားတယ်ပေါ့။ သတိလစ် သွားတော့ စစ်သား အဲ ရဲတယောက်လားမသိဘူး။ ဦးဇင်းကို ရိုက်ချလိုက်တယ်လေ။ တမ်းသတိရသွားတယ်။ သတိရသွားတော့ အဲဒီ အချုပ်ကားပေါ်မှာ တင်လိုက်တယ်။ အချုပ်ကားပေါ်မှာ တင်လိုက်ပြီးတော့ ရဲစခန်းကို ခေါ်သွားတယ်။ အချုပ်ခန်းထဲမှာပဲ ပေါ့နော်။ လူဝတ်လဲလိုက်ရတယ်ပေါ့။ လူဝတ်လဲလိုက်ပြီးတော့ အဲဒါ အဲဒီအထဲမှာပဲ စစ်ဆေး သေးတယ်ဗျ။ ဦးဇင်းက လက်မှာ နည်းနည်းပါးပါးဒဏ်ရာရတယ် ကြိုးချည်တာပေါ့နော်။"

" ပြီးတော့ ဘယ်လို ပြန်လွှတ်လာလဲ ဘုရား။ "

"ဘယ်လို ပြန်လွှတ်လာလဲ ဆိုတော့အဲဒီ အချုပ်ခန်းထဲမှာ (၁၀) မိနစ် (၁၅) မိနစ်လောက် နေပြီးကြ သူတို့က ပြန်ထွက်ပြန်ထွက် ပြန်ထွက်ပြီးကြ သင်္ကန်းတွေ ပြန်လှဲ။ ပြန်လှဲ ပြီးတော့ အလက (၃) မှာ ခေါ်သွားတယ်ပေါ့နော်။ အလက (၃) မှာ ခေါ်သွားပြီးတော့ အဲဒီ အကလ (၃) မှာလဲ ကြာသေးတယ်ဗျ။ သိလား။ အဲဒီမှာ အေးအေးဆေးဆေးပါပဲ ဘုန်းကြီးတွေနဲ့ စကားပြော။ စကားပြောပြီးကြတော့ အဲဒီနားမှာ အလက (၃) က ဟိုဟာနဲ့ နီးတယ်လေ။ အရှေ့တိုက်နဲ့ နီးတယ်လေ။ အရှေ့တိုက်နဲ့ နီးတယ်ဆိုတော့ အဲဒီ အရှေ့တိုက်က ကိုယ်တော်တွေကလဲ အဲဒီ ကျောင်းကို ခဲနဲ့ ထု။ ကိုယ်တော် သုံးပါးကို ပြန်လွှတ်ပေးရေးပေါ့နော်။ ပြီးတော့ ကျတော့ ဘုန်းကြီးတွေကို ဦးဇင်းတို့ ကျောင်းတိုက်က ဘုန်းကြီးတွေကို ခေါ်ပြီးကြတော့ အာမခံနဲ့ ဦဇင်းတို့ကို ပြန်လွှတ်ပေးတယ်ပေါ့။ "

" ပြန်လွှတ်လာတဲ့ အနေအထားမျိုးမှာပေါ့နော်။ ဦးဇင်းကို ပြန်မလွှတ်ခင်မှာ ဦးဇင်းကို ရဲစခန်းထဲလဲ ရောက်ရော အတင်းအကြပ် လူဝတ်လှဲတာလား။ ဒါမှ မဟုတ်ရင် ကိုယ်ဘာကိုယ် လူဝတ်လှဲမယ်ဆိုပြီး လှဲတာလား ဘုရား။ အဲ သူတို့က လှဲခိုင်းတာလေ။ ဒါတွေက သူတို့က ဘွဲ့တွေ ဘာတွေမေး။ ရွာတွေ ဘာတွေ မေး။ အဲဒီ မှတ်ပုံတင်တွေ ဘာတွေ ရှိရဲ့လား။ မှတ်ပုံတင်တွေ ဘာတွေ အကုန် ပြောရတာပေါ့နော်။ "

" သူတို့ ချွတ်ပြီးတော့ ချက်ချင်း ပြန်ဝတ်ရတယ်ဆိုတာကရော ဘယ်လို ဖြစ်တာလဲ ဘုရား။ ဦးဇင်းက တောင်းပန်လို့လား။ သူတို့က ပြန်ဝတ်ခိုင်းလားဘုရား။ "

"မဟုတ်ဘူး ဒကာကြီးရ။ အချုပ်ထဲမှာ ဝင်တယ်ပေါ့နော်။ အချုပ်ထဲကို ဝင်ခါနီးမှာ လူဝတ်လှဲပြီးတော့ ဝင်လိုက်ရတယ်။ အချုပ်ခန်းထဲကိုပေါ့ သုံးပါးစလုံး ဝင်လိုက်ရတာ။ သုံးပါးစလုံး ဝင်ပြီးကြမှ ဆယ်မိနစ်လောက်နေကြမှ ပြန်ခေါ်ပြီး သင်္ကန်း ပြန်ဝတ်ပေးကြတာ။ သင်္ကန်းဝတ်နဲ့ အလက (၃) ကို ပြန်ပို့တာပေါ့ ဒကာကြီးရာ။ "

"မှတ်ဖူး ကြားဖူးသလောက် ဆိုလို့ရှိရင် ရဟန်းသံဃာတွေဟာ လူဝတ်လှဲတယ် ဆိုလို့ရှိရင် သိက္ခာ ချရတယ် မဟုတ်လား ဘုရား။ ဦးဇင်းတို့ကို သက္ခာချလိုက်တာလား သူတို့က။ "

"အာ သိက္ခာမချဘူး။ ဦးဇင်းတို့က ပြောတယ်လေ။ ဒကာကြီးတို့ ဦးဇင်းတို့က ဘုန်းကြီးတွေ ဘာတွေနဲ့မှ သိက္ခာချပြီးကြမှ ဟိုဟာ ဖြစ်ရတာလို့ လူဖြစ်တော့တာပေါ့ ဒကာကြီးရာ။ အဲဒီကြတော့မှ ဦးဇင်း ရပါတယ်တဲ့ သင်္ကန်း အင်္ကျီလေး ဘာလေး ဝတ်ပြီးကြမှ ဘုန်းကြီးတွေ ဘာတွေနဲ့ ပြန်တိုင်ပင်မယ် ဆိုပြီးကြမှ ပြောတာပေါ့။ "

"တင်ပ့ါဘုရား ဒီလိုမျိုး ဦးဆီးပြီးတော့ ဦးဇင်းတို့ သင်္ကန်းလှဲခိုင်းတာ ပခုက္ကူ ရဲစခန်းကလား ဘုရား။ ဘယ်သူလဲ ဘုရား။"

"ဟုတ်တယ် အဲဒီ ပခုက္ကူ ရဲစခန်းကပဲ ဒကာကြီရ။ အဲဒီ အချုပ်ခန်းထဲမှာပဲ။ အချုပ်ခန်းထဲ ရောက်နေပြီ သူတို့ လှဲခိုင်းတာ။ "

"ရဲအုပ်လား စခန်းမှူးလား မြို့နယ်မှူးလားဘုရား။ "

"ရဲအုပ်ထင်တယ် ဒကာကြီးရ။ "

" ဦးဇင်းတို့ ဒီကြားထဲမှာရော၊ မနေ့တုန်းက ဆန္ဒပြပွဲမှာရော အရိုက်အနှက်တွေ ဘာတွေ ခံရသေးလားဘုရား။ "

"ဦးဇင်းတို့ ကျောင်းက ဦးဇင်းတပါးလဲ ဘတ်ခွထုတာ အဲဒီ ပါးမှာ တော်တော်လေး ဆိုးတယ် ဒကာကြီးရ။ "

"ဘယ်လို လုပ်တာလဲ ဘုရား။ "

"ဘတ်ခွနဲ့ ထုတာလို့ပဲ သူပြောတာပဲ။ အဲဒီ ပါးမှာ ။ "

" အော် ဘတ်ခွနဲ့ ထုတာ ဟုတ်လား။ စစ်သုံး ဘတ်ခွပေါ့ နော်။ "

"ဟုတ်တယ်။ "

"တင်ပ့ါဘုရား မနေ့တုန်းကနေပြီးတော့ သက်ဆိုင်ရာကနေပြီးတော့ စစ်တပ်ကနေပြီးတော့ သံဃာတော်တွေကို ကြိုးတုပ်တာ။ ဒီဘတ်ခွနဲ့ ထုတယ်ဆိုတဲ့ ကိစ္စတွေ။ ပြီးတော့ ရဲစခန်းရောက်တော့ အတင်းအကြပ် လူဝတ်

လှဲခိုင်းတယ် သိက္ခာချခွင့် မပေးဘဲနဲ့ အစိုးရမင်းတွေရဲ့ ကိုင်တွယ်တဲ့ အပေါ်မှာပေ့ါနော် သံဃာတပါးအနေနဲ့ ဒီ သံဃာမဟာနာယက ဆရာတော်တွေကို ဘာလျှောက်ချင်လဲ ဘုရား။ ”

“မြို့နယ် သံဃာနာယကလို့ ပြောတယ်ဗျ။ ဦးတေဇောတဲ့။ အဲဒီ ဘုန်းကြီးက နေပြီးကြမှ ‘ဟာ ဖမ်းကွ ဖမ်း ’ ‘အဲဒီကောင်ပဲ အဲဒီကောင်ပဲ ’ သိပ်တော့ မသေချာဘူး သိလား။ ရမ်းရမ်းသမ်းပြီးတော့လုပ်တာ။ သူ ခေါင်းဆောင်လဲ မသိပဲနဲ့ ‘ဟာ ဒါ ခေါင်းဆောင်၊ ဟာ ဒါမဟုတ်ဘူးကွ ။ ဟာ ဒီကောင်။ ’အဒီလိုမျိုး ပြောတာပဲ ဒကာကြီးရ။ ဦးဇင်း ရှေ့တင်ပဲ။ သက်န်းက ဘိုးရိုး ဖားရားနဲ့ ဟာ အဲဒီ ဘုန်းကြီး တော်တော် ဆိုးတယ်။”

“မနေ့က အဲဒီ ကိုင်တွယ်ပုံနဲ့ ပတ်သက်ပြီးတော့ ဒီ သက်ဆိုင်ရာက ဒီ ဦးပဇင်းကို တောင်းပန်ပြီးတော့ ရှစ်ခိုး မှားပါတယ်ဆိုပြီးတော့ နော် ဒီ ကိုင်တွယ်တာ ကြမ်းသွားတယ် ဆိုပြီးတော့ တောင်းပန်တာမျိုး ရှိလားဘုရား သက်ဆိုင်ရာကနေပြီးတော့။”

“မရှိဘူး ဒကာကြီး ။ ဘာမှကို မရှိဘူး။ ”

“ တင်ပ့ါဘုရား ဦးဇင်းဘုရားတို့ ရှေ့ဆက် ဘာလုပ်မယ်လို့ စီစဉ်ထားလဲ ဘုရား ။”

“ရှေ့ဆက် ဘာလုပ်ရမယ်တုန်းဆိုတော့ ရှေ့အတွက်ကိုကြတော့ ဦးဇင်းက အစီအစဉ်တော့ ရှိတယ်။ ”

မနေ့က ဓါတ်တိုင်တွင် ကြိုးတုတ် အရိုက်ခံခဲ့ရပြီး လူဝတ်လဲ ခံခဲ့ရသည့် ပခုက္ကူ ရဟန်းတော် ဦးပညာစက္ကနှင့် မေးမြန်းချက်ဖြစ်ပါသည်။

**အစသို့**

---

## ဘိုလေးဆန္ဒပြဟောပြောပွဲကြောင့် (၂) ဦးထပ်အဖမ်းခံရ၊ အဖမ်းခံရသူ (၄) ဦးရှိပြီ

*၆၊ အောက်တိုဘာ၊ ၂၀၀၇*

ဘိုကလေးမြို့တွင်ဖြစ်ပွားခဲ့သည့် မနေ့က ဆန္ဒပြပွဲနှင့် ဟောပြောပွဲကို အကြောင်းပြုပြီး နောက်ထပ် (၂) ဦး ထပ်မံဖမ်းဆီးခံလိုက်ရကြောင့် အဖမ်းခံရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် စုစုပေါင်း (၄) ဦး ရှိသွားပြီဖြစ်ပါသည်။ ၄င်း (၄) ဦးကို ဘယ်နေရာမှာ ထိန်းသိမ်းထားသည်ကိုမသိရသေးပါ။ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခင်ဘိုနှင့် အတွင်းရေးမှူး ဦးခင်မောင်ချစ်တို့ကို ဖမ်းဆီးပြီးနောက် မွန်းလွဲပိုင်းလူစုခွဲပြီးချိန်တွင် အဖွဲ့ဝင် ဒေါ်ခင်လေးနှင့် ဒေါ်မိမိစိန်တို့ကို ဘိုကလေးမြို့ဈေးထဲတွင် ထပ်မံဖမ်းဆီးခဲ့သည်ဟု အဖမ်းခံရသူရသူ၏ မိသားစုဝင်တဦးမှ ပြောပါသည်။ လာရောက်ဖမ်းဆီးသူများမှ အမျိုးသမီးစွမ်းဆောင်ရှင်အဖွဲ့ဝင်များဖြစ်ပြီး မြို့နယ်ရဲစခန်းမှူးလည်း လိုက်ပါလာသည်ဟု ၄င်းမိသားစုဝင်မှ ပြောပါသည်။

“စခန်းမှူးလည်းပါတယ်။ ဆွေးနွေးစရာရှိလို့ပါ၊ ပြန်လွှတ်ပေးပ့ါမယ်ဆိုပြီးတော့ ခေါ်သွားတယ်။”

မနေ့က ဖြစ်ပွားခဲ့သည့် ဘိုကလေးဆန္ဒပြပွဲတွင် ပြည်သူလူထု တထောင်ခန့် ပါဝင်ခဲ့ပါသည်။

**အစသို့**

---

## ဝတ်ပြုဆုတောင်းနေစဉ် အဖမ်းခံသွားရသူ ဒေါ်မြမြစန်း ပြန်လွှတ်မြောက်

*၇ အောက်တိုဘာ၊ ၂၀၀၇*

ပြီးခဲ့သည့် အင်္ဂါနေ့မှ ရွှေတိဂုံဘုရားတွင် ဝတ်ပြုဆုတောင်းနေစဉ် အဖမ်းခံသွားရသည့် အင်းစိန် အဖွဲ့ချုပ်ဝင် ဒေါ်မြမြစန်း မနေ့မှ ပြန်လည်လွှတ် မြောက်လာပါသည်။ သူမကို ဘာအကြောင်းပြချက်မှ မပေးဘဲ ဖမ်းဆီးသွားခဲ့ခြင်းနှင့် ပတ်သက်၍ ပြန်လည်လွှတ်မြောက်လာသူ ဒေါ်မြမြစန်းကို ဒီဗွီဘီမှ ဆက်သွယ်မေးမြန်းထားပါသည်။

“ အင်္ဂါနေ့က (၁၂) နာရီ ဘုရားကို ရောက်ပါတယ်။ (၁) နာရီထိုးခါနီးလောက်ကျတော့ ဘုရားရဲ ယောကျ်ားတယောက်ရယ်၊ အမျိုးသမီး နှစ်ယောက်ရယ် ကျမကို လာခေါ်တယ်။ ဂေါပက ရုံးခန်းထဲ ဝင်ခါနီးလမ်းကျတော့ တောင်ဖက်ရဆကသအဲဘတ်လှေခါးကို ခေါ်တယ်။ ဒီမှာလေဆိုတော့ မဟုတ်ဘူး ဒီဖက်လာတဲ့ အဲဒီအချိန်မှာ အနောက်မှာ အမျိုးသမီးက နောက်ထပ်လေးယောက် လောက်ပါလာတယ်။ ဘုရားရဲ အမျိုးသမီးက ဓါတ်လှေခါးထိပ်ရောက်တော့ အက်စ်ဘီတွေပါ ဓါတ်လှေခါးထဲကို ဝင်လိုက်လာတယ်။ အောက်လဲရောက်ရော ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဆိုပြီးတော့ ရေးထားတဲ့ကားအပြာပေါ်ကို ကျမကို တက်ခိုင်းတယ်။ ကျိုက္ကဆံကို မောင်းသွားတယ်။ ဟိုရောက်တော့ ကျမကို ထားစရာနေရာမရှိဘူးတဲ့။ သူတို့ ဟိုဖုန်းဆက် ဒီဖုန်းဆက်နဲ့၊ နောက်မှော်ဘီတပ်ရင်း (၃) ကို မောင်းသွားပြီးတော့မှ ကျမကို ထားခဲ့တာပါ။

ဒီဗွီဘီ ။ ။ မှော်ဘီ တပ်ရင်း (၃) မှာ ဘာဆက်ဖြစ်ပါလဲ။”

“ တပ်ရင်းရုံးနဲ့ မျက်နှာချင်းဆိုင်မှာ အုတ်တိုက်ကို သစ်သားချောင်းတွေ ကာထားတယ်။ ဒါပေမဲ့ လေတွေက တအားတိုးတာပဲ။ အဲဒီမှာကျမကိုထားတယ်။ ည (၁၀) နာရီလောက်ကျတော့ ရန်ကုန်က အက်စ်ဘီက လိုက်ပြီးတော့ ကျမရဲ့ ကိုယ်ရေးရာဇဝင်ကို ရေးခိုင်းတာပေ့ါ။ ကျမကလဲ ကျမ ကျန်းမာရေးမကောင်းဘူးလို့ ကျမက အပြင်မှာ ဆရာဝန်နဲ့ ပြနေရတာ။ ဆေးလဲ မပါဘူး။ ဖိနပ်တောင်မပါဘူး။ ညဖက်ကလဲ နည်းနည်း ရင်ဘတ်ကနာတော့ ကောင်းကောင်းအိပ်မပျော်တော့ မနက်ကျတော့ သူတို့ ထမင်းကြော် ကျွေးတယ်။ ထမင်းကြော်စားပြီးတော့ ရဲမှူးကလာမေးတယ်။ ဘာအလိုရှိလဲတဲ့ ။ ကျမဆေးသောက်ချင်တယ်ဆိုတော့ ဆရာဝန်ခေါ်ပေး ရမလားတဲ့။ ဟုတ်ကဲ့ ခေါ်ပေးပါလို့ ပြောတော့ – မနက်ထဲက ဆရာဝန်ခေါ်လိုက်တာ ညနေ (၅) နာရီမှ ဆရာဝန်က ရောက်လာတယ်။ အဲဒါနဲ့ ညနေ ကျမကို နေရာရွှေ့တယ်။ အောက်ဖက်က သူတို့ ဘားတိုက်တွေပေ့ါ။ ဘားတိုက်တွေမှာ အိမ်ရှင်မအဖွဲ့ အဲဒီမှာ ဒေါ်စန်းစန်းမြင့်တို့အဖွဲ့ရယ်၊ နောက်ပြီးတော့ အင်န်အယ်လ်ဒီက မြောက်ဉက္ကလာဒေါ်ငယ်ရယ်။ တောင်ဒဂုံက ဒေါ်ခင်အေးရယ်၊ ဒေါ်မြင့်သိန်းဆိုတဲ့ အမျိုးသမီးရယ် အဲဒီမှာ တွေ့တယ်။ အဲဒီမှာ အားလုံးပေါင်း (၁၅) ယောက်ရှိတယ်လို့ ပြောပါတယ်။ ဗုဒ္ဓဟူးနေ့ညက အဲဒီမှာ ကျမအိပ်တာပေ့ါနော်။ မနက်ကျတော့ နည်းနည်း သက်သာပေမဲ့ ရင်ဘတ်နာတာမပျောက်ဘူးလို့ ကျမအဲလိုပဲ ပြောတော့ ညနေ (၅) နာရီလောက်လဲကျရော၊ မနေ့က စစ်တဲ့ အက်စ်ဘီကပဲ သူတို့တပ်ရင်းကို ပြန်ခေါ်ပြီးတော့ ကျမကို လက်မှတ်ထိုးခိုင်းတယ်။ စစ်ကြောမေးမြန်းတာတွေ ဘာတွေ ညာတွေ မပြောရဘူးပေ့ါ။ လက်မှတ်ထိုးပါဆိုလို့ ကျမ ထိုးပေးလိုက်ပါတယ်။ ထိုးပေးလိုက်ပြီးတော့ သူတို့ ခေါ်လာပြီးတော့ အိမ်ကို (၇) နာရီ (၂၀) လောက်ရောက်တယ်။

ဒီဗွီဘီ ။ ။ ဖမ်းချင်သလို ဖမ်း၊ ခေါ်ချင်သလို ခေါ်၊ လုပ်နေတာတွေပေ့ါနော်။ ဒါတွေဟာလေ ဘာကြောင့်မို့လို့ လုပ်တယ်လို့ ထင်ပါသလဲ။ “အဓိကကျမက သူ့ကို ပြောလိုက်တယ်။ ကျမတို့ကိုရှင်တို့ တဖြည်းဖြည်းနဲ့ ဖဲ့ထုတ်နေတာမို့လားလို့ ပြောတာ။ ဟာ မဟုတ်ပါဘူး၊ မဟုတ်ပါဘူးနဲ့ အတင်းငြင်းတာပဲရှင့် အဲဒီ စစ်တဲ့အက်စ်ဘီကတော့ ကျမတို့ကို တမင်သက်သက် ပြဿနာရှာနေတာ။ ကျမက အင်န်အယ်လ်ဒီဆိုပြီးတော့ နိုင်ငံရေးလုပ်လို့ ဖမ်းတယ်ဆို ခံနိုင်သေးတယ်။ ”

ဒီဗွီဘီ ။ ။ ဒီမိုကရေစီ ရရှိရေးတိုက်ပွဲဝင်တဲ့အလုပ်တွေ လုပ်ရင် ဖမ်းချင်သလို ဖမ်းမယ်ကွာ။ လုပ်ချင်သလို လုပ်မယ်ကွာဆိုပြီး ခြောက်လှန့်တာမျိုးရော မခံစားရဘူးလားခင်ဗျ။ ”

”ကိုယ်လုပ်သင့်တာတော့ လုပ်မှာပဲရှင်။ ဘာပဲဖြစ်ဖြစ်ပေ့ါ ကျန်တာက သူတို့အလုပ်ပဲ ။ ကိုယ့်အလုပ်ကို ကိုယ်လုပ်မှာပဲ။ ” ဒီဗွီဘီ ။ ။ အဲဒီအနေအထားမှာပေ့ါ။ ဒီလို ဖမ်းချင်သလို ဖမ်းနေတာနဲ့ ပတ်သက်လို့ဘာများ ပြောချင်ပါသလဲ။”

“ မတရားဘူးပေ့ါရှင်။ မတရားဘူးပေ့ါ။ မတရားတာတွေလဲ အဲဒီမှာ ထပ်ခါထပ်ခါ ပြောတာ မတရားဘူး။ ဒီလောက်အသဲအသန် ရောဂါဝေဒနာဖြစ်နေတာတောင်မှပဲ မတရားဘူး။ ကျမကို မတရားဖမ်းခေါ်လာတာတွေ ဘာတွေပေ့ါ ရောဂါတွေ ခံစားနေရတဲ့ကြားထဲ အဲဒီလိုအော်ပြောလိုက်သေးတယ်။ မတရားတဲ့စကားလုံးတွေကို ထပ်ပြောရအောင် ကျမဘာပြောရမှန်းတောင်မသိတော့ဘူး။”

**အစသို့**

---

## လောင်စာဆီဈေးနှုန်းကျဆင်းရေးအတွက်ဆန္ဒပြသူ ကိုအိုးဝေပြန်လွတ်မြောက်

*၇၊ အောက်တိုဘာ၊ ၂၀၀၇*

လောင်စာဆီဈေးနှုန်းကျဆင်းရေးအတွက် ရန်ကုန် လှည်းတန်းတွင် ယခုလ (၂၈) ရက်နေ့မှ ဆန္ဒပြရင်း အဖမ်းခံရသည့် ချောက်မြို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ကိုအိုးဝေ (ခေါ်) ကိုရဲသိန်းနိုင်ကို မနေ့ည သန်းခေါင်တွင် ပြန်လည်လွှတ်ပေးလိုက်ပြီဖြစ်ပါသည်။ ၎င်းအကြောင်းကို ကိုအိုးဝေနှင့် စကားပြောခွင့်ရထားသည့် လူ့အခွင့်အရေးလှုပ်ရှားသူ မစုစုနွေးကခုလိုအတည်ပြုပြောဆိုပါသည်။

“သူက (၆) ရက်နေ့ည (၁၂) နာရီထိုးလွှတ်တယ်တဲ့။ ကိုအိုးဝေ ခြေထောက်ကုပေးဖို့ပေ့ါ အစာငတ်ခံ ဆန္ဒပြတာ၊ (၅) ရက်နေ့ ညနေကမှ သံလျင်ဆေးရုံကို ခေါ်ပြီးတော့ ဓါတ်မှန်ရိုက်ပြီး ဆေးကုသပေးတယ်။ သူတို့ ဓါတ်မှန်အရဆိုရင်တော့ အရိုးမကျိုးဘူးလို့ ပြောပါတယ်တဲ့။ ဒါပေမဲ့ သူက အခုလုံးဝမထောက်နိုင်ဘူးရှင့်။ သူ့ကို တွဲပြီးတော့ လျှောက်နေရတယ်။

မစုစုနွေး ပြောပြ သွားခြင်းဖြစ်ပါသည်။ ကိုအိုးဝေသည် ဖမ်းဆီးခံရစဉ်က အကြမ်းဖက်ကိုင်တွယ်ခံရခြင်းကြောင့် ခြေထောက်တွင် ဒဏ် ရာရခဲ့သော်လည်း အာဏာပိုင်များမှဆေးဝါးကုသမှုမပေးခြင်းကြောင့် ၎င်းနှင့်အတူ ဖမ်းဆီးခံရ သူများက ၎င်းအား ဆေးကုပေးရန် အစာငတ်ခံဆန္ဒပြခဲ့ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတို့အားကျိုက္ကဆံစစ်ကြောရေးစခန်းမှ ကျောက်တန်းမှာရှိသည့် ရဲတပ်ရင်း (၇) ကို ရွှေ့ပြောင်းခဲ့ခြင်းပါ။ သို့သော် ဆေးကုမပေးသည့်အတွက် ဆက်အစာငတ်ခံ ဆန္ဒပြခဲ့ကြခြင်းဖြစ်ပါသည်။ ယနေ့မနက်မှာတွင် ကိုအိုးဝေသည် ရန်ကုန် ဘားလမ်းမှ မူဆလင်ကုသိုလ်ဖြစ် ဆေးရုံတွင် တက်ရောက်ကုသနေကြောင်းကို မစုစုနွေးမှ ပြောပါသည်။

**အစသို့**

---

## ဆန္ဒပြပွဲခေါင်းဆောင်မယ်လို့ ယူဆခံရသူတွေကို ဖမ်းဆီး

*၇၊ အောက်တိုဘာ၊ ၂၀၀၇*

ရန်ကုန်တိုင်း ခရမ်းနှင့် သုံးခွမြို့နယ်တို့တွင် ဆန္ဒပြပွဲဖြစ်ပေါ်မည်ဟု သတင်းများပေါ်ထွက်လာပြီး နောက် ဆန္ဒပြပွဲကိုခေါင်းဆောင်မည်ဟု ယူဆသူခံရများအား စစ်အစိုးရအာဏာပိုင်များမှ ဖမ်းဆီး လိုက်ပါသည်။ သုံးခွမြို့နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အဖွဲ့ချုပ်ဝင် (၂) ဦးနှင့် ခရမ်းမြို့နယ် အဖွဲ့ချုပ်လူငယ်စည်းရုံးရေးမှူးတို့ကို မနေ့ညသန်းခေါင်ကျော်တွင် တပြိုင်တည်းနီးပါး ဖမ်းဆီးလိုက်သည်ဟု ခရမ်းမြို့နယ် အဖွဲ့ချုပ်လူ ငယ် ကိုဝင်းမြင့်မောင်မှ ပြောပါသည်။ သန်းခေါင်ကျော် ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ကိုမင်းသိန်းကို ၄င်း၏နေအိမ်တွင် ရဲအထူးသတင်းတပ်မှ ဦးသိန်းဇံ၊ မြို့နယ်ရဲစခန်းမှူးနှင့် ရပ်ကွက်လူကြီးများ စုစုပေါင်း လူအင်အား (၂၀) ကျော်နှင့် အိမ်ကိုဝိုင်းပြီး ဖမ်းဆီးသွားပါသည်။ ဘယ်ဘက်မျက်စိခွဲထား၍ မိမိအိမ်ပေါ်ထပ်တွင် အနားယူနေသည့် သုံးခွအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ချုပ်ဝင်တွေဖြစ်သည် ကိုရီမွန်နှင့် ကိုယဉ်အေးတို့ကိုလည်း ရဲတပ်ဖွဲ့ဝင်များမှအသီးသီးဖမ်းဆီး လိုက်ပါသည်။ ကိုရီမွန်ကို ၄င်းအိမ်တွင် လူအင် အား (၃၀) ကျော်နှင့် စီးနင်းဖမ်းဆီးထားသည်ဟု ကိုဝင်းမြင့်မောင်မှ ပြောပါသည်။

"သူ့ပုန်တယောက်ကို ဖမ်းတဲ့ပုံစံမျိုးပဲ။ 'ဆင်းခဲ့ဦး၊ ကိစ္စရှိလို့ မင်း အပြင်ဘက်ကို ခဏထွက်ခဲ့ဦး' ပြောတော့ သူ့မှာ ဘာအပြစ်မှမရှိတဲ့အတွက်မို့လို့ 'ကျနော်က ဘာအပြစ်ရှိလို့လဲ၊ ဆရာတို့ ကျနော့်ကိုလာဖမ်းတာလား။ ဘာလုပ်မလို့လဲ' မေးတော့ 'မင်းစကားမရှည်နဲ့ မင်းပြောစရာမလို ဘူး၊ ငါတို့ခေါ်တဲ့နောက်ပဲ မင်းလိုက်ခဲ့'လို့ ဆိုပြီးတော့ ကိုရီမွန့်ကို ခေါ်သွားပါတယ်။"

**အစသို့**

---

## မေဒေးနေ့အမှု တသက်တကျွန်းပြစ်ဒဏ်ချမှတ်

*၇၊ အောက်တိုဘာ၊ ၂၀၀၇*

ရန်ကုန်မြို့ အမေရိကန်စင်တာတွင်ပြုလုပ်သည့် မေဒေးနေ့အခမ်းအနားကအပြန်တွင် ဖမ်းဆီးခံရသူ (၆) ဦးကို အင်းစိန်ထောင်တွင်းတွင် အနောက်ပိုင်းခရိုင်တရားရုံးမှ အနည်းဆုံး ထောင်ဒဏ်နှစ် (၂၀) မှ အများဆုံး (၂၈) နှစ်ထိ အသီးသီးချမှတ်လိုက်ပါသည်။ အနောက်ပိုင်းခရိုင် ဒု–ခရိုင်တရားသူကြီးရုံးမှ ဦးအေးလွင်က သူရိန်အောင်အပါအဝင် (၆) ဦးကို ယနေ့ အမိန့်ချမှတ်ကြောင်း တရားခံများဘက်မှ လိုက်ပါဆောင်ရွက်ခဲ့ဖူးပြီး နောက်ပိုင်းမှာ ရှေ့နေပါဝါ ပြန်လည်ရုပ်သိမ်းခံရသူ တရားရုံးချုပ်ရှေ့နေ ဦးအောင်သိန်းမှ ပြောပြပါသည်။ သူရိန်အောင်၊ ဝေလင်း၊ မျိုးမင်းနှင့် ကျော်မင်းတို့ကို ပုဒ်မ ၁၂၄–(က) အရ ထောင်ဒဏ်အနှစ် (၂၀) နှင့် ဒဏ်ငွေတထောင်စီ၊ မတရားသင်းအက်ဥပဒေပုဒ်မ ၁၇–၁ အရ (၅) နှစ်စီ၊ လဝက ဥပဒေပုဒ်မ ၁၃–(၁) အရ (၃) နှစ်စီ၊ စုစုပေါင်း (၂၈) နှစ်ချမှတ်လိုက်ပြီး ကျော်ကျော်နဲ့ ညီညီဇော်တို့ကို ပုဒ်မ ၁၂၄–(က) အရ ထောင်ဒဏ်အနှစ် (၂၀) နဲ့ ဒဏ်ငွေတထောင်စီ ချမှတ်လိုက်တာဖြစ်ပါသည်။ ပုဒ်မ ၁၂၄ –(က) ဆိုသည်မှာ အစိုးရကို အကြည်ညိုပျက်စေမှုပုဒ်မဖြစ်ပါသည်။ အားလုံးကို ထောင်ဒဏ်နှစ် (၂၀) ချမှတ်လိုက်ခြင်းနှင့်ပတ်သက်၍ တရားရုံးချုပ်ရှေ့နေ ဦးအောင်သိန်းမှယခုလို သုံးသပ်ဝေဖန်ပါသည်။

"၁၂၄–က ဟာ အစိုးရကို အကြည်ညိုပျက်စေတယ်ဆိုတဲ့ ပုဒ်မ၊ အကြည်ညိုပျက်စေတယ်ဆိုတဲ့ ပုဒ်မကို ပြောရင်လည်း ဥပဒေအရ တည်ထောင်ထားတဲ့အစိုးရကို အမုန်းထားအောင်၊ မလေးစား အောင်ပေ့ါနော်၊ အားထုတ်တယ်၊ မေတ္တာပျက်အောင် လှုံ့ဆော်တယ်၊ အဲလိုအချက်အလက်တွေ ညီမှသာလျှင် သူတို့ကို အကြည်ညိုပျက်စေတယ်ဆိုတဲ့ပုဒ်မနဲ့ အရေးယူလို့ ရတာပေ့ါနော်။

"ဒါပေမယ့် အဲဒီလိုအမုန်းထားအောင်၊ မလေးစားအောင်၊ အကြည်ညိုပျက်အောင် အားထုတ်မှု မရှိဘူး၊ သူတို့ ဥပဒေသဘောအရ ပြုပြင်ပြောင်းလဲစေတဲ့နည်းကို ရည်ညွှန်းတယ်၊ ရည်ရွယ်တယ် ဆိုပြီးတော့ အစိုးရရဲ့ ပြုလုပ်ဆောင်ရွက်မှုကို သဘောမကျဘူးဆိုတာတောင် ဖော်ထုတ်ခွင့်ရှိတယ် ပေ့ါနော်။ အဲဒီလို ဖော်ထုတ်တာဟာ ပြစ်မှုမမြောက်ဘူးလို့ ဆိုပြီး ရှင်းလင်းချက် (၂) မှာ ပြဋ္ဌာန်းထားတာရှိတယ်။

"နောက်တခါ မေတ္တာပျက်အောင် လှုံ့ဆော်တာတို့၊ ကြံစည်အားထုတ်ခြင်း မရှိဘဲနဲ့ အစိုးရရဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်မှုတွေကို သဘောမကျဘူးလို့ ဖော်ထုတ်ခြင်းဟာလည်း ဥပဒေမမြောက်ဘူးလို့ ပြဋ္ဌာန်းချက်ရှိတယ်။ ဒီ ၁၂၄–(က) နဲ့ သူရိန်အောင်ပါ (၆) ဦး ပေါ်မှာ ပြစ်ဒဏ်စီရင်တဲ့အခါမှာ စောစောကလို ရှင်းလင်းချက် (၂)၊ (၃) တွေပေါ်မှာ ထည့်သွင်းသုံး သပ်ထားခြင်းမရှိဘူးဆိုတဲ့ အတိုင်းအတာကို ပေါ်ပေါက်တယ်ပေ့ါနော်၊ ဒါကြောင့်မို့လို့လည်း သူတို့ ကို ဒီပုဒ်မတွေနဲ့ အပြစ်ဒဏ် မူလရုံးကပေးလိုက်တယ်လို့ပဲ မှတ်ယူပါတယ်"

၄င်းနှင့်အတူ တရားခံဘက်မှ လိုက်ပါဆောင်ရွက်ခဲ့သည့် တရားရုံးချုပ်ရှေ့မှ ဦးခင်မောင်ရှိန်တို့သည် အင်းစိန်ထောင်ထဲတွင် တရားရုံးကို အမှုစစ်ဖို့သွားစဉ် ထောင်အာဏာပိုင်များမှ တင်းကျပ်သည့် စစ်ဆေးမှုများ ဆက်တိုက်လုပ်သည့်အတွက်

ရွှေနေပါဝါပြန်ရုပ်သိမ်းခဲ့ကြသော်လည်း နောက်ထပ်အယူခံ တင်ရာတွင် ရွှေနေပါဝါပြန်လည် ရယူဆောင်ရွက်မှာဖြစ်သည်ဟု တရားရုံးချုပ်ရှေ့နေ ဦးအောင်သိန်းမှ ပြောကြားပါသည်။

**အစသို့**

---

## ပခုက္ကူမြို့နဲ့ ဧရာဝတီတိုင်းရှိ မြို့များမှာ အဖွဲ့ချုပ်ဝင်များကို တိုးမြှင့်ဖမ်းဆီးနေ

*၀၈၊ အောက်တိုဘာလ ၂၀၀၇*

စစ်အစိုးရက ငြိမ်းချမ်းစွာဆန္ဒပြသူ ရဟန်းသံဃာအပါအဝင် ပြည်သူလူထုကို သေနတ်ပစ်ဖောက် ဖြိုခွဲ ပြီးနောက်ပိုင်း နယ်မြို့များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များအား ဖမ်းဆီးမှုများ တိုးမြှင့်ပြုလုပ်နေ ပါသည်။ မကွေးတိုင်း ပခုက္ကူမြို့တွင် သံဃာ (၅၀၀) ကျော်ဆန္ဒပြခြင်းကို စစ်တပ်မှ အကြမ်းဖက် ဖြိုခွဲခဲ့ပြီးနောက် ယနေ့မနက်ပိုင်းကစပြီးအာဏာပိုင်များမှအရပ်သားများကို စတင်ဖမ်းဆီးနေပါသည်။ ပခုက္ကူမြို့မှ အဖွဲ့ချုပ်ဝင်များကို ဒု–ရဲအုပ်စိန်တိုးဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များမှ ညှိစာရင်းအ ကြောင်းပြပြီး ရဲစခန်းကို ခေါ်ဆောင်သွားသည်ဟု မိသားစုဝင်များနှင့်နီးစပ်သည့်အသိုင်းအဝိုင်းမှ ပြောပါသည်။ ပခုက္ကူမြို့ ဝါးတန်းရပ်ကွက် ဦးသာအောင်အား ယနေ့မနက် တနာရီခွဲတွင် ရဲတပ်ဖွဲ့ဝင်များမှခေါ်ဆောင်သွားပြီး မနက် (၂) နာရီခန့်တွင် ဦးသန့်ရှင်းကိုလည်း ခေါ်ဆောင်သွားသည့်အပြင် ဦးနေလနှင့် ဦးစိန်လေးတို့ကိုလည်း ရဲစခန်းတွင် တွေ့ကြရပါသည်။ ဧရာဝတီတိုင်း ဘိုကလေးမြို့တွင် အခုလဆန်း (၅) ရက်နေ့ကဆန္ဒပြလို့ မြို့နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခင်ဘို၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ချစ် အပါအဝင် ဒေါ်မိမိစိန်၊ ဒေါ်ခင်လေးတို့ ဖမ်းခံရပါသည်။ ထိုနေ့ညမှာပင် ပဝိန်ကျေးရွာအုပ်စုမှ အဖွဲ့ချုပ်မြို့နယ်စည်း ကိုသက်ထွန်း၊ အဖွဲ့ချုပ်လူငယ် ကိုမင်းသူ၊ သာပေါင်းကျေးရွာမှ မြို့နယ်စည်း ဦးသန်းမြင့်၊ ဘုရားကျောင်းကျေးရွာမှ ရပ်ကျေးစည်း ကိုငြိမ်းထွန်း နှင့် အခြား (၂) ဦး၊ စုစုပေါင်း (၇) ဦးထပ်မံဖမ်းဆီးခံရပါသည်။ မနေ့မှ မွန်းတည့်ခန့်တွင် ဘိုကလေးမြို့နယ်ရဲတပ်ဖွဲ့မှ မင်းခံကုန်းကျေးရွာမှ ရပ်ကျေးစည်း ဦးသန်းမြင့်၊ သုံးလှည်းကျေးရွာမှ ရပ်ကျေးစည်း ဒေါ်ကျင်သန်းတို့ကိုလည်း ဖမ်းဆီးခဲ့သည်ဟု ဒေသခံပါတီဝင်များမှ ပြောပါသည်။ ဘိုကလေး ဆန္ဒပြပွဲနှင့် စပ်လျဉ်း၍ အနည်းဆုံး (၁၅) ဦးခန့် အဖမ်းခံရပြီး ၄င်းတို့အားလုံးကို ဘိုကလေး မယကရုံးတွင် ထိန်းသိမ်းထားသည်ဟုဆိုပါသည်။ အတည်မပြုနိုင်သေးတဲ့ သတင်းတခုအရ ၄င်းတို့အား အာဏာပိုင်များမှ တရားစွဲရန် ပြင်ဆင်နေသည်ဟု သိရပါသည်။ အဖမ်းဆီးမှုများအား ဘိုကလေးမြို့နယ် မြို့မ(၃) ရပ်တွင် ရယကအဖွဲ့ဝင်လည်းဖြစ်၊ ပြည်ခိုင်ဖြိုး (ကြံ့ဖွံ့) စည်းရုံးရေးမှူးလည်းဖြစ်သည့် ကိုနေကျော်ကဦးဆောင်တာဖြစ်ပြီး ဆန္ဒပြပွဲ၊ ဟောပြောပွဲကို ဓါတ်ပုံရိုက်ယူထားသည့်အပြင် ပြည်သူ့စစ်ခေါင်းဆောင် တင်မောင်လတ်တို့မှ ပံ့ပိုးမှုများ လုပ်ဆောင်သည့်ဟုလည်း စုံစမ်းသိရှိရပါသည်။ ဧရာဝတီတိုင်း ဘိုကလေးမြို့တွင် အခင်းဖြစ်သည့် (၅) ရက်နေ့ကစပြီး ဖုန်းလိုင်းများအား ဖြတ် တောက်ထား သလို ယခုအခါတွင် ဖုန်းရုံးတာဝန်ခံ (ဘော်လုံးပွဲဒိုင်) လွမ်းဇော်ဦးဆိုသူက ဘောလုံးပွဲဒိုင်၊ နှစ်လုံးဒိုင်၊ သုံးလုံးဒိုင်များနှင့် နီးစပ်သည့် ဖုန်း၊ သူ့လုပ်ဖော်ကိုင်ဖက် ရောင်းရင်းများ၏ ဖုန်းများအား ဖွင့်ပေးထားပြီး ပြည်သူလူထုဖုန်းများအားလုံးကို ဖြတ်တောက်ထားပါသည်။ ဧရာဝတီတိုင်း လပွတ္တာမြို့တွင် ပြည်သူအင်အား ထောင်နှင့်ချီပြီးအားပေးခဲ့သည့် ဆန္ဒပြပွဲ ဖြစ်ပွားပြီးနောက် စုစုပေါင်း (၁၆) ဦး အဖမ်းခံလိုက်ရပြီဖြစ်ပါသည်။ အဖမ်းခံရသူများမှ ကိုအောင်မိုးဝင်း ၊ကိုကြည်သန်း၊ ကိုဌေးဝင်း၊ ကိုပေါက်စ၊ ကိုပြုံးချို၊ ကိုမောင်ကျော်၊ ကိုဖိုးချို၊ ကိုလှစိုးတို့ (၈) ဦးအပြင် ထပ်မံအဖမ်းခံရသူများမှကျူရှင်ဆရာ ဦးသန်းဝင်း၊ ချစ်မိတ်ဆွေ ဓါတ်ပုံဆိုင်ပိုင်ရှင် ဦးမင်းစင်း၊ ရေဒီယိုပြင်ဆရာ ဦးသက်တင်ထွန်းနှင့် ဦးစိန်သန်းတို့အပါ အဝင် နောက်ထပ် (၈) ဦးဖြစ်ပါသည်။ ဧရာဝတီတိုင်း၊ ပုသိမ်မြို့တွင် လွန်ခဲ့သည်သီတင်းပတ်များတွင် လောင်စာဆီဈေးကျဆင်းရေး တကိုယ် တော်ဆန္ဒပြရန် အဖမ်းခံရပြီး ပြန်လွတ်လာသည့်အဖွဲ့ချုပ်ဝင် ဦးအေးဝင်းကို ပြန်လည်ဖမ်းဆီးပြီး အခြားနောက်ထပ် (၃) သုံးဦးကိုလည်း အဖမ်းခံရသည်ဟု ဒေသခံများမှ ပြောပါသည်။ ထို့အပြင် ယမန်နေ့တွင် မန္တလေးမြို့မှ မကွေးတိုင်း မိတ္တီလာမြို့ဘက်ကို ကားနှင့်သွားသည့် ကိုတင်ကိုနှင့် ကိုသီဟတို့ (၂) ဦးကို အာဏာပိုင်များ နောက်မှကားတစီးနှင့်၊ ထပ်ချပ်လိုက်သွားပြီး ကားဂိတ်တခု အရောက်တွင် တားမြစ်ပြီးဖမ်းဆီးသွားသည်ဟု စုံစမ်း သိရှိရပါသည်။

**အစသို့**

---

## ဒေါပုံမြို့နယ် အဖွဲ့ချုပ်ဝင်များ ယနေ့ လမ်းလျှောက် ဆန္ဒပြပွဲ ပြုလုပ်

*၈ ၊ စက်တင်ဘာ ၊ ၂၀၀၇*

ယနေ့ မနက်မှ ရန်ကုန်မြို့တွင် လမ်းလျှောက် ဆန္ဒပြပွဲတခု ဖြစ်ပွားခဲ့ပါသည်။ ဒေါပုံမြို့နယ် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှ အဖွဲ့ဝင် (၁၂) ဦး ဒေါပုံမြို့လယ် မင်းနန္ဒာလမ်းမတလျှောက် တစ်နာရီကြာ လမ်းလျှောက် ဆန္ဒခဲ့ကြပါသည်။ ဒေါပုံမြို့နယ် အဖွဲ့ချုပ်တွဲဘက်အတွင်းရေးမှူး ဦးသန်းဌေး ဦးဆောင်ပြီး အကျီဖြူ ကိုယ်စီဝတ်ပြီး ကုန်ဈေးနှုန်း ကျဆင်းရေးအတွက် အသံတိတ် လမ်းလျှောက် ဆန္ဒပြခဲ့ကြခြင်း ဖြစ်ပါသည်။ ၄င်းအကြောင်းနှင့် ပတ်သက်ပြီး ဒေါပုံမြို့နယ် အဖွဲ့ချုပ်လူငယ် ကိုညီညီအောင်ကို မေးမြန်းထားပါသည်။

"ကိုညီညီအောင်ရေ၊ အစ်ကိုတို့ ဒေါပုံမြို့နယ်က လူငယ်တွေ ဒီနေ့ လမ်းလျှောက် ဆန္ဒပြပွဲ လုပ်ခဲ့တယ်ဆိုလို့လေ။ အဲဒါ ဟုတ်သလားဗျ၊ ပြောပြပါအုံး။"

"ဟုတ်တယ်ခင်ဗျ၊ လမ်းလျှောက်ပြီးတော့ ကျနော်တို့စီတန်းပြီးတော့ လမ်းလျှောက်ပြီးတော့ အော်တာပြောတာတော့ မရှိဘူးခင်ဗျ။ ကျနော်တို့ ဒီအတိုင်း ငြိမ်းငြိမ်းချမ်းချမ်းနဲ့ပဲ လောလောဆယ် အဖမ်းအဆီးခံထားရတဲ့ ဆန္ဒပြတဲ့သူတွေရယ်၊ နိုင်ငံရေး အကျဉ်းသားတွေ အားလုံး လွတ်မြောက်ဖို့ရယ်၊ ဒီကုန်ဈေးနှုန်း ကျဆင်းရေးအတွက်လေ အဲဒါကို မြို့နယ်စည်းနဲ့ လူငယ်နဲ့ပေါင်းပြီးတော့ ကျနော်တို့ လမ်းလျှောက်ပြီး သွားကြပါတယ် ခင်ဗျ။ မနက် (၈) နာရီ (၅) မိနစ်ကနေ စပြီးတော့ အင်အားကတော့ (၁၂) ယောက်ရှိပါတယ်။"

"ဟုတ်ကဲ့ ခင်ဗျ။ ဒီနေ့ ဘုရားဝတ်ပြုဖို့လဲ သွားခဲ့သေးတယ် ပြောတယ်။ အဲဒီ ကိစ္စကရော ဝတ်ပြုခွင့်မရခဲ့ဘူး ကျနော်တို့ကြားလို့လေ။ အဲဒါလဲ ပြောပြပါအုံးခင်ဗျ။ "

"ကျနော်တို့ သွားတဲ့ ဘုရားတွေ ဘုရားတွေ မှန်သမျှ ကျနော်တို့ ရောက်ခါနီးကျ အကုန်လုံး တံခါးတွေ ပိတ်ပစ်လိုက်ပါတယ်ခင်ဗျ။ အာဏာပိုင်တွေအနေနဲ့ကတော့ လူ သုံးလေးဆယ်လောက်တော့ မျက်မြင်ကိုယ်တွေ့ ရှိပါတယ်။ နောက်ပိုင်းမှာ အများက ပြောတဲ့ ပြောကြားချက်တွေအရ နောက်မှာ ဖွက်ထားတဲ့လူတွေလဲ ရှိတယ်လို့ ပြောပါတယ်ခင်ဗျ။ အရက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေမှာ ထည့်ထားတာတွေ ရှိတယ်လို့ ပြောပါတယ်ခင်ဗျ။ စုစုပေါင်း အင်အား ငါးဆယ်လောက်တော့ ရှိပါမယ်။"

"အာဏာပိုင်တွေဖက်က တုံ့ပြန်မှုကရော ဘယ်လိုရှိလဲ ခင်ဗျ။"

"အခု ထက်ထိတော့ အဖမ်းအဆီးတွေ ဘာတွေတော့ မရှိသေးဘူးခင်ဗျ။ နောက်ပိတ်ဆုံး တွဲဖက်အတွင်းရေးမှူး ကိုသန်းဌေးအိမ်မှာ ကျနော်တို့ ပြန်ပြီးတော့ ဂိတ်ဆုံးပါတယ်။ ဘယ်ဘုရားမှ ကျနော်တို့ ဝင်ပြီး ဖူးလို့မရတော့ အဲဒီအထိ သူတို့က ကျနော်တို့ အဲဒီမှာဝင်တော့မှ ရဲတွေဘာတွေက အပြင်ကနေ ထွက်လာတာတွေ့တယ်ခင်ဗျ။ ကျန်တဲ့အချိန်မှာတော့ ကြံ့ခိုင်ရေးတွေ၊ စွမ်းအားရှင်တွေ အဲလောက်ပဲ တွေ့ရတယ်ခင်ဗျ။ ရဝတတွေတော့ တွေ့ရတယ်။"

"ခင်ဗျားတို့က ဘယ်လိုလျှောက်သွားတာလဲ။ ဝတ်စုံတွေ ဘယ်လိုဝတ်သွားတာလဲ လမ်းဘေးက စီတန်းပြီးလျှောက်တာလား။ ဘယ်လို လျှောက်တာလဲ။ "

"ကျနော်တို့က အင်္ကျီအဖြူတော့ ဝတ်ကြတယ်။ အင်္ကျီအဖြူပဲကျနော်တို့ သတ်မှတ်တယ်။"

"ဒီလို ခင်ဗျားတို့ လမ်းလျှောက်ရတဲ့၊ ရည်ရွယ်ချက်ပေါ့ဗျာ ပြောပြပေးပါလားဗျာ။ ကုန်ဈေးနှုန်းကျဆင်းရေးအတွက်နဲ့ ဒီ ဖမ်းဆီးထားတဲ့ အကျဉ်းသားတွေ လွတ်မြောက်ဖို့ အခု လောလောဆယ် ကုန်ဈေးနှုန်းကျဆင်းရေးအတွက်၊ ဖမ်းဆီးထားတဲ့သူတွေ ပြန်လွှတ်ပေးဖို့ အတွက်ပဲခင်ဗျ။"

"အဲဒီတော့ ခင်ဗျားတို့ ဒီဒေါပုံမြို့နယ်အပြင် ရန်ကုန်တဝှမ်း၊ ဗမာပြည်တဝှမ်းပေါ့ဗျာ။ ဒီလိုမျိုး လမ်းလျှောက်ဆန္ဒပြနေတာနဲ့ ပတ်သက်လို့ ဘာများ ပြောချင်တာ ရှိအုံးမလဲခင်ဗျ။ "

"ကိုယ်တတ်စွမ်းတဲ့ နေရာကနေပြီးတော့ အမှန်တရားအတွက် ကိုယ်လုပ်သင့်တဲ့ နေရာကနေ တတ်စွမ်းသမျှ လုပ်ကြဖို့ တိုက်တွန်းချင်ပါတယ်ခင်ဗျ။"

ဒေါပုံမြို့နယ်မှ ဆန္ဒပြပွဲ အကြောင်း ဖြစ်ပါသည်။

**အစသို့**

---

## ဝါးခယ်မ အဖွဲ့ချုပ်ဝင်တွေ ဖမ်းဆီးခံရ၊ အဖမ်းအဆီးများ ဆက်တိုက်ဖြစ်နေ

*၉၊ အောက်တိုဘာလ ၂၀၀၇*

ဝါးခယ်မမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် အနည်းဆုံး (၅) ဦးကို ရဲတပ်ဖွဲ့ဝင်များမှ မနေ့ညနေ (၄) နာရီခွဲတွင် ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု မိသားစုများနှင့် နီးစပ်သူတဦးမှ ပြောပါသည်။ ဝါးခယ်မမြို့နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကြည်ဝင်း၊ အတွင်းရေးမှူး ဦးမောင်ကံနှင့် ပါတီဝင် (၃) ဦးကို အ စည်းအဝေးလုပ်နေစဉ် ဖမ်းသွားခြင်းဖြစ်ပြီး ဖမ်းဆီးခံရသူများအနက် (၅) ဦး၏ အမည် များကိုသာ မသိရသော်လည်း အဖမ်းခံရသူ (၉) ဦးအထိ ရှိနိုင်သည်ဟုသတင်းထွက်နေပါသည်။ ဘာကြောင့်ဖမ်းဆီးတယ်ဆိုတာ မသိရသေးသော်လည်း အခြားမြို့နယ်တချို့တွင် ဖြစ်ပေါ်ခဲ့သည့်နည်းတူ လမ်းလျှောက်ဆန္ဒပြပွဲများ လုပ်ဆောင်မှာစိုးရိမ်သည့်အတွက် အာဏာပိုင်များမှ ယခုလိုတားမြင့်ခြင်း ဖြစ်နိုင်သည်ဟု အဖွဲ့ချုပ်ဝင်များမှ ယူဆပါသည်။ နိုင်ငံတွင် လက်ရှိဖြစ်ပွားနေသည့် ဆန္ဒပြပွဲများ အနက် ပခုက္ကူဆန္ဒပြပွဲ၌ စစ်တပ်မှ သေနတ်ပစ် ဖောက် ဖြိုခွဲခဲ့ပြီး ရောဝတီတိုင်း လပွတ္တာ၊ ပုသိမ်နှင့်၊ ဘိုကလေးမြို့တို့မှ အဖွဲ့ချုပ်ဝင် (၄၀) ကျော် ဖမ်းဆီးခံရပြီးဖြစ်ပါသည်။ လပွတ္တာတွင် ဖမ်းဆီးခံရသူများအနက် ကိုစိန်သန်း၊ ဦးမင်စင်း၊ ကျူရှင်ဆရာကိုသန်းဝင်းနှင့် ကိုသက်

တင်ထွန်းတို့ (၄) ဦး ပြန်လွှတ်လာတယ်သည်ဟုလည်း စုံစမ်းသိရှိရပါသည်။ ဘိုကလေးမြို့တွင် အဖမ်းခံရသူ (၁၅) ဦးကျော်ကိုတယောက်မှ ပြန်မလွှတ်သေးသလို ပုသိမ်တွင် တကိုယ်တော်ဆန္ဒပြခဲ့သည့် ဦးအေးဝင်းအပြင် ဦးသက်လွင်၊ ဦးလှသန်းကျော်နှင့်နောက် (၃) ဦး အဖမ်းခံနေရပါသည်။ ရန်ကုန်ကလွဲ၍ ပြည်နယ်နှင့်တိုင်းများအဖမ်းအဆီးများအနက် ဧရာဝတီတိုင်းတွင် အဖမ်းအဆီး အများဆုံးဖြစ်နေပါသည်။

**အစသို့**

---

## ထိန်းသိမ်းခံနေရသူများ စားဝတ်နေရေး အခက်တွေ့

*၁၁၊ စက်တင်ဘာ ၊ ၂၀၀၇*

ရန်ကုန်တိုင်း ခရမ်းနှင့် သုံးခွမြို့နယ်များတွင် ဆန္ဒပြပွဲ ဦးဆောင်မည်ဟု သံသယရှိမှုနှင့် ဖမ်းဆီးခံရသူ (၆) ဦးကို ယနေ့ ပြန်လွှတ်ပေးလိုက်ကြောင်း သိရပါသည်။ သို့သော် မင်းကိုနိုင် အပါအဝင် အခြားဖမ်းဆီးခံ (၁၀၀) ကျော်များမှာ ဘယ်ရောက် နေမှန်း မသိသည့်အပြင် မိသားများနှင့်လည်း အခုထိတွေ့ခွင့် မရသေးပါ။ ပြန်လွှတ်လာသူများမှာ သုံးခွမြို့နယ် အဖွဲ့ချုပ် ဥက္ကဋ္ဌဦးဝင်းမြင့်၊ အတွင်းရေးမှူး ဦးလှစိုး၊ အဖွဲ့ချုပ် အဖွဲ့ဝင်များဖြစ်သည့် ဦးမြစိန်၊ ဦးအုန်းသောင်း၊ ကိုယဉ်အေးနှင့် ခရမ်းမြို့နယ် အဖွဲ့ချုပ်အဖွဲ့ဝင် ကိုမင်းသိန်းဖြစ်ပြီး၊ ကိုဝင်းဇော်ခေါ် ကိုတွတ်ပီကိုတော့ ဆက်လက် ဖမ်းဆီးထားဆဲ ဖြစ်ပါသည်။ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ရဲတပ်ရင်းမှ မနေ့ညက ပြန်လွှတ်လာသည့် သုံးခွမြို့နယ် အဖွဲ့ချုပ်အဖွဲ့ဝင် ကိုယဉ်အေးမှ သူပြန်လည် လွတ်မြောက်လာပုံနှင့် ဖမ်းဆီးခံလိုက်ရပုံကို ယခုလို ပြောပြပါသည်။

"ဟုတ်ပါတယ်ခင်ဗျာ။ ကျနော်တို့ ပြန်လွှတ်တာ ည (၈) နာရီ ရောက်ပါတယ်။ သုံးခွမြို့နယ်က (၆) ယောက် ပါသွားတာ၊ (၅) ယောက် ပြန်လွှတ်တယ်။ တယောက်က ဝင်းဇော် ခေါ် တွတ်ပီလေ။ ကျန်ခဲ့တယ်။ ကျနော့်ကို စပြီးတော့ ဖမ်းတဲ့အချိန်က (၁၂) နာရီပေါ့နော်။ ညေ့စာရင်း စစ်မယ်ဆိုပြီး မြို့နယ်မှူး ဦးချစ်စိန် ကိုယ်တိုင်လာရောက်ပြီးတော့ ကျနော့်အိမ်ကို သူတို့ဘာသာ သူတို့သဘောနဲ့ ဖွင့်ပြီးတော့ တံခါးတောင် ကျိုးသွားတယ်ဗျာ။ ဖွင့်ပြီးတော့ ကျနော်တို့ ညေ့စာရင်း စစ်မလို့ပါလို့ ပြောတယ်။ ပြောတော့ ညေ့စာရင်းစစ်မယ်ဆိုရင် ဘယ်သူတွေပါလဲလို့ ကျနော်က မေးတော့ ရယက အဖွဲ့တွေ မီးသတ်အဖွဲ့တွေ ရဲ (၁၅) ယောက်လောက်နဲ့ ဝိုင်းပြီးတော့ အဲလိုမျိုးပေါ့နော်၊ မာဖီးယားဂိုဏ်း ဖမ်းသလိုမျိုး ပုံစံကြီး အိမ်ကို ဝိုင်းပြီးတော့ ကျနော်တို့ ညေ့စာရင်းလဲ မစစ်ပဲနဲ့ သန်းကောင်စာရင်း ဟိုလှန် ဒီလှန်လုပ်ပြီးတော့ ကျနော့်ကို ခဏလိုက်ခဲ့ပါအုံးတဲ့။ ပြောစရာလေး ညှိနှိုင်းစရာလေး ရှိလို့ပါဆိုပြီးတော့ ခေါ်တယ်။ အဲဒါနဲ့ ကျနော်က ညှိနှိုင်းစရာရှိရင် ခင်ဗျားတို့ မနက်ကျမှ ခေါ်ပါလို့ ကျနော်လဲ ဖျားနေတယ်လို့ အဲလို ပြောတဲ့အခါကျတော့ မဟုတ်ပါဘူးတဲ့ ခရိုင်မှူးကိုယ်တိုင် အခေါ်ခိုင်းလို့ပါတဲ့။ ကျနော်တို့ ပြန်လွှတ်ပေးပါ့မယ်တဲ့။ ချက်ခြင်း ပြန်လွှတ်ပေးပါမယ်တဲ့။ ဒါဆို ခင်ဗျားတာဝန်ယူလားလို့ ကျနော်က မေးတော့ အဲဒါနဲ့ တာဝန်ယူပါတယ်ဆိုပြီးတော့ (၄) ရက်ကြာ သွားတာပေါ့ဗျာ။"

"အဲဒါ သူတို့ ဘာတွေ စစ်မေးလဲရှင့်။ ပြန်လွှတ်လာတော့ရော လက်မှတ်တွေ ဘာတွေ ထိုးပေးခဲ့ရလား။ "

"ထိုးပေးခဲ့ရတယ်။ ကျနော်တို့ကိုပေါ့နော်။ လျှို့ဝှက် ဆွေးနွေးတဲ့ကိစ္စကိုတဲ့ ပေါက်ကြားရင် အရေးယူခြင်းခံရမယ် ဆိုပြီးတော့ ကျနော်တို့ကို လက်မှတ် အတင်းထိုးခိုင်းတယ်။ ကျနော်တို့ (၇) ရက်ကို ဆန္ဒပြမယ်ထင်ပြီးတော့ သူတို့က ခေါ်ယူ မေးမြန်းတာပေါ့။"

ထို့အပြင် သူ့ကို ဖမ်းဆီးစဉ်တွင် ခွင့်မတောင်းပဲ အိမ်တံခါးကို ဖျက်စီးဝင်ရောက်ခဲ့သည် အာဏာပိုင်များမှ ကိုယဉ်အေးမှ ယခုလို ပြောဆိုလိုက်ပါသည်။

"ကျနော်တော့ဗျာ ဒီလိုမျိုးပေါ့ဗျာ၊ နောက်နောင် မဖြစ်စေချင်ဘူးဗျ။ မြို့နယ်မှူးကိုလဲ ကျနော်တို့က ပြောရအုံးမယ်။ ဘာလို့လဲဆိုတော့ ကျနော့်အိမ်ထဲကို အဲလိုမျိုး ဝုန်းကနဲ ဒိုင်းကနဲ ဝင်တော့တံခါးတွေ ပျက်သွားတယ်ဗျာ။ ကျိုးပဲ့သွားတယ်။ ဒါကို ပြန်လုပ်ပေးစေချင်တယ်။ ကျနော်ကတော့ ရှင်းရှင်းပြောရရင်တော့ ခွင့်မတောင်းပဲနဲ့ အိမ်ထဲကို ဝင်လာတာက ဒါ ကျနော်တို့က ကျနော်တို့မှာ လုံခြုံမှု မရှိဘူးလို့ ထင်တယ်ဗျ။ ဘာလဲဆိုတော့ အိမ်ရှင်ကို ခွင့်တောင်းရတယ်ဗျ။ သူ့ဟာနဲ့ သူ ဘာအာဏာပဲရှိရှိ။ အိမ်ရှင်ကို ခွင့်တောင်းရမယ်။ အိမ်ရှင်ခွင့်ပြုချက်ရမှ ဝင်ရမယ်။ ဒီလိုမျိုး အယောင်ဆောင်ပြီးတော့ လာမယ်ဆို ကျနော်တို့ ဘယ်လို ဘယ်သူ့ကို သွားတိုင်ရမလဲ"

ရဲတပ်ရင်း (၇) တွင် ၄င်းတို့နဲ့ အတူ ဖမ်းဆီး ထိန်းသိမ်းခံနေရသည့် လောင်စာဆီ ဈေးနှုန်းကျဆင်းရေး ဆန္ဒပြသူအားလုံး သည် အဝတ်တထည် ကိုယ်တခုနှင့် ဖြစ်သည့်အတွက် အစားအသောက် နေရေးထိုင်ရေးများတွင် အခက်တွေ့နေရသည်ဟု ကိုယဉ်အေးမှ ပြောပါသည်။

“အဲဒီ နှိပ်စက်တာတို့ ဘာတို့တော့ မရှိဘူးဗျ။ ကျနော်တို့ အခု အဲဒီနေရတဲ့ အဆောင်ကလေ (၂၆) ယောက်ရှိတယ်။ အဲဒါ စားရေးသောက်ရေးတွေ ဒုက္ခရောက်တယ်။ ဟိုဖက်က အဆောင် (၂) မှာလဲ (၂၆) ယောက်၊ ဟိုဖက်ကတော့ ဆန်ပြုတ်တွေ ဘာတွေတောင် သောက်နေရတယ်။ ကျန်းမာရေး မကောင်းတာတွေ ဘာတွေ ရှိတယ်။ ကျနော်တို့က ဒီဖက်က စားရေးသောက်ရေးတွေမှာမဝ တဝ ဖြစ်နေတယ်။ ကျနော်တို့က ကမ္ဘာမကြေ သီချင်းတွေ ဆိုလို့ဆိုပြီး စားရေးသောက်ရေးတွေ မဝ တဝ ကျွေးတာပေါ့ဗျာ။ ကျနော်တို့ကလဲ ကြက်သားဟင်း ကျွေးပါ၊ ဝက်သားဟင်း ကျွေးပါ၊ ဘာကျွေးပါ၊ ညာကျွေးပါ ဘာမှ မတောင်းဆိုဘူး။ ဒါပေမဲ့ ဝဝ လင်လင်လေးတော့ ကျနော်တို့ ကျွေးပါလို့ ကျနော်တို့က ညှိနှိုင်းပြီး တောင်းဆိုတယ်ဗျာ။ ပြောပြတယ်။ သူတို့ကို လုပ်ပေးပါ့မယ်။ လုပ်ပေးပါ့မယ်နဲ့ တရက် နှစ်ရက် လုပ်မပေးတော့ ကျနော်တို့တွေ ထမင်း အစာရေစာ မစားပဲနဲ့ပေါ့နော် ဒီအတိုင်းနေကြတယ်။”

”ကျိုက္ကဆံ အရွှေ့ခံရသူတွေ သူတို့ ဘယ်လိုမျိုးရှိလဲ ကျန်းမာရေးကတော့ မကောင်း တကောင်းပေါ့။ ဗိုက်မကောင်း တာတို့ ဘာတို့ ရှိတာပေါ့။ တချို့ကျတော့ ပိန်သွားတာပေါ့ဗျာ။ စားရေးသောက်ရေးက မဝ တဝဖြစ်နေတော့။ ဘာတွေ ကျွေးလဲ ဆိုတော့ မနက်ကို ထမင်းကြော် ကျွေးတယ်ဗျာ။ ထမင်းကြော် ကျနော်စရောက်တဲ့ နေ့ကပဲ ပဲပြုတ်ပါတယ်ဗျ။ နောက်နေ့ကျတော့ ပဲပြုတ် မပါတော့ဘူးဗျာ။ ထမင်းကလဲ လက်တဆုပ် သာသာလေးပဲ ကျွေးတယ် မဝဘူး။ ဒါပေမဲ့ ကျနော်တို့က အဆာပြေစာ စားတာပဲဆိုပြီး ဘာမှ မပြောဘူး။ ထမင်းကြီး နေ့ခင်းစာ စားတော့လဲ ပြေပ်သီးနဲ့ ကြက်သွန်နဲ့ သုပ်ထားတဲ့ဟာလေးဗျာ။ ကြက်သွန် နှစ်လုံးလောက်တောင် မရှိဘူး။ အဲဒါလေးနဲ့ ပဲဟင်းလေး ဇွန်းတဇွန်းဆိုတော့ ဘယ်လိုမှ မဝဘူးဗျ။ ထမင်းလဲ မဝဘူးဗျ။ အဲဒါ ဟိုဖက်က အဆောင် (၂) ကလဲ လူကြီးတွေလဲ များတယ်လေ။ ဦးမြင့်အေးတို့လဲရှိတယ်။”

“ ဦးမြင့်အေးတို့လဲ ကျန်းမာရေး ကောင်းရဲ့လား။”

“ဦးမြင့်အေးလဲ ကောင်းပါတယ်။ ဦးဇော်ညွှန့်ဆိုတဲ့ လူကြီးတယောက်ကိုတော့ သူတို့က ဘယ်ကို ပြောင်းလဲ လိုက်မ သိဘူးဗျ ခေါ်သွားတယ်ဗျ။ ပြောင်းတာလား၊ ထုတ်ပေးတာလားတော့ ကျနော်တို့လဲ မသိဘူး။ ကျနော်တို့မထွက်ခင် တရက် အလိုပေါ့နော်။”

ဖမ်းဆီးခံရသည့် ကျန်းမာရေး၊ စားဝတ်နေရေး ကိစ္စများအား အာဏာပိုင်များအနေနှင့် လိုအပ်သလို ဆောင်ရွက်ပေးသင့်ကြောင်း၊ ထို့အပြင် ထိန်းသိမ်းထားသူများ အားလုံးကို အမြန်ဆုံး ပြန်လွှတ်ပေးရန်ကိုလဲ ကိုရင်အေးမှ တောင်းဆိုသွားပါသည်။ အလားတူ မော်ဘီ ရဲတပ်ရင်း (၃) တွင် ထိန်းသိမ်းခံနေရသည့် လောင်စာဆီ ဈေးနှုန်းကျဆင်းရေး ဆန္ဒပြသည့် အမျိုးသမီး အယောက် (၂၀) ကျော်ကိုလဲ အာဏာပိုင်များမှ အစာ ဝလင်အောင် မကျွေးကြောင်း သိရှိရပါသည်။ ထို့အပြင် ကိုကိုကြီး၊ ကိုမင်းကိုနိုင် အပါအဝင် (၈၈) မျိုးဆက် ကျောင်းသား ခေါင်းဆောင်များသည်လည်း ဘယ်လို နေထိုင် စားသောက်နေရတယ်။ ဘယ်မှာ အဖမ်းဆီးခံထားရတယ်ဆိုတာကိုလဲ စုံစမ်း၍ မရသေးပါ။

**အစထို့**

## ဦးသန်းလွင်၏သားသမီးများနှင့် မတ္တရာအဖွဲ့ဝင်များအား စွဲချက်တင်

*၁၁ ၊ စက်တင်ဘာ ၊ ၂၀၀၇*

ကြံ့ခိုင်ရေးအသင်းမှ တရားစွဲထားသည့် မတ္တရာမြို့နယ် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်၏ သားသမီးများကို မြို့နယ် တရားရုံးမှ ယနေ့ တရားဝင် စွဲချက်တင်လိုက်ပြီဟု အဖွဲ့ချုပ်ဝင်များမှ ပြောပါသည်။ မနေ့က တရားလို သက်သေအားလုံးကို နောက်ဆုံးအကြိမ် စစ်ဆေးခဲ့ပြီးနောက် ယနေ့တွင် ယခုလို စွဲချက်တင်လိုက်ခြင်း ဖြစ်ပါတယ်။ တရားစွဲခံရသူ (၉) ဦးအနက် ဦးညိုကြီးအား ပုဒ်မ (၅၀၆) ကြိမ်းဝါးမှု၊ ကျန် (၈) ဦးကို အားပေးကူညီမှု ပုဒ်မ (၅၀၆/ခ)၊ (၁၁၄) နှင့် စွဲချက် တင်လိုက်ခြင်း ဖြစ်ပါသည်။ ယနေ့ တရားရုံးတွင် ၎င်းတို့၏ အကျိုးဆောင်ရှေ့နေ ဦးမြင့်သွင်ဖက်မှ လျှောက်လဲခဲ့ပုံကို မြို့နယ်အဖွဲ့ချုပ်ဝင် ဦးညိုလေးမှ ယခုလို ဖတ်ပြပါသည်။

“တရားလို သက်သေ (၇) ဦးကို တင်ပြထားရာ၊ သက်သေသုံးဦးကသာ ထောက်ခံ ထွက်ဆိုထားပြီး၊ သက်သေလေးဦးက တရားလိုအား ထောက်ခံထွက်ဆိုထားခြင်း မရှိကြောင်း ထင်ရှား ပေါ်လွင်နေပါသည်။ တရားလိုနဲ့ တရားလိုပြ သက်သေတို့၏ ထွက်ဆိုချက်အရ စွပ်စွဲရသူ (၉) ဦးအနက် စွပ်စွဲသည့် ပုဒ်မ (၅၀၆) အား ဦးညိုကြီး တဦးတည်းသာ ဖြေရှင်းရန် ပေါ်ပေါက်နေပါသည်။ စွပ်စွဲခံရသည့် ပုဒ်မ (၅၀၆) အား လုံးဝ ငြိစွန်းခြင်း မရှိကြောင်း ထင်ရှား ပေါ်လွင်နေပါသည်။ အဓိက အနီးကပ်ဆုံး သက်သေဖြစ်သည့် ဦးဝင်းဦးမှ ထွက်ဆိုချက်အရ ဦးညိုကြီးကလည်း အမည်မတပ် ကြိမ်းဝါးခြင်း မရှိကြောင်း ထင်ရှားနေပါသည်။ တရားလိုသည် စွပ်စွဲခံရသူများနှင့် အနီးကပ်ဆုံးရှိသည့် ရဲတပ်ဖွဲ့ဝင်များကို သက်သေမပြခဲ့ခြင်းသည်

ဤအမှုတွင် အထူးခြားဆုံးဖြစ်ပြီး၊ တရားလိုအား ထောက်ခံထွက်ဆိုသော သက်သေများသည် တရားလို၏ လက်အောက်မှာ တာဝန်ရှိသူများဖြစ်နေသည်ကို ထင်ရှားနေပါသည်။ တရားလို၏ ထွက်ဆိုချက်သည် တိကျခိုင်မာသော ဥပဒေအရ လွတ်လပ်သည့် သက်သေများ မဟုတ်ခြင်း၊ ထွက်ချက်များသည် စွပ်စွဲသည့် ပုဒ်မ (၅၀၆) အရ ဥပဒေ ပြဋ္ဌာန်းချက်နှင့် မညီညွတ်ခြင်း တို့ကြောင့် စွပ်စွဲခံရသူများအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၂၅၃) အပိုဒ် (၁) အရ စွဲချက်မတင်ပဲ လွှတ်ပေးပါမည့်အကြောင်း ရှိသေစွာ လျှောက်ထားအပ်ပါသည်ဆိုပြီး ကျနော်တို့ဖက်က ရှေ့နေ ဦးမြင့်သွင်မှ လျှောက်ထားပါတယ်။ နှစ်ဖက် လျှောက်လဲချက် တင်ပြီးတာနဲ့ တပြိုက်နက်ထဲ တောက်လျှောက် ဆုံးဖြတ်ချက် ချလိုက်တာပါပဲ။ စွပ်စွဲချက်ကို အမိန့်ချလိုက်တာပါပဲ။”

ဦးညိုလေး ပြောပြသွားခြင်းဖြစ်ပါသည်။ တရားခံအဖြစ် စွဲဆိုခံထားရသည့် အဖွဲ့ချုပ်ဝင် ဦးညိုလေးတို့အတွက် ရှေ့နေဦးမြင့်သွင်နှင့် ဦးမျိုးဆွေတို့ (၂) ဦးမှ လိုက်ပါ ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါသည်။ သက်သေထွက်ချက် မခိုင်လုံဘဲ စွဲချက်တင် လိုက်သည့်အပေါ် ရှေ့နေ ဦးမျိုးဆွေမှ ယခုလို ထောက်ပြခဲ့ပါသည်။

“လျှောက်လဲချက်ပေးတဲ့အခါမှာ အစိုးရရှေ့နေက ပြောတယ်၊ အစိုးရရှေ့နေကလဲ အဲဒီ မတ္တရာက အင်န်အယ်လ်ဒီက ဥက္ကဋ္ဌ ဦးညိုကြီးဆိုတဲ့ ပုဂ္ဂိုလ်ကသာလျှင် ဆဲဆိုကြိမ်းတယ် ပြောတယ်ဆိုတဲ့ စကားထွက်ချက်ပဲရှိတယ်။ ကျန်တဲ့သူတွေက မရှိဘူးဆိုပြီးတော့ ပြောတယ်။ ကျန်တဲ့သူတွေကတော့ ဒီမှာ ပြစ်မှုကျူးလွန်တယ်ဆိုတာ မပေါ်ပါဘူးလို့ ဆိုတယ်။ ဝင်မပြောဘူး၊ မပါဘူးဆိုတာက ပေါ်နေလျှက်သားနဲ့ ဦးသန်းလွင်ရဲ့ လက်သီးနဲ့ အထိုးခံရတဲ့ အမှုကို ပျောက်သွားအောင် သူတို့ ဒါ ဖန်တီးတာပါပဲ။ အဲဒီ အမှုစစ်ဆေးတဲ့ နေရာမှာ ဘက်လိုက်မှု မရှိအောင် ကြိုးစားပြီးတော့ ဆောင်ရွက်ပေးတာ မှန်ပါတယ်။ ဒါပေမဲ့ ကြံ့ဖွံ့ မြို့နယ်အတွင်းရေးမှူးက စွဲတယ်ဆိုတော့လဲ ကျနော်တို့ဖက်ကတော့ဗျာ ရင်ဆိုင်ရတာတော့ နည်းနည်း မျက်နှာ ငယ်တာပေါ့။ ဟို ဘယ်လိုခေါ်မလဲ အုတ်နံရံကို ခေါင်းနဲ့ ဝင်ဆောင့်နေရတဲ့ သဘောမျိုးတော့ ဖြစ်နေရတာပေါ့။”

ရှေ့နေ ဦးမျိုးဆွေဖြစ်ပါသည်။ ယခုဖြစ်စဉ်သည် မြို့နယ်ကြံ့ခိုင်ရေးအသင်းနှင့် အချုပ်ဝင်များမှ အပြန်အလှန်စွဲကြသည့် အမှုဖြစ်ပါသည်။ ကြံ့ခိုင်ရေးအသင်း အတွင်းရေးမှူး ဦးကျော်မင်းဖက်မှ စွဲထားတဲ့အမှုကို ဆက်တိုက်စစ်ဆေးပြီး ယခုလို စွဲချက်တင်လိုက်သော်လည်း လွှတ်တော် ကိုယ်စားလှယ် ဦးသန်းလွင် ဖက်မှ စွဲထားသည့်အမှုကို ရဲစခန်းနေ ယခုချိန်ထိ အရေးယူဆောင်ရွက်ခြင်း မရှိသေးပါ။ ဥပဒေရေးရာနားလည်သူ ရှေ့နေများမှ ကြံ့ခိုင်ရေးဖက်မှ စွဲထားသည့်အမှုသည် ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းမရှိပါ သာမန်ခြိမ်းခြောက် ကြိမ်းဝါးမှုဖြစ်ပြီး၊ ဦးသန်းလွင်ဖက်မှ စွဲထားသည့်အမှုကတော့ ထောင် (၇) နှစ်အထိ အပြစ်ပေးနိုင်သည့် ကိုယ်ထိ လက်ရောက်ကျူးလွန်မှု ဖြစ်သည်ဟု ဆိုပါသည်။ ပိုကြီးလေးသည့်အမှုကို ယခုချိန်ထိ အရေးယူဆောင်ရွက်ခြင်း မရှိသေးသည့်အပေါ် ကာယကံရှင် ဦးသန်းလွင်မှ ယခုလို ပြောကြားသွားပါသည်။

“ကျနော့် အမှုအတွက်လဲပဲ သွားမေးလိုက်လို့ရှိရင် တရားခံထွက်ပြေးသလို ပြောတာ မဟုတ်ဘူး။ စုံစမ်းလို့မရသေးပါဘူးလို့ ဒီလိုပဲပြောတယ်။ ဒါပေမဲ့ လုပ်ထုံးလုပ်နည်းနဲ့ တွက်မယ်ဆိုလို့ရှိရင် တရားလို ကျနော့်အနေနဲ့ တိုင်ထားတဲ့အပိုင်းမှာကိုပဲ တရားလို ကျနော့်ကိုပဲ တရားဝင် စစ်ဆေးတာမျိုး မလုပ်ဘူး။ သက်သေတွေကိုလဲ မစစ်ဆေးဘူး။ စုံစမ်းမရတဲ့ ပုံစံက တမျိုးပေါ့လေ။ ကျနော်တို့အနေနဲ့ကတော့ ကျနော်တို့ အဖွဲ့အနေနဲ့ကတော့ အစဉ်တစိုက် ဥပဒေကို လေးစားတယ်။ ဥပဒေအတိုင်း လိုက်နာတယ်။ ဥပဒေကိုလဲပဲ အားကိုးတယ်။ ဒါပေမဲ့ လက်ရှိအခြေအနေက ဥပဒေက ကျနော်တို့ အားကိုးကို ခံနိုင်တဲ့ အခြေအနေမျိုးဖြစ်နေတယ်။”

မတ္တရာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်ဖြစ်ပါသည်။ ဦးသန်းလွင်နှင့်အတူ သူ့ရဲ့သားသမီးများနှင့် မြို့နယ်အဖွဲ့ချုပ်ဝင်များသည် ပြီးခဲ့တဲ့ဇွန်လ (၁၅) ရက်နေ့မှ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေး အကျဉ်းသားအားလုံး လွတ်မြောက်ရေး အတွက် ဝတ်ပြုဆုတောင်းပွဲ ပြုလုပ်ခဲ့ပါသည်။ ၄င်းဆုတောင်းပွဲမှ အပြန်တွင် ကြံ့ခိုင်ရေး အသင်းဝင်လို့ ယူဆရသူတဦးမှ ဦးသန်းလွင်၏ မျက်နှာကို သံလက်သီးနှင့် ထိုးနှက်ခဲ့ခြင်းကြောင့် ဆေးရုံတက်ပြီး ကုသမှုခံခဲ့ရပါသည်။ ထို့ကြောင့် ဦးသန်းလွင်ဖက်မှ အမှုဖွင့်ခဲ့သလို ကြံ့ခိုင်ရေးအသင်းဖက်ကလည်း ဦးသန်းလွင်၏ မိသားစုဝင် (၄) ဦးနှင့် အဖွဲ့ချုပ်ဝင်များ အပါအဝင် စုစုပေါင်း (၉) ဦးကို ခြိမ်းခြောက်မှုနှင့် ပြန်လည်တရားစွဲထားခြင်း ဖြစ်ပါသည်။

**အစတို့**

ဗိုလ်ချုပ်မှူးကြီး သန်းရွှေကို တိုက်ရိုက် ရည်ညွှန်း ဆန္ဒပြခဲ့သူ ကိုစိုးဝင်းအား တောင်ကုတ်မြို့နယ် တရားရုံးမှ ထောင် (၄) နှစ် ချလိုက်သည်ဟု မြို့ခံများနှင့် ပြောပါသည်။ ကိုစိုးဝင်းကို မနေ့မှ ဆန္ဒပြနေစဉ် ရဲများဖမ်းဆီးသွားပြီး၊ ချက်ချင်း တရား ရုံးတင် စစ်ဆေးကာ ထောင်ချလိုက်သည်ဟု သိရပါသည်။ ၄င်းအကြောင်းကို တောင်ကုတ် မြို့ခံတဦးမှ ယခုလို အတည်ပြု ပြောပြပါသည်။

"အဲဒီနေ့က ထောင်ချလိုက်တယ်။ ထောင်ဒဏ် (၄) နှစ် အပြစ်ဒဏ် ပေးလိုက်တာ ကတော့ အတိအကျပဲ။ တောင်ဂုတ် မြို့နယ် တရားသူကြီးပေါ့။ တရားသူကြီးက ဒေါ်သိန်းဟန်ပါ။ ထောင်ချလိုက်တယ်ဆိုတော့ အပြစ်ကျခံရပြီးသား အကျဉ်းသား တယောက် ဆိုရင်တော့ တောင်ဂုတ်မြို့မှာ ထောင်မရှိဘူး။ မရှိတော့ သံတွဲ ထောင်ကိုပဲ ပို့လိမ့်မယ် ထင်တယ်။ "

ကိုစိုးဝင်းသည်တောင်များနှင့် မိုင် (၂၀) လောက်ဝေးသည့် ဆားပြင်ကျေးရွာမှ ခြေလျင် လမ်းလျှောက်လာခဲ့ပြီး၊ တောင်ကုတ်မြို့မဈေးအတွင်း တကိုယ်တော် ဆန္ဒပြခဲ့ခြင်း ဖြစ်ပါသည်။

"ဗိုလ်ချုပ်မှူးကြီး သန်းရွှေကို ဗုဒ္ဓ ထုတ်ပစ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ရှစ်ဆယ့်ရှစ်ကျောင်းသားတွေကို လွှတ်ပေး"

စသည့် ပိုစတာ (၂) ခုကိုကိုင်ပြီး (၅) မိနစ်လောက် ကြာသည်အထိ ဆန္ဒပြခဲ့ခြင်းဟု မျက်မြင် တွေ့ရှိသူများမှ ပြောပါသည်။ ကိုစိုးဝင်းအား အာဏာပိုင်များမှ ချက်ချင်း ဖမ်းဆီး ထောင်ချလိုက်သည့်အပေါ် တောင်ကုတ်မြို့ခံမှ ယခုလို သုံးသပ် ပြောကြား သွားပါသည်။

"အန်ကယ်အထင်ကတော့ ဟိုရှေ့က ပြသွားတဲ့ သူတွေကလေ။ သူတို့ ပါးပလစ် ပေါ့နော်။ ပြည်သူလူထုရဲ့ သဘောဆန္ဒ တွေကို ထုတ်ဖော်ပြသတာပဲနော်။ သူတို့ ဘဝအခက်အခဲတွေပေါ့နော်။ ထမင်းငတ်နေကြပြီ၊ ကုန်ဈေးနှုန်းတွေ ကြီးမြင့်တယ်။ နောက်ပြီးတော့ အလုပ်အကိုင် ရှားပါတယ် ဆိုတဲ့ဟာကို အဲဒီလို ပြောလိုက်တာ။ အခုဟာကတော့ နိုင်ငံတော် အကြီးအကဲ ပေါ့နော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို တိုက်ရိုက် ထိခိုက်စေတဲ့ တောင်းဆိုမှုတွေကို တောင်းဆိုလာတဲ့အခါကျတော့ အောက်ခြေမှာရှိတဲ့ ဟို ဝန်ထမ်းတွေကလဲပေါ့ဗျာ နော်။ ပြောရရင်တော့ တရားသူကြီးပေါ့။ သူက မျက်နှာလို မျက်နှာရပေါ့ဗျာ ထောင်ချလိုက်တယ်လို့ပဲ အဲလိုပဲ သဘောရတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ပြည်သူလူထုက သိပ်ပြီးတော့ မကြေနပ်ကြဘူးပေါ့နော်။ ဟို အပြစ်ရှိတယ် ဆိုပြီးတော့ လူတယောက်ကို ပုဒ်မတပ်ပြီးတော့ တရားစွဲဆိုမယ် ဆိုလို့ရှိရင်ပေါ့နော်။ တရားခံဖက်ကနေပြီးတော့ သူမှာ ဥပဒေကြောင်းအရ ခုခံ ကာကွယ်နိုင်ဖို့ အခွင့်အလမ်း မရှိပေါ့။ အချိန်တိုကလေးမှာ အဲဒီလို အပြစ်ဒဏ် ပေးလိုက်တာကတော့ ဒါ ပြင်းထန်လွန်းတယ်။ တရားဥပဒေကြောင်းအရလဲ မညီညွတ်ဘူးလို့ အန်ကယ် အခုလို သုံးသပ်မိပါတယ်။ သူ့အနေနဲ့ ဥပဒေ ကြောင်းအရ ခုခံကာကွယ်ပိုင်ခွင့်ပေါ့နော်။ တနည်းပြောရလို့ရှိရင် လူ့အခွင့်အရေးတွေ ဆုံးရှုံးတယ်လို့ပဲ ပြောချင်ပါတယ်။"

တကိုယ်တော် ဆန္ဒပြသူ ကိုစိုးဝင်းအား အာဏာပိုင်များမှ ချက်ချင်း ဖမ်းဆီး ထောင်ချလိုက်သည်အပေါ် တောင်ကုတ် မြို့ခံတဦး၏ ဝေဖန်ပြောဆိုချက် ဖြစ်ပါသည်။ ယခုအခါ ကိုစိုးဝင်း၏ ဇာတိဖြစ်သည့် ဆားပြင်ကျေးရွာနှင့် အနီးတဝိုက်ကျေးရွာများ၊ တောင်ကုတ်မြို့ကြားရှိ တံတားနှင့် ကားဂိတ်များတွင်လည်း အစောင့်များချထားပြီး၊ တင်းကြပ်စွာ စစ်ဆေး မေးမြန်းခြင်းများ ပြုလုပ်နေတယ်ကြောင်းသိရှိရပါသည်။ ထို့အပြင် ဩဂုတ်လ (၃၁) ရက် နေ့မှ လောင်စာဆီဈေး ချပေးရေး၊ ကုန်ဈေးနှုန်း ချပေးရေး တောင်းဆို ဆန္ဒပြခဲ့သည့် ကိုသန်းလွင်ကို မြို့နယ် မဝတနှင့် ရယကများ ယနေ့ပင် တနေကုန် ခေါ်ယူ စစ်ဆေးမေးမြန်းကြောင်း အကယ်၍ မိသားများနှင့် နီးစပ်သူများမှ ဒီဗွီဘီကို ပြောပြပါသည်။

**အစသို့**

---

## သံလက်သီးအမတွဲ နေ့စဉ် စစ်ဆေးမည်

*၁၃ ၊ စက်တင်ဘာ ၊ ၂၀၀၇*

မတ္တရာမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင်များနှင့် လွှတ်တော် ကိုယ်စားလှယ် ဦးသန်းလွင်၏ မိသားစုဝင်များ အပေါ် ကြံ့ခိုင်ဖွံ့ဖြိုးရေး အသင်းမှ တရားစွဲထားသည့် အမှုကို ယနေ့ ဆက်လက်စစ်ဆေးခဲ့ပြီး၊ နေ့စဉ် ဆက်တိုက် စစ်ဆေးသွားမယ်ဟု အဖွဲ့ချုပ်ဝင်များ အပြောအရ သိရပါသည်။ ကြံ့ခိုင်ဖွံ့ဖြိုးရေး အသင်းမှ တရားစွဲထားသူ စုစုပေါင်း (၉) ဦးရှိပြီး၊ ၄င်းတို့ကို ယခုလ (၁၁) ရက်နေ့ကပင် ကြံ့းဝါးမှု ပုဒ်မ (၅၀၆) အားပေးကူညီမှု ပုဒ်မ (၅၀၆) (ခ) နှင့် တရားဝင် စွဲချက်တင်ခဲ့ခြင်း ဖြစ်ပါသည်။ ယနေ့ မှာတော့ မြို့နယ်အဖွဲ့ ချုပ်ခေါင်းဆောင် ဦးညိုကြီး အပါအဝင် (၆) ဦးကို စစ်ဆေးခဲ့ခြင်းဖြစ်ပြီး၊ သူတို့ထွက်ဆိုခဲ့ခြင်းများကို လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်ပင် ယခုလို ပြောပြပါသည်။

"ဦးတည်ချက်သွားတဲ့ ရည်ရွယ်ချက်ကတော့ ကိုညိုကြီးရယ် ကိုကျော်ဆွေရယ်၊ ကိုညိုလေးရယ် သုံးယောက်က ကျနော်အမှုကွင်းကို စခန်းသွားတာ။ စခန်းသွားရာကနေပြီးတော့ စခန်းမှူးရဲ့ တာဝန်ပေးချက်အရ အဲဒီကို လိုက်သွားကြတယ်ဆိုတဲ့

အပိုင်းပဲ။ နောက် ညီညီနဲ့ ကိုသောင်းလှိုင်ကတော့ သူတို့ဟာ အဖွဲ့ချုပ်ရုံးမှာ ဝတ်ပြုဆိုတောင်းတဲ့သူတွေကို ထမင်းကျွေး ကျန်ရစ်ခဲ့တဲ့အတွက် အဲဒီမှာ လိုက်ပါခြင်း မရှိပါဘူးလို့ အဲလို ထွက်သွားကြတယ်။ ”

လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင် ဖြစ်ပါသည်။ ၄င်းအမှုကို တာဝန်ယူ စစ်ဆေးနေသူသည် မြို့နယ်တွဲဘက် တရားသူကြီး ဦးမြင့်ဟန်ဖြစ်ပြီး၊ အဖွဲ့ချုပ်ဝင်များဘက်မှ လိုက်ပါဆောင်ရွက် ပေးနေသည့် ရှေ့နေများမှ ဦးမြင့်သွင်နှင့် ဦးမျိုးဆွေတို့ ဖြစ်ပါသည်။ မနက်ဖြန် ရုံးချိန်းရွှေ့ပေးရန်တင်ပြခြင်းကို တရားရုံးမှ ပယ်ချခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ ဦးသန်းလွင်မှ ယခုလို ဆက် ပြောပြပါသည်။

“ရက်ဆက်ကို ချိန်းတာဆိုတော့ တဖက်ရှေ့နေရဲ့ အားမှု၊ မအားမှုအပေါ်မှာ သူတို့ အလေးမထားဘူး။ မအားပေမဲ့ မအားတာကို တရားသူကြီးတင်ပြလို့ လက်မခံဘူး မနက်ဖြန်ပဲ ချိန်းတယ်။ အဲဒီတော့ ကျနော်တို့ ရှေ့နေတွေက မနက်ဖြန်မှာ သူတို့ တာဝန်ကျတဲ့ တရားရုံးချုပ်နဲ့ တိုင်းရုံးမှာ တာဝန်ရှိနေတာတွေကို အကျိုးအကြောင်း ရေးပြီးတော့ မနက်ဖန် ပြန်စာတင်မယ်။ စာတင်တော့ ရှေ့နေတွေ တင်ပြတဲ့စာကို လက်ခံပြီးတော့ ရက်ချိန်းထပ်ပေးမလား၊ သို့မဟုတ် ရှေ့နေမပါချင်နေ ဆက်စစ်မယ်ဆိုတာ လုပ်မလား၊ ဒါတော့ အတပ်ပြောဖို့ နက်ဖြန်မှ သိမယ့်သဘောရှိတယ်။ နောက် သတင်းတခုအနေနဲ့ကလဲ တရားသူကြီးကို တိုင်းတရားသူကြီးကခေါ်ပြီးတော့ ဒီအမှု မြန်မြန်ဖြတ်လို့ ဆိုပြီးတော့ ခေါ်ပြီးတော့ ညွှန်ကြားချက် ပေးလိုက်တယ်။ ဒါပေးလိုက်တယ်ဆိုတဲ့ သတင်းကြားတာက လက်ရှိ ဆက်တိုက် ဆက်တိုက်ချိန်းနေတာ ကြည့်ချင်းအားဖြင့် ဒီအမိန့်ပေးလိုက်တာ မှန်မယ်လို့ တွက်လို့ရတယ်။ အဲဒီတော့ ဒီအမှု ရုံးချိန်းတာသည်ပင်လျှင် တဖက်ရဲ့ အခက်အခဲ စာနာမှု မပေးနိုင်ဘဲနဲ့ ဇွတ်လုပ်နေတဲ့ အပိုင်းကိုကြည့်ရင် သူ့ကို ဖိအားပေးထားတယ်။ ဖိအားပေးတာမှ ရုံးစစ်တာတောင် မြန်မြန်ပြီးဖို့အတွက် ဖိအားပေးရင် ဆုံးဖြတ်တဲ့နေရာမှာလဲ ဒီဖိအားဟာ မလွဲမသွေ ရှိလာမယ်၊ ရှိနေတယ်လို့ မှန်းဆလို့ ရတယ်။ ”

ကြံ့ခိုင်ဖွံ့ဖြိုးရေး အသင်းမှ တရားစွဲထားသည့် အမှုအခြေအနေအကြောင်း လွှတ်တော် ကိုယ်စားလှယ် ဦးသန်းလွင် သုံးသပ်ပြောဆိုသွားခြင်း ဖြစ်ပါသည်။

**အစသို့**

---

## ဝါးခယ်မမြို့မှာ သံဃာတော်နဲ့ ဒကာဒကာမများကို နှောက်ယှက်ခြိမ်းခြောက်

*၁၄၊ စက်တင်ဘာ၊ ၂၀၀၇*

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ အာဇာနည်နေ့ဆွမ်းကပ်ပွဲကို လက်ခံကျင်းပပေးခဲ့သည့် ဝါးခယ်မမြို့ မှ ဘုန်းတော်ကြီး ကျောင်းတကျောင်းကို အာဏာပိုင်များမှ ဆက်တိုက်ဖိအားပေး နှောက်ယှက်နေပါသည်။ ဝါးခယ်မ အဖွဲ့ချုပ်မှ ပြုလုပ်သည့် ဇူလိုင် (၁၉) ရက် အာဇာနည်နေ့အထိမ်းအမှတ် ဆွမ်းဆက်ကပ် လှူဒါန်းခြင်းကို လက်ခံခဲ့သည့် ဝါးခယ်မမြို့ မွန္တလေးကျောင်းတိုက်၏ လုပ်လက်စလုပ်ငန်းများ အပြီးမ သတ်နိုင်အောင် အာဏာပိုင်များမှ နှောက်ယှက်နေသည်ဟုကျောင်းထိုင်ဆရာတော် ဦးသုမင်္ဂလမှ အသိပေးမိန့်ကြားပါသည်။ ယခုလ (၈) ရက်တွင် ကျင်းပသည့် ဆရာတော်၏ သက်တော် (၅၈) နှစ်ပြည့်မွေးနေ့အလှူတွင် ကြွရောက် လာသည့် သံဃာတော်များနှင့် ဒကာဒကာမများအပါအဝင် ချက်ပြုတ်လုပ်ကိုင်သူများအား အာဏာပိုင် များမှ အမည်စာရင်း ကောက်ယူပြီး ခြောက်လှန့်ခဲ့သည်ဟု ဆရာတော်မှ မိန့်ကြားပါသည်။

“နှစ်တိုင်းလုပ်တဲ့မွေးနေ့ကို ကြွလာတဲ့သံဃာတွေကို အကုန်လုံးစာရင်းတွေကောက်၊ လာတဲ့ဒကာ ဒကာမတွေကို စာရင်းတွေ ကောက်၊ နောက်ဆုံး ဘယ်လောက်ဆိုးလဲဆိုရင် ဦးဇင်းကျောင်းက အုန်းနို့ ခေါက်ဆွဲကျွေးတာ၊ ဟင်းရည်ချက်တဲ့လူရဲ့စာရင်းတောင်မှ နာမည်လာမေးတယ်။”

အာဏာပိုင်များ၏ ဖိအားပေးမှုကြောင့် ဒကာဒကာမများမှ ဘုန်းကြီးကျောင်းကို မလာရဲကြတော့သည့်အတွက် ဆွမ်းကွမ်းအခက်များမှုနေရသည်ဟု ဆရာတော်မှ မိန့်ပါသည်။

“ဘယ့်နှယ် ဒကာမကြီးရယ်၊ ဘုန်းကြီးတောင်မှ အခွင့်အရေးဆုံးရှုံးနေတယ်။ ဦးဇင်းမှာဘာလုပ်လို့လဲ။ ... ဘုန်းကြီးဆိုတာ ဒကာဒကာမ လှူမှတန်းမှ စားရတာ။ ဆွမ်းပို့တဲ့ ဒကာဒကာမတွေ မလာရဲဘူး။”

ဆောက်လက်စ သိမ်အဆောက်အဦနှင့်ပတ်သက်သည့် ငွေကြေးများကိုလည်း မြို့နယ်မယကရုံးမှ မေးမြန်း စုံစမ်းသည့်အပြင် အလှူရှင်ဒကာများကိုပါ ကျောင်းမလာရဲအောင် မေးမြန်းနှောင့်ယှက်နေခြင်းကြောင့် ဆက်လက် မဆောက်လုပ်နိုင်ဘဲ ဖြစ်နေသည်ဟု ဆရာတော်မှ ရှင်းပြမိန့်ကြားပါသည်။

“သိမ်ဆောက်တဲ့ ဒကာဒကာမကို ဒီပိုက်ဆံ ဘယ်က ရသလဲဆိုတာ မေးတဲ့ဥစ္စာ၊ မေးတာတော့ ဘယ် လာကောင်းမလဲ။”

ဘာသာ သာသနာကို ဆက်လက်ထိပါးလုပ်ဆောင်တဲ့ ပုဂ္ဂိုလ်များအား စာရင်းကောက်ပြီး၄င်းတို့၏ သာရေး နာရေးကိစ္စ များတွင် မဆောင်ရွက်ပေးရန် သံဃာထုအကြား ညှိနှိုင်းထားပြီးဖြစ်သည်ဟု ဆရာတော် ဦးသုမင်္ဂလမှ မိန့်ကြားပါသည်။

"နိုင်ငံရေးလည်း နားမလည်ပါဘူး။ ပြောလည်းမပြောချင်ဘူး၊ လုပ်လည်းမလုပ်ချင်ဘူး။ အခု ပြောရတယ်ဆိုတဲ့ ဥစ္စာကလည်း ထိခိုက်လွန်းလို့၊ လူမှုရေးတင် ထိခိုက်တာမဟုတ်ဘူး ဘာသာရေး သာသနာရေးပါ ထိခိုက်လွန်းလို့ ဦးဇင်းပြောရတာ။"

**အစတို့**

---

## မကွေးတိုင်း ချောက်မြို့မှာ သံဃာ့ ဆန္ဒပြပွဲ ဖြစ်ပွား

*၁၆ ၊ စက်တင်ဘာ ၊ ၂၀၀၇*

မကွေးတိုင်း ပခုက္ကူမြို့တွင် သံဃာများ၏ မေတ္တာပို့သ ဆုတောင်းပွဲသည် စစ်အစိုးရ၏ အကြမ်းဖက် ဖြိုခွဲမှုကို ခံခဲ့ရပါသည်။ ချောက်မြို့မှ သံဃာများ၏ ယနေ့မနက် မေတ္တာပို့သပွဲကို အောင်အောင်မြင်မြင် ပြုလုပ်နိုင်ခဲ့ပါသည်။ ယနေ့ မနက် (၅) နာရီခန့် တွင် သံဃာအပါး သုံးဆယ်ခန့်သည် ပြည်သူလူထုကို မေတ္တာပို့သ ဆုတောင်းပွဲတခု စီတန်း ကြွချီပြုလုပ်ခဲ့သည်ဟုမျက်မြင် တွေ့ရှိခဲ့သူ ဒေသခံ တဦးမှ ပြောပြပါသည်။

"ကနေ့ နံနက် (၅) နာရီလောက်ကပေါ့၊ ဒီခြောက်မှာပေါ့လေ သံဃာအပါး (၃၀) လောက်က သာသနာ့ ဗိမာန်ကနေ စပြီးတော့ ကျနော်တို့ ဘောလုံးကွင်း လမ်းအတိုင်း ဒကာ ဒကာမတွေ ကျန်းမာပါစေ ဆိုပြီးတော့ မေတ္တာပို့ပြီးတော့ ဆုတောင်း ပြီးတော့ ဈေးမြောက်ဖက်လမ်းအတိုင်း ဆန္ဒပြတယ်ပေါ့လေ။ ဈေးကလူထုတွေ မပါ ပါနဲ့ ဒကာမတွေ မပါ ပါနဲ့ ဆိုခဲ့ပြီးတော့ ပြန်လို့ ပြောပြီးတော့ သူတို့ ဆန္ဒပြသွားတယ်ပေါ့။ "

သံဃာတော်များ လမ်းလျှောက် ဆန္ဒပြပွဲကို မြို့ခံ ပြည်သူလူထုက ဝင်ရောက် ပူးပေါင်းလိုသော်လည်း သံဃာတွေဖက်မှ ဒကာ ဒကာမတွေ မပါဝင် ကြဖို့၊ သံဃာ့ကိစ္စ ဘုန်းကြီးတွေဖက်ပဲ လုပ်မယ်လို့ မိန့်ဆိုတားမြစ်ခဲ့သည်ဟု ၎င်းမှ ဆိုပါသည်။ စီတန်း ချောက်မြို့ခံ ရဲများမှ ဘုန်းကြီးများအား ဓါတ်ပုံရိုက် မှတ်တမ်းတင်ခဲ့သည်ဟု အဆိုပါ ဒေသခံမှ ဆက်လက် ပြောပြပါသည်။

"နောက်က ရဲကားတွေ လိုက်လာတယ်ပေါ့။ သာသနာ့ ဗိမာန်မှာ စုရုံးပြီး ရပ်နေတဲ့ နေရာမှာပဲ အာဏာပိုင်တွေက ဓါတ်ပုံရိုက်တယ်။ သံဃာတော်တွေက ဓါတ်ပုံ ရိုက်တဲ့သူတွေကို လိုက်ပြီးတော့ ရိုက်တယ်ပေါ့လေ။ လမ်းခရီး တလျှောက်မှာ သက်ဆိုင်ရာ အာဏာပိုင်တွေက ဓါတ်ပုံရိုက်တယ်။ "

ယနေ့ မနက် သံဃာများ၏မေတ္တာ ပို့သ စီတန်း ကြွချီပွဲသည် မကွေးတိုင်း ပခုက္ကူတွင် ယခုလ (၅) ရက်နေ့မှ ဖြစ်ပွားခဲ့သည့် မေတ္တာပို့သပွဲကို အကြမ်းဖက် ဖြိုခွင်း ခံရပြီးသည့်နောက် ဒုတိယမြောက် သံဃာထုစီတန်း ကြွချီပွဲဖြစ်ပါသည်။ ပခုက္ကူသံဃာများ စီတန်း ကြွချီပွဲ အကြမ်းဖက်ခဲ့မှုကို ကြေနပ်လောက်သည့်အထိ တောင်းပန်ဖို့၊ မတောင်းပန်ရင် သံဃာထု၏ သပိတ်မှောက် ကံဆောင်ပွဲ ရင်ဆိုင်ရမည်ဟု ရက်သတ်မှတ်ရက် မတိုင်ခင် တရက်အလိုတွင် ဖြစ်ပွားခဲ့သည့် မကွေးတိုင်းအတွင်း သံဃာများ၏ စီတန်း ကြွချီမှု ဖြစ်ပါသည်။ ချောက်မြို့မှ သံဃာများသည် မနက်ဖြန်တွင် ကျရောက်မည့် ကံဆောင်ပွဲနှင့် စပ်လျဉ်းပြီး မနေ့ညပိုင်းမှ အေးစေတီ ဘုရားပေါ်တွင် ဆွေးနွေးရန် ဆန္ဒထုတ်ဖော်ရန်စသည့် သတင်းများ ချောက်မြို့ပေါ်တွင် ပြန့်နှံ့ခဲ့သည့်အကြောင်းနှင့်၊ ထို့ကြောင့် ကျင်းပရန် စီစဉ်ထားသည့် ဂေါပက အစည်းအဝေးပွဲကို ရွှေ့ဆိုင်းလိုက်ရသလို၊ ချောက်မြို့တမြို့လုံးကို အာဏာပိုင်များမှ မီး ဖြတ်တောက်ခဲ့ပါသေးသည်။ ယနေ့ ချောက်မြို့မှ သံဃာတော်များ စီတန်းကြွချီ မေတ္တာပို့သ ရပ်တည်ချက်နဲ့ ပတ်သက်၍ ချောက်မြို့ အေးစေတီ ကျောင်းမှ ဆရာတော် တပါးကို မေးမြန်းလျှောက်ထားရာတွင် ယခုလို မိန့်ကြားပါသည်။ ညတုန်းက အေးစေတီ ကျောင်းတိုက်များတွင် ဘုရားသံဃာများ စုစည်းပြီး အစည်းအဝေးတခု ကျင်းပခဲ့သည်ဟု ကြားလို့ပါဘုရား။

"ဟုတ်ပါဘူး၊ အေးစေတီ ဘုရားပေါ်မှာ မနေ့ညက မဟုတ်ဘူး။ မနေ့ညက ဂေါပက အစည်းအဝေးရှိတယ်။ ဂေါပက အစည်းအဝေးက ဘုန်းကြီးဟိုဟာလုပ်လို့ မစည်းဝေးဖြစ်ဘူး ဂေါပက အစည်းအဝေး။ မနက်ကတော့ ပရိတ်ရွတ်ကြတယ်ပေါ့။ "

"မနက်က ပရိတ်ရွတ်တဲ့ အထဲမှာ ဦးဇင်းဘုရား ပါလား ဘုရား။ "

"မပါ ပါဘူးဗျာ။ ဘုန်းကြီး မပါ ပါဘူး။ ဘုန်းကြီးတို့တောင် မသိလိုက်ဘူး။ ဆွမ်းစား အပြန် ဘာမသိ ညာမသိနဲ့ သွားလိုက်ကြတာပါ။ "

" ဒီသက်ဆိုင်ရာကနေပြီးတော့ ဓါတ်ပုံတွေ ဘာတွေ ရိုက်ယူတယ်လို့ ကြားတယ် ဘုရား။ "

"အဲလိုတော့ ကြားတယ်။ ဘုန်းကြီးလဲ ကြားတယ်။ "

" ဒီကိုယ်တော် ဘယ်နှစ်ပါးလောက် ဒီမေတ္တာပို့သခဲ့လဲ ဘုရား။ မနက်တုန်းက။ "

"(၅၀) လောက်တော့ ကြားတယ်။ """

" ဘယ်လို ဆုတောင်းကြတယ်လို့ ဦးဇင်း ကြားလဲ ဘုရား။ "

“သြော် ဒကာ ဒကာမတွေ ကျန်းမာ ချမ်းသာပါစေဆိုတဲ့ အကြောင်းကို ပြောတာပေါ့။ ပြည်သူ ပြည်သား ကျန်းမာ ချမ်းသာကြပါစေ။ အဲဒါ ဆုတောင်းတာပါပဲ။ ဒီအပြင် ဘာမှတော့ ကြမ်းကြမ်းတမ်းတမ်း မရှိပါဘူး။ မေတ္တာပို့တာပါပဲ။ ”

“ သံဃာတော် တပါးအနေနဲ့ မေတ္တာပို့သ ဆုတောင်းတာဟာ ဝိနည်းတော်နဲ့ ညီလား မညီလား အဲဒါ သိပါရစေ ဘုရား။ ”

“မေတ္တာပို့တယ် ဆိုတာကတော့ ဘုန်းကြီးတို့ အနေနဲ့ကတော့ တိုင်းသူ ပြည်သား ဆွမ်း ဒကာ ဒကာမ ဆွမ်းစားတယ် ဆိုလို့ရှိရင်တော့ မေတ္တာစိတ္တံ ဘာဝတ္ထိ ကရုဏာစိတ္တံ ဘာဝတ္ထိ မုဒိတာ စိတ္တံ ဘာဝတ္ထိ တသဿ ပုည ဒကာ ဒကာမတွေ ကျန်းမာ ချမ်းသာပါစေ ဆိုတာကတော့ သူတို့ရဲ့ ပစ္စဂန ဆင်ခြင်တဲ့ သဘောနဲ့ ဒါ ဆရာတော်တွေရဲ့ မေတ္တာ ထုံးစံကတော့ ပို့ရမှာပေါ့။ ဟို ကျောင်းရောက်နေလို့ရှိရင် စာဝါကျက်တာတို့၊ စာပေ ပရိရတ် လုပ်တာတို့ ဒါတွေဟာ ရဆကာသအးမွ ပူစာတွေ သူတို့မှာ လှူနေတာပဲ။ အဲဒီတော့ မေတ္တာ ပို့သခြင်းဟာ ဆိုရင်လဲပဲ သူတို့ အကျိုး သက်ရောက်တာပေါ့ ဗျာ။ ”

**အစသို့**

---

## မကွေးတိုင်း ချောက်မြို့မှာ သံဃာ့ ဆန္ဒပြပွဲ ဖြစ်ပွား

*၁၆ ၊ စက်တင်ဘာ ၊ ၂၀၀၇*

မကွေးတိုင်း ပခုက္ကူမြို့မှ သံဃာများ၏ မေတ္တာပို့သ ဆုတောင်းပွဲသည် စစ်အစိုးရ၏ အကြမ်းဖက် ဖြိုခွဲမှုကို ခံခဲ့ရပေမဲ့၊ ချောက်မြို့မှ သံဃာများ၏ ယနေ့မနက် မေတ္တာပို့သပွဲ ကိုတော့ အောင်အောင်မြင်မြင် ပြုလုပ်နိုင်ခဲ့ပါသည်။ ယနေ့ မနက် (၅) နာရီလောက်မှ သံဃာအပါး သုံးဆယ်ခန့်သည် ပြည်သူလူထုကို မေတ္တာပို့သ ဆုတောင်းပွဲတခု စီတန်း ကြွချီပြုလုပ်ခဲ့သည်ဟု မျက်မြင် တွေ့ရှိခဲ့သူ ဒေသခံ တဦးမှ ပြောပြပါသည်။

“ကနေ့ နံနက် (၅) နာရီလောက်ကပေါ့၊ ဒီချောက်မှာပေါ့လေ သံဃာအပါး (၃၀) လောက်က သာသနာ့ ဗိမာန်ကနေ စပြီးတော့ ကျနော်တို့ ဘောလုံးကွင်း လမ်းအတိုင်း ဒကာ ဒကာမတွေ ကျန်းမာပါစေ ဆိုပြီးတော့ မေတ္တာပို့ပြီးတော့ ဆုတောင်းပြီးတော့ ဈေးမြောက်ဖက်လမ်းအတိုင်း ဆန္ဒပြတယ်ပေါ့လေ။ ဈေးကလူထုတွေ မပါ ပါနဲ့ ဒကာမတွေ မပါ ပါနဲ့ ဆိုခဲ့ပြီးတော့ ပြန်လို့ ပြောပြီးတော့ သူတို့ ဆန္ဒပြသွားတယ်ပေါ့။ ”

သံဃာတော်များ၏ လမ်းလျှောက် ဆန္ဒပြပွဲကို မြို့ခံ ပြည်သူလူထုမှ ဝင်ရောက် ပူးပေါင်းလိုပေမဲ့ သံဃာများဖက်မှ ဒကာ ဒကာမများ မပါဝင် ကြရန် သံဃာ့ကိစ္စ ဘုန်းကြီးများဖက်တွင် လုပ်မည်ဟု မိန့်ဆိုတားမြစ်ခဲ့သည်ဟု ၄င်းမျ ဆိုပါသည်။ ယခု စီတန်း ချောက်မြို့ခံ ရဲများမှ ဘုန်းကြီးများအား ဓါတ်ပုံရိုက် မှတ်တမ်းတင်ခဲ့သည်ဟုအဆိုပါ ဒေသခံမှ ဆက်လက် ပြောပြပါသည်။

“နောက်က ရဲကားတွေ လိုက်လာတယ်ပေါ့။ သာသနာ့ ဗိမာန်မှာ စုရုံးပြီး ရပ်နေတဲ့ နေရာမှာပဲ အာဏာပိုင်တွေက ဓါတ်ပုံရိုက်တယ်။ သံဃာတော်တွေက ဓါတ်ပုံ ရိုက်တဲ့သူတွေကို လိုက်ပြီးတော့ ရိုက်တယ်ပေါ့လေ။ လမ်းခရီး တလျှောက်မှာ သက်ဆိုင်ရာ အာဏာပိုင်တွေက ဓါတ်ပုံရိုက်တယ်။ ”

ယနေ့ မနက် သံဃာများနှင့် မေတ္တာ ပို့သ စီတန်း ကြွချီပွဲသည် မကွေးတိုင်း ပခုက္ကူတွင် ယခုလ (၅) ရက်နေ့က ဖြစ်ပွားခဲ့သည့် မေတ္တာပို့သပွဲကို အကြမ်းဖက် ဖြိုခွင်း ခံရပြီးသည့်နောက် ဒုတိယမြောက် သံဃာထုစီတန်း ကြွချီပွဲဖြစ်ပါသည်။ ပခုက္ကူသံဃာများ စီတန်း ကြွချီပွဲ အကြမ်းဖက်ခဲ့မှုကို ကြေနပ်လောက်သည်အထိ တောင်းပန်ရန်၊ မတောင်းပန်ရင် သံဃာထု၏ သပိတ်မှောက် ကံဆောင်ပွဲ ရင်ဆိုင်ရမည်ဟု ရက်သတ်မှတ်ရက် မတိုင်ခင် တရက်အလိုတွင် ဖြစ်ပွားခဲ့သည့် မကွေးတိုင်းအတွင်း သံဃာများ၏ စီတန်း ကြွချီမှု ဖြစ်ပါသည်။ ချောက်မြို့မှ သံဃာများသည် မနက်ဖြန်တွင် ကျရောက်မည့် ကံဆောင်ပွဲနှင့် စပ်လျဉ်းပြီး မနေ့ညပိုင်းက အေးစေတီ ဘုရားပေါ်တွင် ဆွေးနွေးရန် ဆန္ဒထုတ်ဖော်ရန်စသည့် သတင်းများ ချောက်မြို့ပေါ်တွင် ပြန့်နှံ့ခဲ့သည့်အကြောင်း၊ ဒါကြောင့် ကျင်းပဖို့ စီစဉ်ထားတဲ့ ဂေါပက အစည်းအဝေးပွဲကို ရွှေ့ဆိုင်းလိုက်ရသလို၊ ချောက်မြို့တမြို့လုံးကို အာဏာပိုင်များမှ မီး ဖြတ်တောက်ခဲ့ပါသေးသည်။ ယနေ့ ချောက်မြို့မှ သံဃာများစီတန်းကြွချီ မေတ္တာပို့သ ရပ်တည်ချက်နဲ့ ပတ်သက်၍ ချောက်မြို့ အေးစေတီ ကျောင်းမှ ဆရာတော် တပါးကို မေးမြန်းလျှောက်ထားရာတွင် ယခုလို မိန့်ကြားပါသည်။

“ ညတုန်းက အေးစေတီ ကျောင်းတိုက်မှာလေ ဘုရား သံဃာတွေ စုစည်းပြီးတော့ အစည်းအဝေးတခု ကျင်းပတယ်လို့ ကြားလို့ပါဘုရား။ ”

“ဟုတ်ပါဘူး၊ အေးစေတီ ဘုရားပေါ်မှာ မနေ့ညက မဟုတ်ဘူး။ မနေ့ညက ဂေါပက အစည်းအဝေးရှိတယ်။ ဂေါပက အစည်းအဝေးက ဘုန်းကြီးဟိုဟာလုပ်လို့ မစည်းဝေးဖြစ်ဘူး ဂေါပက အစည်းအဝေး။ မနက်ကတော့ ပရိတ်ရွတ်ကြတယ်ပေါ့။ ”

“မနက်က ပရိတ်ရွက်တဲ့ အထဲမှာ ဦးဇင်းဘုရား ပါလား ဘုရား။ ”

“မပါ ပါဘူးဗျာ။ ဘုန်းကြီး မပါ ပါဘူး။ ဘုန်းကြီးတို့တောင် မသိလိုက်ဘူး။ ဆွမ်းစား အပြန် ဘာမသိ ညာမသိနဲ့ သွားလိုက်ကြတာပါ။ ”

“ဒီသက်ဆိုင်ရာကနေပြီးတော့ ဓါတ်ပုံတွေ ဘာတွေ ရိုက်ယူတယ်လို့ ကြားတယ် ဘုရား။ ”

“အဲလိုတော့ ကြားတယ်။ ဘုန်းကြီးလဲ ကြားတယ်။ ”

“ဒီကိုယ်တော် ဘယ်နှစ်ပါးလောက် ဒီမေတ္တာပို့သခဲ့လဲ ဘုရား။ မနက်တုန်းက။ ”

“(၅၀) လောက်တော့ ကြားတယ်။ ”

“ဘယ်လို ဆုတောင်းကြတယ်လို့ ဦးဇင်း ကြားလဲ ဘုရား။”

“သြော် ဒကာ ဒကာမတွေ ကျန်းမာ ချမ်းသာပါစေဆိုတဲ့ အကြောင်းကို ပြောတာပေါ့။ ပြည်သူ ပြည်သား ကျန်းမာ ချမ်းသာကြပါစေ။ အဲဒါ ဆုတောင်းတာပါပဲ။ ဒီအပြင် ဘာမှတော့ ကြမ်းကြမ်းတမ်းတမ်း မရှိပါဘူး။ မေတ္တာပို့တာပါပဲ။ ”

“သံဃာတော် တပါးအနေနဲ့ မေတ္တာပို့သ ဆုတောင်းတာဟာ ဝိနည်းတော်နဲ့ ညီလား မညီလား အဲဒါ သိပါရစေ ဘုရား။ ”

“မေတ္တာပို့တယ် ဆိုတာကတော့ ဘုန်းကြီးတို့ အနေနဲ့ကတော့ တိုင်းသူ ပြည်သား ဆွမ်း ဒကာ ဒကာမ ဆွမ်းစားတယ် ဆိုလို့ရှိရင်တော့ မေတ္တာစိတ္တံ ဘာဝတ္ထိ ကရုဏာစိတ္တံ ဘာဝတ္ထိ မုဒိတာ စိတ္တံ ဘာဝတ္ထိ တသ ပုည ဒကာ ဒကာမတွေ ကျန်းမာ ချမ်းသာပါစေ ဆိုတာကတော့ သူတို့ရဲ့ ပစ္စဂန ဆင်ခြင်တဲ့ သဘောနဲ့ ဒါ ဆရာတော်တွေရဲ့ မေတ္တာ ထုံးစံကတော့ ပို့ရမှာပေါ့။ ဟို ကျောင်းရောက်နေလို့ရှိရင် စာဝါကျက်တာတို့၊ စာပေ ပရိယတ် လုပ်တာတို့ ဒါတွေဟာ အဓမ္မ ပူစာတွေ သူတို့မှာ လျှုနေတာပဲ။ အဲဒီတော့ မေတ္တာ ပို့သခြင်းဟာ ဆိုရင်လဲပဲ သူတို့ အကျိုး သက်ရောက်တာပေါ့ ဗျာ။ ”

**အစသို့**

---

## ကျောက်ပန်းတောင်းမှာ သံဃာ (၇၀၀) ကြွချီဆန္ဒပြ၊ ထောင်နဲ့ချိတဲ့ ပြည်သူများ ဝတ်ပြုထောက်ခံ

*၁၇၊ စက်တင်ဘာ ၊ ၂၀၀၇*

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့တွင် သံဃာတော် (၇၀၀) ခန့် ယနေ့ မနက် (၅) နာရီမှစ၍ (၇) နာရီခန့်အထိ စီတန်းလှည့်လည်ကြွချီ ဆန္ဒပြရာ ပြည်သူလူထု (၁၀၀၀) ကျော်မှ အားပေး သည်ဟု စုံစမ်းသိရှိရပါသည်။ ဆွမ်းခံကြွသည့်ရဟန်းသံဃာတော်များမှ ကျောက်ပန်းတောင်းမြို့ စေတီကြီးဘုရားတွင် ဆုံကြပြီး မေတ္တာ သုတ်ကိုးခေါက်၊ မောရသုတ်ကိုးခေါက် ရွတ်ဖတ်သရစ္ဈာယ်ပြီးနောက် နှစ်တန်း စီတန်းပြီး လှည့်လည်ကြွ ချီခဲ့သည်ဟု ကိုယ်တိုင်ပါဝင်ခဲ့သည့် သောတုဇနဘိက္ခု ဆရာတော်တပါးက မိန့်ကြား ပါတယ်။

“ဦးပဥ္စင်းတို့ရည်ရွယ်ချက်ကတော့ ပခုက္ကူမှာဖြစ်သွားတဲ့ သံဃာတွေကိုညှဥ်းပန်းနှိပ်စက်တဲ့ကိစ္စကို ဦးပဥ္စင်းတို့အနေနဲ့ တကယ့်ကိုပဲ ပြင်းပြင်းထန်ထန်ရှုတ်ချတယ်ဆိုတဲ့ နံပါတစ်အချက်ပါပဲ။ နံပါတ်နှစ် အချက်ကတော့ သံဃာတော်တွေကို ဒီလိုမျိုး ကိုယ်ထိလက်ရောက် စော်ကားတဲ့အတွက်ကြောင့် အာဏာပိုင်အဖွဲ့အစည်းအားလုံးကနေပြီးတော့ သံဃာတော်တွေကို လူသိရှင်ကြား ဝန်ချတောင်း ပန်ဖို့ နံပါတ်နှစ်ရည်ရွယ်ချက်ပါ။ “နံပါတ်သုံးအချက်ကတော့ တကယ့်ကို အခက်အခဲ အကျပ်အတည်း အခက်အခဲတွေနဲ့ ရင်ဆိုင် နေရတဲ့ တကာတကာမတွေ ပြေလည်ရာပြေလည်ကြောင်း ဖြစ်ပါစေတော့ဆိုတဲ့ စေတနာမေတ္တာနဲ့ ဦးပဥ္စင်းတို့ ပရိတ်ရွတ်ပွဲပြုလုပ်တာပါ။”

သံဃာ့သမဂ္ဂီအဖွဲ့မှ ပတ္တနိက္ကုဇ္ဇနကံပြုရန် စီစဥ်ထားတဲ့ရည်ရွယ်ချက်သည် သံဃာတွေရဲ့ဆန္ဒအတိုင်း ဆောင်ရွက်တာဖြစ်သည့်အတွက်ကြောင့် “သဘောတူတယ်၊ အားရတယ်၊ ကျေနပ်တယ်” ဆိုသည့်အ ကြောင်း ဆန္ဒပြတာဟာ နံပါတ်လေးရည်ရွယ်ချက်ဖြစ်သည်ဟု ဆရာတော်မှ ရှင်းလင်းမိန့်ကြား ပါသည်။

“အဓိပတိကျော်ကြားတဲ့ဆရာတော်တွေ ပတ္တနိက္ကုဇ္ဇနကံပြုတယ်ဆိုရင် ဦးပဥ္စင်းတို့အနေနဲ့ အဲဒီပြု ပွဲကို အားရကျေနပ်စွာ ဆန္ဒပေးတယ်၊ သဘောတူညီတယ်ဆိုတဲ့သဘောဖြစ်ပါတယ်။ အားလုံးသိ အောင်လည်း သံဃာတွေ နားစွင့်နေကြတယ်ဆိုတော့ အားလုံးကလည်း သဘောပေါက်ပြီးသား ဖြစ်နေပါတယ်။ လက်ခံလည်းလက်ခံတယ်။ စိတ်ရောကိုယ်ရော တက်တက်ကြွကြွရှိတယ်၊ သံဃာ တွေက။”

ကျောက်ပန်းတောင်းမြို့တွင် ကျောင်းတိုက်ပေါင်း (၄၀) ကျော်နှင့် သံဃာတော်ပေါင်း (၁၀၀၀) ကျော် ရှိပါသည်။ သံဃာတော်များ စီတန်းလှည့်လည်ကြွချီခြင်းကို အာဏာပိုင်များမှ စောင့်ကြည့်ခြင်း၊ ကျောင်းတိုက်များ အပြင်ဘက်မှ

စောင့်ကြည့်ခြင်းများ ရှိသော်လည်း တားဆီးခြင်း၊ ပိတ်ပင်ခြင်း မရှိခဲ့ပါ။ ကျောက်ပန်းတောင်းမြို့ခံ ပြည်သူ (၁၀၀၀) ကျော်မှ မနက်စောစောထပြီး သံဃာတော်များအား ဝတ်ပြုကြိုဆိုကြပါသည်။

"တချို့ဆိုလို့ရှိရင် ငိုယိုပြီးတော့တောင် ဝပ်ချကြတာတောင် ဦးဇင်းတို့ တွေ့ခဲ့ရပါတယ်။ ကြွသွားတဲ့ လမ်းတိုင်းလမ်းတိုင်းမှာပဲ ရှေကကြိုရောက်ပြီးတော့ စောင့်ပြီးတော့ ဝပ်ချကြတာ တော်တော်များ များတွေ့ရပါတယ်။ ... စောစောလုပ်လိုက်တာဖြစ်တဲ့အတွက်ကြောင့် တချို့က အိပ်ရာကမနိုးဘူး။ မနိုးလည်း ဇွတ်ကုန်းရုန်းထပြီးတော့ တချို့ဆို မျက်နှာသစ်ရင်း စောင်၊ တဘက်တွေနဲ့တင်၊ အပြင် ကိုထွက်လာ၊ ဝတ်ချ။ တချို့ဆို သွားတိုက်ဆေး သွားတိုက်တံတွေနဲ့ ဒီတိုင်းကြီးထွက်ပြီးတော့ လက်အုပ်ချီ၊ အဲဒါမျိုးတွေလည်း တွေ့ခဲ့ရတယ်။ "

တကာတကာမများ၏ ဆန္ဒအစစ်အမှန်ကို ဖြည့်ဆည်းခွင့်ရသည့်အတွက်ကြောင့် သံဃာ တော်များ ဝမ်းမြောက်သလို တပြည်လုံးမှ တကာတကာမတွေလည်း ဝမ်းသာလိမ့်မည်ဟု ယုံကြည်ကြောင်း သောတုဇနဘိက္ခုကိုယ်တော်မှ မိန့်ကြားပါသည်။

"ဦးဇင်းတို့ကို ကျေးဇူးရှိတာက တကာတကာမတွေပဲဖြစ်တယ်။ တကာတကာမတွေရဲ့အခက်အခဲ အကျပ်အတည်းကို ဦးဇင်းတို့က ကိုယ်ထိလက်ရောက် လာရောက်ဖြေရှင်းမပေးနိုင်တဲ့အတွက် ကြောင့်၊ ကိုယ်စိတ်နှစ်ပါးငြိမ်းငြိမ်းချမ်းချမ်းရှိဖို့ပဲ ဦးဇင်းတို့ ဆောင်ရွက်ပေးနိုင်တဲ့အတွက်ကြောင့် မြတ်စွာဘုရားရဲ့အလိုတော်ကျ မေတ္တာဘာဝနာ ပွားများပြီးတော့ ကိုယ်စိတ်နှစ်ပါးချမ်းသာအောင် မေတ္တာပို့ပေးပါတယ်။"

မကွေးတိုင်း ပခုက္ကူမြို့တွင် သံဃာတော် အပါး(၅၀၀) ကျော်မှ အခုလဆန်း (၅) ရက်တွင် ကြွချီ မေတ္တာပို့ခြင်းကို အစိုးရစစ်တပ်မှ သေနတ်ပစ်ဖောက် အကြမ်းဖက်ဖြိုခွဲပြီးနောက် သံဃာတော် များကို စစ်အစိုးရမှ ဝန်ချတောင်းပန်ခြင်း မပြုခြင်းကြောင့် သပိတ်မှောက်ကံဆောင်ပွဲများ လုပ်ရန် သံဃာတော်များမှ ဆုံးဖြတ်ခဲ့ပါသည်။ မကွေးတိုင်း ချောက်မြို့မှာလည်း သံဃာတော်အပါး (၅၀) ခန့်မှ မနေ့က မနက်အရုဏ်တက်တွင် စီတန်း ကြွချီဆန္ဒပြခဲ့ပါသည်။

**အစသို့**

---

## တောင်ကြီးမြို့က လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူတဦး ဖမ်းဆီးခံရ

*၁၇၊ စက်တင်ဘာလ၊ ၂၀၀၇*

ရှမ်းပြည်နယ် တောင်ကြီးမြို့မှ လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူ ကိုကျော်စိုးကို ရဲတပ်ဖွဲ့ဝင်များမှ ယနေ့မနက် (၁၀) နာရီကျော်တွင် သူ့အိမ်ကနေ လာရောက်ဖမ်းဆီးသွားသည်ဟုကိုကျော်စိုး၏မိခင်မှ ပြောပါသည်။ ဆေးခန်းကအပြန်တွင် သားဖြစ်သူထံကဖုန်းလာမှ အဖမ်းခံနေရကြောင်း သိရသည်ဟု ကိုကျော်စိုး၏ မိခင်မှ ပြောပါသည်။

"ဖုန်းခေါ်တော့ သားဘယ်မှာလဲဆိုတော့ အလုပ်မပြီးသေးလို့ လာလို့မရဘူးတဲ့၊ သူပြောတယ်။ အဲဒါနဲ့ အန်တီချက်ချင်းသိသွားတယ်။ သူ့ကိုအင်္ဂလိပ်လိုပြောတယ် 'မင်းကို ခေါ်ထားပြီမဟုတ်လား' လို့ ပြောတော့ 'ဟုတ်တယ်' တဲ့။"

ဘာကြောင့် ဖမ်းဆီးသွားတယ်ဆိုတာ တိတိကျကျ မသိရသေးသော်လည်းတောင်ကြီး၏ အေးတဲ့ရာသီဥတု ဒဏ် ခံနိုင်ရေး အနွေးထည်ပါမသွားသည့် သားအတွက် စိုးရိမ်သည်ဟု နေမကောင်းဖြစ်နေသည့် မိခင်ဖြစ်သူ မှ ပြောပါသည်။

"အန်တီလည်းအိပ်ယာထဲမှာလဲနေတာလေ နှစ်ပတ်ရှိပြီ၊ နေမကောင်းတာ၊ သူ့ကို ကောင်းကောင်းမွန် မွန်နဲ့ မေးမြန်းပြီးတော့ ပြန်လွှတ်လာဖို့ပဲပေါ့နော်။ အေးအေးဆေးဆေးနဲ့ နေရတယ်ဆိုပြီးတာပဲ။ ဒီမှာ က ရာသီဥတုကလည်းအေးတယ်။ သူလည်းနေမကောင်းဘူး။ နေမကောင်းတော့ အနွေးထည်လည်း မပါသွားဘူး၊ ဘာမှမပါသွားဘူး အင်္ကျီလေးတထည်နဲ့ ဘောင်းဘီဝတ်ထားတာလေးနဲ့ပဲ၊ အဲဒါသွားလိုက်တာ။ သူတို့ဘယ်အချိန်ပြန်လွှတ်ပေးမလဲဆိုတာကိုယ်ကမသိ၊ ကိုယ်ကအိမ်မှာနေပြီး ဆုတောင်း ပေးနေရတာပေါ့။ အေးအေးဆေးဆေးဖြစ်ဖို့တော့ ဒါပါပဲ။"

ဇနီးသည် အိမ်မှာမရှိခိုက် ကိုကျော်စိုး ဖမ်းခံရသည်မို့ (၈) နှစ်အရွယ်သမီးငယ်ကို ပြုစုစောင့်ရှောက်ဖို့ ဇနီးသည်ဘက်မှ အဖိုးအဖွားအိမ် ပို့ထားရပါသည်။

**အစသို့**

---

## စစ်တွေ သံဃာတော်များဆန္ဒပြပွဲ လုံထိန်းရဲက မျက်ရည်ယိုဗုံးပစ်၊ သေနတ်ဖောက်ဖြိုခွင်း

*၁၈ ၊ စက်တင်ဘာ၊ ၂၀၀၇*

ယနေ့ ဆန္ဒပြပွဲအတွင်း တခုတည်းသော အကြမ်းဖက် ဖြိုခွင်းခံရသည့် ရခိုင်ပြည်နယ် စစ်တွေမြို့မှ သံဃာတော်များ၏ ဆန္ဒပြပွဲ အခြေအနေ ဖြစ်ပါသည်။ သံဃာအပါး (၃၀၀) ကျော်ကို လုံထိန်းမှ မျက်ရည်ယိုဗုံးများနှင့် ပစ်ခတ်ခဲ့သည်ဟု မြို့ခံတဦးမှ ဒီဗွီဘီကို ပြောပါသည်။ ယခု အဲဒီစစ်တွေ မြို့ခံနှင့် ဆက်သွယ်မေးမြန်း ထားသည်ကို နားဆင်နိုင်ပါသည်။

“ဟိုု ရဟန်း သုံးရာလောက်တော့ ဖြစ်မယ်ထင်တယ်။ (၁) နာရီလောက်က စ ထွက်ပြီးတော့ မေတ္တာသုတ် ရွက်ပြီးတော့ ချီတက်ပြီးတော့ ဆန္ဒပြကြတယ်။ ပိုစတာတွေ ထောင်လို့ပါပဲ၊ ကုန်ဈေးနှုန်း ကျဆင်းရေး။ ပြည်သူတွေ လိုက်မပါ ပါနဲ့၊ ပြည်သူတွေ လိုက်မပါ ပါနဲ့၊ ကိုယ်တော်တွေပဲ အဲဒါကို စီစဉ်ပြီးတော့ လုပ်ပါမယ်။ ပြည်သူတွေ လိုက်မလာပါနဲ့၊ ကိုယ်တော်တို့ပဲ စီစဉ်ပြီးတော့ လုပ်ပါမယ် ဆိုပြီးတော့ အော်တယ်။ လုံခြုံရေးတွေက သူတို့ တင်းတင်းကြပ်ကြပ် ရှိနေတာ၊ ဟိုကြား ဒီကြား ခွဲပြီးတော့ လာကြတဲ့ အခါကျတော့ ရဟန်းတွေက ကျနော်တို့ အခုချိန်မှာဆိုရင် မင်းဘာကြီး လမ်းအတိုင်း သွားနေကြတယ်။”

“ ဟုတ်ကဲ့ ခင်ဗျ။ ပြည်သူတွေက မလိုက်နဲ့ ဆိုတော့ မလိုက်ဘူးလား။ ”

“ပြည်သူတွေက နောက် မင်းဘာကြီး လမ်းကျတော့ ပြည်သူတွေ (၁၀၀၀) လောက်တော့ ရှိမယ်ထင်တယ်၊ လက်ခုပ်လက်ဝါး တီးပြီးတော့ ပြေးလာ လိုက်လာကြတယ်။ ရဲတွေကလဲ အလယ်က သေနတ်တွေနဲ့ လုံခြုံရေးတွေ အရာရှိတွေ ပါတယ်။ သူတို့ မလိုက်လာနဲ့ သေနတ်တွေနဲ့ ချိန်ပြီးတော့ လုပ်နေကြတယ်။ ပြည်သူတွေကလဲ ဆက်လို့ပဲ ရဟန်းတွေ နောက်က လိုက်လာကြတယ်ပေါ့။ ဆန္ဒပြ နေကြတယ်။ နောက် အဲဒီ ကိုယ်တော်တွေက မြို့ထဲ လမ်းအထိကို သွားမယ်ဆိုတော့ အဲဒါ မြို့တော် ခန်းမရှေ့က ကြံ့ခိုင်ရေးရုံးရှေ့မှာ လုံခြုံရေးအပြည့်နဲ့ သံဆူးခွေတွေကို ကာရန် လိုက်တယ်ပေါ့။ သွားလို့ မရတဲ့အခါကျတော့ ကြားလမ်းက သွားကြတယ်။ ကြားလမ်းက သွားတော့ အားကစား ရုံနားရောက်တော့ လမ်းတွေ မွန်းသွားတယ်။ ရဟန်းတွေ ကိုယ်တော်တွေက လမ်းတွေ မွန်းသွားတယ်။ လမ်းကြားလေး တကြားကိုရတော့ အဲဒီ လမ်းကြားလေးက ထွက်ပြီးတော့ လောကနန္ဒာ ဘုရားဖက်ကို သွားတယ်။ လောက နန္ဒာ ဘုရားဖက်ကို သွားပြီးတော့ ကိုယ်တော်တွေက အောက်ဆင်းဖို့ကို တားပြီးတော့ ကုန်ဈေးနှုန်း ကျဆင်းရေး ဒို့အရေး ဆိုပြီးတော့ အေးအေးဆေးဆေးလေးနဲ့ အောက်ဆင်းဖို့ တခုလုံးကို ပတ်တယ်။ ပတ်ပြီးတော့ အေးအေးလေးနဲ့ ပြန်လာကြတယ်ပေါ့။ ပြန်ပြီးတော့ လာတဲ့အခါ အားကစားရုံနား ခမ်းမရှေ့ရောက်တော့ လူက (၁၀၀၀၀) လောက်တော့ ရှိနေတယ်။ ပြည်သူတွေကော အုပ်အုပ်သည်းသည်း လက်ခုပ်လက်ဝါး တီးပြီးတော့ အမျိုးသမီးတွေ၊ အဖွားအိုတွေ ကအစ ပါလာကြတယ်၊ လက်ခုပ်လက်ဝါး တီးပြီးတော့။ အဲဒါ မြို့တော် ခမ်းမရှေ့တော့ တာဝန်ကျ ရဲဘော်တွေက အပေါ်ကို သေနတ်တွေနဲ့ ပစ်ဖောက်ကြတယ်။ အဲဒါမှာ ကျနော်ထင်တာက မျက်ရည်ယိုဗုံးတွေ (၂၀) ကျော်လောက် ပစ်တယ်ပေါ့။ အဲဒါမှာ ရဟန်းတွေနဲ့ နောက်က လိုက်လာတဲ့ ပြည်သူပြည်သားတွေက အဘိုးအို၊ အဘွားအိုတွေ အကုန် မျက်ရည် မျက်ရည် ကျပြီးတော့ မျက်ခွက်တွေ တအားစပ်တယ်။ ဒါပေမဲ့ လူတွေက ရှေ့ကို ဆက်ပြီးတော့ လာကြတယ်ပေါ့။ နောက် မျက်ရည်ယိုဗုံးတွေ ဖောက်လို့ စပ်ပြီးတော့ မျက်ရည်တွေ ကျပြီးတော့ လမ်းမှာ အဲလိုမျိုး ဖြစ်လာကြတယ်ပေါ့။ လိုက်လာကြတဲ့ ဆန္ဒပြ ပရိသတ်တွေက လမ်းတွေကလဲ ဘယ်လိုမှ သွားလို့ မရဘူး။ ဟိုဖက်လမ်းကိုလဲ ပိတ်လိုက် လုံခြုံရေးအပြည့်၊ ဒီဖက် လမ်းကိုလဲ ပိတ်လိုက် လုံခြုံရေး အပြည့်နဲ့၊ လမ်းတွေ ကိုယ်စီမှာ လက်နက်တွေ ကိုယ်စီ ကိုယ်စီနဲ့ အကုန် လုံခြုံရေး ယူထားကြတယ်။ ဒါပေမဲ့ ရဟန်းတော်တွေနဲ့ ကိုရင်တွေက ဘာမှာ မစဉ်းစားဘူး။ ရှေ့ကို ငြိမ်ငြိမ်လေးပဲ တက်ပြီးတော့ ကျနော်တို့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ချီတက်ပြီးတော့ လာကြတယ်။ (၁) နာရီ ခွဲလောက် စပြီးတော့ (၃) နာရီ (၃၅) မိနစ်လောက်မှာ အခုပဲ လူစု ခွဲနေကြတယ်။ ”

ဟုတ်ကဲ့ ခင်ဗျ။ မျက်ရည်ယိုဗုံး ဖောက်တာကလေ စစ်သားတွေလားဗျာ။

“ဟာ မဟုတ်ဘူး။ လုံထိန်းတွေ ထင်တယ်ပေါ့။ ရဲဝတ်စုံလိုမျိုး စစ်သားဝတ်စုံ တွေနဲ့တော့ မမြင်ရဘူး။ ”

ယနေ့ စစ်တွေမြို့တွင် ဖြစ်ပွားခဲ့သည့် သံဃာတော်များ၏ ဆန္ဒပြပွဲကို လုံထိန်းများမှ မျက်ရည်ယိုဗုံး ပစ်ခတ် ဖြိုခွင်းခဲ့သည့်အကြောင်း မျက်မြင် တွေ့ရှိသူ မျက်မြင်များ ရှိသူတဦးနှင့် မေးမြန်းချက် ဖြစ်ပါသည်။

**အစသို့**

---

## စော်ကားထားတာကို မတောင်းပန်ရုံမက သံဃာတော်ကို ထပ်မံရိုက်နှက်မှုဖြစ်ပွား

*၂၀ ၊ စက်တင်ဘာ၊ ၂၀၀၇*

စစ်အစိုးရက ပခုက္ကူက သံဃာတော်များကို ရိုက်နှက်မှုကိစ္စ မတောင်းပန်ရုံမကဘဲ စစ်တွေမြို့ မှာလည်း သံဃာတော်ကို ရိုက်နှက်မှု ထပ်မံဖြစ်ပွားပါသည်။ စစ်တွေမြို့တွင် ပြီးခဲ့သည့် (၁၈) ရက်နေ့ သံဃာတော်များဆန္ဒပြခြင်းများကို လုံထိန်းရဲများမှ မျက်ရည်ယိုဗုံးနှင့်ပစ်ပြီး ဖြိုခွဲခဲ့ပါသည်။ အဲဒီဖြိုခွဲမှုတွင် မြို့မပရိယတ္တိစာသင်တိုက်မှ ရှင်သာမဏေ အရှင်ဝရသာမိတို့သည်ဖမ်းဆီးခံရပြီး ကြိုးတုပ်ရိုက်နှက်ခံခဲ့ရပါသည်။ အကြမ်းဖက်ရိုက်နှက်ခံရပုံကို ကာယကံရှင် အရှင်ဝရသာမိမှ ပြန်ပြောပြပါသည်။

“အဖမ်းခံရတော့ ရိုက်တယ်။ မျက်နှာကိုထိတော့ လဲကျသွားတယ်။ နောက်ပြီး ခေါင်းကိုရိုက်ခံရ တော့ ခေါင်းကွဲသွားပြီးတော့ လဲသွားတယ်။ နောက်ပြီးတော့ ခြေထောက်နဲ့ကန်တယ် ဒကာကြီး။ မျက်ရည်ယိုဗုံးနဲ့ပစ်တဲ့အချိန်မှာ မျက်ရည်တွေကျ လာတယ်။

အဲဒီအချိန်မှာ ဝိုင်းပြီးတော့ရိုက် တယ်။ မျက်နှာကိုရိုက်တယ်။ ပြီးတော့ ခေါင်းကိုရိုက်တယ်။ နားခွက်မှာလည်းစုတ်သွားတယ်။ သွားတွေလည်းလှုပ်သွားတယ် ဒကာကြီးရေ။ သွားတွေကိုလည်း ရိုက်တယ်။”

မျက်ရည်ယိုဗုံးဒဏ်ကြောင့် မျက်ရည်များယိုစီးနေခြင်းကြောင့် ရိုက်နှက်ကန်ကျောက်သူများ၏ရုပ်ကို မမှတ်မိဘူးကြောင်း အရှင်ဝရသာမိက ရှင်းပြပါသည်။ အရှင်ဝရသာမိနှင့်အတူ တခြားဦးပဥ္စင်း (၂) ပါးကိုလည်း အာဏာပိုင်များက ပြည်နယ်ရဲမှူးကြီးရုံးထဲ ကို ဖမ်းဆီးခေါ်ဆောင်သွားပြီး သတိမေ့နေတဲ့ကိုရင်လေးကို ရုံးထဲတွင် ခါးပန်းကြိုးနှင့်တုပ်ပြီး ထပ်မံ ရိုက်နှက်ညှဥ်းပန်း ပါသေးသည်။

“ကိုရင်လက်ကိုနောက်ပြန်ကြိုးတုတ်ပြီး၊ သတိမေ့နေတယ်။ ရိုက်လား၊ မရိုက်လားဆိုတာကို လည်း၊ ရိုက်တာကိုလည်းသိတယ်၊ မရိုက်တာကိုလည်း သိတယ်။ ရိုက်သလိုလို၊ မရိုက်သလိုလိုနဲ့ ကိုရင် သတိမေ့သွားတယ်။ … ကြိုးတုတ်တာက မှတ်တော့မှတ်မိတယ် ဒကာကြီး။ ခါးမှာပါတဲ့ ခါးမှာချည်ထားတဲ့ ခါးပန်းကြိုးနဲ့ တုပ်ထားတယ်။”

ပြည်နယ်ရဲမှူးရုံးမှ ဓမ္မသုခကျောင်းတိုက်ကို ပြန်ပို့ပေးလိုက်တော့မှ အရှင်ဝရသာမိ သတိပြန် လည်လာပါသည်။

“အဖမ်းခံရတဲ့အချိန်မှာ မေ့သွားပြီဒကာကြီး၊ ခေါင်းကိုရိုက်တဲ့အချိန်မှာ မိုက်ကနဲဖြစ်ပြီး သတိမေ့ သွားတယ် ဒကာကြီး။ ကိုရင်သတိရလာတဲ့အချိန်မှာတော့ ဓမ္မသုခကျောင်းမှာလို့ပဲ သတိရ တယ်။”

အရှင်ဝရသာမိသည် ဒဏ်ရာများကြောင့် ဝေဒနာခံစားရဆဲဖြစ်ပါသည်။

“နှုတ်ခမ်းတွေ စပ်နေတယ်။ ဆွမ်းကောင်းကောင်းမစားနိုင်ဘူး။ သွားတွေ အရမ်းကိုလှုပ်နေတယ်။ နောက်ပြီး မျက်နှာမှာလည်း ဒဏ်ရာရသွားတယ်။ မျက်နှာစုတ်နေတယ်။ နှုတ်ခမ်းတွေလည်း စုတ် နေတယ်၊ ဆွမ်းကောင်းကောင်းမစားနိုင်ဘူးဒကာကြီး။ ပါးစပ်ကိုဟလို့မရတော့ဘူး။ သွားတွေနာနေ တယ်ဒကာကြီး။ အခုဆေးတွေသိပ်ထားတယ်။”

သံဃာတော်ကို အာဏာပိုင်များမှ ရိုက်နှက်စော်ကားမှုကို သံဃာထုတရပ်လုံးသိအောင် ထုတ်လွှင့်ပေးစေလိုကြောင်း အရှင်ဝရသာမိက မိန့်ကြားပါသည်။

**အစသို့**

---

## လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် (၁၀) ဦးကို စစ်အစိုးရက ဖမ်းဆီး

*၂၈စက်တင်ဘာ၊ ၂၀၀၇*

ကချင်ပြည်နယ် မိုးညှင်းမြို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၇) ဦးနှင့် ဆန္ဒပြသံဃာတော်များအားဖျော်ရည်ဆက်ကပ်ခဲ့သည့် ပြည်သူတဦးတို့ကို အာဏာပိုင်များမှ (၂၆) ရက်ညမှာ ဖမ်းဆီးလိုက်ပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးကျော်မောင်၊ ဦးဖေစိန်၊ ဦးတင်အေး၊ ကိုခင်မောင်ထွန်း၊ ဦးဘမောင်၊ ဦးထွန်းတင်၊ ဦးချစ်ထူးနှင့် သံဃာတော်များ မိုးညှင်းမြို့ထဲကြွချီစဉ် ဖျော်ရည်ကပ်သည့်ဆီစက် ပိုင်ရှင်ဦးမောင်မောင်တို့ကို ဖမ်းဆီးသွားသည်ဟု မိုးညှင်းမြို့ခံတဦးက ပြောပါသည်။ မန္တလေးတိုင်း မိတ္ထီလာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးနှင့် အဖွဲ့ ချုပ်ဝင် ကိုတင်ကိုတို့ကိုလည်း (၂၅) ရက်ညတွင် အာဏာပိုင်များမှ ဖမ်းဆီးပြီး မန္တလေးအကျဉ်းထောင် ကို ပို့လိုက်ပြီဟု မိသားစုများနှင့် နီးစပ်သူများပြောပါသည်။

**အစသို့**

---

## မန္တလေး သံဃာတွေကို ဖမ်းဆီး မောင်တူး၊

*၂၈ စက်တင်ဘာ ၂၀၀၇*

မန္တလေးမှာ ဆန္ဒပြချီတက်သူများအား နအဖတပ်များမှ မိုးပေါ်ထောင် ပစ်ခတ်တာ သံဃာများအား ဖမ်းဆီးမှုများရှိနေပါသည်။ ဒီအကြောင်းကို မျက်မြင် မန္တလေးသား တဦးမှ ယခုလို ပြောပြပါသည်။

“(၈၄) လမ်း၊ (၃၃) လမ်းပေါ်မှာ အနောက်ဖက်ကနေပြီးတော့ တပ်က ရှိတယ်။ အရှေ့ဖက်က (၈၄) လမ်းမှာ ပြည်သူတွေ အများကြီးရှိတယ်။ ပြည်သူတွေကို ခြိမ်းခြောက်တဲ့သဘောပါ။ ရှေ့တက်ရိုက်မလို တက်လာလိုက်၊ လူတွေက နောက်ပြန်ဆုတ်သွားလိုက် ကျနော်တို့ အုပ်စုတွေက ဒို့အရေးတွေ အော်လိုက်ပြန်၊ နောက်ပြန်ဆုတ်သွားတယ်။ နေ့ခင်း (၃) နာရီလောက်က ဘုန်းကြီးက ပတ္တမြားတိုက်နဲ့ မင်းကွန်းတိုက်က တပါး၊ ချမ်းအေးသာဇံမြို့နယ်ထဲက (၆၆)၊ (၆၇) ကြားပေါ့လေ။ သူတို့က ထွက်ပြီးတော့ (၈၄) လမ်းကနေပြီးတော့ ပြန်ချီးတယ်။ အဲဒီမှာ ဦးလှသိန်း ဗိမာန်ထဲရှိတဲ့ တပ်အစောင့်ကနေပြီးတော့ ထိန်းသိမ်းတယ်။ ရှေ့ကို ဆက်မလျှောက်ဖို့ပေါ့လေ။ သံဃာတော်တွေက အဲဒီ (၈၄) နဲ့ (၃၄) လမ်းမှာပဲ စုနေတယ်။ နောက်မဆုတ်ဘူးပေါ့လေ။ တပ်ကလဲပဲ တားထားတယ်။ နောက်ပိုင်း နာရီဝက်လောက် နေတဲ့အခါကျတော့ ပတ္တမြားတိုက်ရှေ့က (၃၄) လမ်းရဲ့ အနောက်ဖက်၊ ရွှေတချောင်းရဲ့ အနောက်ဖက်မှာရှိတဲ့ ကျောင်းတိုက်ကို ကျန်တဲ့ သံဃာတော်အားလုံးကို လွှတ်လိုက်ပြီးတော့ ခေါင်းဆောင်တဲ့ သံဃာတော်နှစ်ပါးကိုတော့

ဦးလှသိန်း ဗိမာန်ထဲမှာ တပ်က ခေါ်သွားတယ်။ ကိုရင်လေးနှစ်ပါးက ဆရာတော် နှစ်ပါးကို စိတ်မချလို့ လိုက်သွားတယ်။ နာရီဝက်လောက်နေတဲ့ ကာလမှာ ပတ္တမြားကျောင်းတိုက်က ဆရာတော်နှစ်ပါးက ထပ်လာပြီးတော့ စုံစမ်းတယ်။ အဲဒီ ဦးလှသိန်း ဗိမာန်ဝင်ခွင့်မပေးဘူးပေ့ါ။ အဲဒီအခြေအနေကနေပြီးတော့ အဲဒီနားလေးမှာပဲ လူထုက ဆရာတော်နှစ်ပါးကို ပြန်လွှတ်ပေးရေးအတွက် ဟိုဖက်က ဝိုင်းလိုက် ဒီဖက်က ဝိုင်းလိုက်၊ ဒီဖက်က စုလိုက်ဆိုတဲ့ ကာလမှာ လူထုကို သူတို့ လုံထိန်းတွေနဲ့ တပ်ကနေပြီးတော့ သေနတ်မိုးပေါ်ထောင်ပြီးတော့ ခွဲတယ်။ လူထု နောက်ဆုတ်တယ်။ (၃၃) လမ်းအထိအောင် သူတို့ရောက်သွားတယ်။ ကျနော်တို့ ဦးလှသိန်းဗိမာန်ဆိုတာ မန္တလေး (၈၅) လမ်း၊ (၃၅) လမ်းဒေါင့်မှာရှိပါတယ်။ အဲဒီကနေပြီးတော့ (၃၄) ကနေပြီးတော့ (၃၃) လမ်း ဟိုဖက်ကိုလဲပဲ (၈၄) လမ်းအထိအောင်ကို လမ်းကြောတွေ ပိတ်လိုက်တာပေ့ါ။ အဲတော့ လေးနာရီခွဲလောက်ရှိတော့ ခေါ်သွားတဲ့ ဆရာတော်နှစ်ပါးကို ပြန်လွှတ်လာတာ မတွေ့သေးပါဘူး။ သို့သော် နောက်ဆုံးသတင်းကိုတော့ ကျနော်တို့ မသိသေးပါဘူး။”

မန္တလေးမြို့ခံတဦး ပြောသွားခြင်းပါ။ ထူးဆန်းသည်မှာ မန္တလေးကို စစ်ကားများနှင့်တင်ပြီး ထောင်သားများကို ပို့ဆောင်လာနေခြင်းဟု သိရပါသည်။ ၎င်းအကြောင်းကိုလဲ မန္တလေးသား နောက်တဦးမှ

“အဲဒီ (၃၅) လမ်းပေါ်မှာ ထရပ်ကားနှစ်စီးနဲ့ဗျ။ သူ့စစ်ကားပေ့ါနော်။ စစ်ကားနှစ်စီးနဲ့ အဲဒီမှာ ရှေ့ကနေ မောင်းလာတယ်။ ကျနော်က လူတွေဖမ်းလာတယ်မှတ်တာ ဘေးပတ်ဝန်းကျင်က အဲဒါထောင်သားတွေတဲ့ အဲ လူတွေ ဝုတ်တုတ်တွေနဲ့ဗျ။ စစ်သားတွေ ပါတယ်ဗျ။ အဲဒါတော့ အနောက်အတိုင်း ဆင်းသွားတာ တွေ့တယ်။ (၃၅) လမ်းဖက်၊ (၈၂) လမ်း၊ (၈၃) လမ်းလောက်မှာ တွေ့တယ် ကျနော်က အဲဒါ ဖမ်းလာတာလားလို့ ဆန္ဒပြတဲ့သူတွေ၊ မဟုတ်ဘူးတဲ့ ထောင်သားတွေတဲ့ ကျနော်လဲ လှမ်းကြည့်လိုက်တော့ ဟုတ်တယ် အကုန်လုံး အဖြူဝတ်စုံတွေနဲ့ အဲဒါတော့ သူတို့ ဘာရည်ရွယ်ချက် ဘာလုပ်တာလဲတော့ မသိဘူး။ ”

**အစသို့**

---

## ဖမ်းဆီးထားသည့် သံဃာတော်များကို သိက္ခာချလူဝတ်လဲဖို့ အဓမ္မစီစဉ်

*၂၉ စက်တင်ဘာ ၂၀၀၇*

စစ်တပ်ကဖမ်းဆီးလိုက်သည့် သံဃာတော်များအနက် အပါး (၃၀၀) ခန့်ကို အင်းစိန် ဂျီတီအိုင်ဝင်း ဘေးက ဂိုဒေါင်တခုထဲတွင် ထိန်းသိမ်းထားပြီး သိက္ခာချလူဝတ်လဲရန် လုပ်ဆောင်နေသည်ဟု ရန် ကုန်မြို့ခံများမှ ပြောပါသည်။ ငြိမ်းချမ်းစွာ ကြွချီမေတ္တာပို့သည့် သံဃာတော်များနှင့် ပြည်သူများအား စစ်သားနှင့် လုံထိန်းရဲများမှ စက်တင်ဘာ (၂၆)၊ (၂၇) ရက်တွင် သေနတ်နှင့်ပစ်ခတ် အကြမ်းဖက်ပြီးနောက် ယခုလိုဆက်လုပ်နေခြင်းဖြစ်ပါသည်။ ဖမ်းဆီးထားသည့်သံဃာတော်များကို စစ်တပ်က အဓမ္မအတင်းအကြပ် သိက္ခာချလူဝတ်လဲရန် ကြိုး စားသော်လည်း မအောင်မြင်သေးကြောင်း အင်းစိန်မြို့နယ်ရှိ သံဃာတော်တပါးမှ အသိပေးမိန့်ကြားကြောင်း ရန်ကုန်မြို့ခံတဦးမှ ပြောပါသည်။

“အဲဒီမှာဖမ်းထားတဲ့ ဘုန်းကြီးတွေကို အင်းစိန်မြို့နယ်သံဃမဟာနာယကဆရာတော်ကို ခေါ်ပြီး တော့ သိက္ခာချခိုင်းတယ်။ သိက္ခာချဖို့အတွက် ဘုရားစာတိုင်တည်ပေးတာကို အဖမ်းခံရတဲ့ ရဟန်း တွေက တလုံးတပါဒမှ မရွတ်ဆိုလိုက်ရပဲ အဲဒီ သံဃမဟာ နာယကဆရာတော်ကြီးက ဝိနည်းတော် အရ သိက္ခာချ ဖို့ သိက္ခာချလို့ မဖြစ်နိုင်ပါဘူးဆိုပြီးတော့ ငြင်းဆန်ပြီးထွက်ခဲ့တယ်။”

သံဃာတော်များကို ထိန်းသိမ်းထားသည့် ဂိုဒေါင်ကြီးတွင် အခုရက်ပိုင်းအတွင်း ရေပိုက်သွားပြင်တဲ့ စည်–ပင်ဝန်ထမ်းများမှ ထိန်းသိမ်းထားတဲ့သံဃာတော် (၃၀၀) ခန့်ကိုတွေ့ခဲ့ရကြောင်း ဝန်ထမ်း တွေရဲ့ ဆွေမျိုးအသိုင်းအဝိုင်းများထံမှ သိရပါသည်။

“အပါး (၃၀၀) ကျော်လောက်ရှိတယ်တဲ့။ သူတို့ရေပိုက်သွားဆင်တဲ့အခါမှာ ယူနီဖောင်းတွေ မဝတ် ရဘူး။ အရပ်ဝတ်တွေနဲ့ဝင်တယ်။ ဝင်သွားတဲ့အခါမှာ ခေါင်းထောင်ကြည့်တဲ့ဘုန်းကြီးကို စစ်သားတ ယောက်က စစ်ခါးပတ်နဲ့ လှမ်းရိုက်လိုက်တာမြင်ရတယ်တဲ့။”

သံဃာတော်များကို ဖမ်းဆီးခေါ်ဆောင်သွားသည့် စစ်ယာဉ်တန်းအဖြတ်တွင် ထိတ်လန့်ပြီးယောင် မှား ကားဟွန်းတီးမိတဲ့ လူတယောက်ကိုလည်း စစ်သားများ ကားရပ်ပြီး ဆွဲခေါ်သွားသည်ဟု မျက်မြင်များမှ ပြောပါသည်။ ခြေထောက်မှာဒဏ်ရာရထားသည့် သံဃာတော်တပါးကို စစ်သားများမှ စက်တင်ဘာ (၂၇) ရက်မှာ ရန်ကုန်ဆေးရုံကြီးကို လာပို့သည်ဟု ဆေးရုံကြီးနှင့်နီးစပ်သူတဦးမှ ပြောပါသည်။

“စစ်တပ်က သင်္ကန်းမချွတ်ရင် ဆေးမကုပေးပါနဲ့လို့ ဆရာဝန်တွေကိုမှာသွားတယ်။ ... အဲဒီကိုယ် တော်ကလည်း သင်္ကန်း ချွတ်ရမယ်ဆိုရင် ဒဏ်ရာနဲ့အသေခံပါမယ်လို့ပြောပါတယ်။”

ဆေးရုံဝန်ထမ်းများမှ ကျန်းမာရေးဒု–ဝန်ကြီးဒေါက်တာမြဦးကို အစီရင်ခံ အကူအညီတောင်းမှပဲ ဒု–ဝန်ကြီးရဲ့ခွင့်ပြုချက်နှင့် ဆေးကုသခွင့်ရခဲ့သည်ဟု စုံစမ်းသိရှိရပါသည်။ ရန်ကုန်ဆေးရုံကြီးအဝင်အထွက်ပေါက်များ အထူးသဖြင့် အရေးပေါ်ဂိတ်ပေါက်တွင်

စစ်သားများမှ ပိတ်ဆို့စစ်ဆေးနေပြီး လူနာစောင့်များကအစ တင်းတင်းကျပ်ကျပ်စစ်ဆေးနေခြင်း များတွေ့ရကြောင်းကိုလည်း ရန်ကုန်မြို့ခံများမှ ပြောပါသည်။

**အစသို့**